
www.burmeseclassic.com

# မောင်လှမျိုး

(ချစ်ချောင်းရှိ)

နှောင်ကြိုးမဲ့ပျံသန်းလာသော
အချစ်ငှက်တစ်ကောင်




BURMESE CLASSIC

DESIGN MINN MYINT KHAING

www.burmeseclassic.com

www.burmeseclassic.com



# မောင်လှမျိုး

## နှောင်ကြိုးမဲ့ပျံ့သန်းလာ[illegible] အချစ်ငှက်တစ်ကောင် [illegible]


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ❖ | ၇၀၉/၂၀၀၂ (၇) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❖ | ၈၁၆/၂၀၀၂ (၉) |
| မျက်နှာဖုံးပုံနှိပ်သူ | ❖ | ဦးကျော်စိန် (၀၂၉၀၉)<br>ကျောက်စိမ်းအော့ဖ်ဆက်<br>၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | ❖ | ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀)<br>ကလျာပုံနှိပ်တိုက်<br>အမှတ်(၁၅၂)၊<br>ကျွန်းရွှေမြိုင်လမ်း၊<br>သက်နိုးကျွန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ❖ | ဦးကျော်ဆန်း (၀၉၃၂)<br>ရဲအောင်စာပေတိုက်<br>အမှတ် (၂)၊ ချွန်း (၁) လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |


www.burmeseclassic.com

www.burmeseclassic.com

စိန်သရဖူ

ဂျာနယ်

အမှတ် ၇၂၊ ပထမထပ်၊
၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

...ခြင်း ❖ ပထမအကြိမ်
...က်ဝေသည့်လ ❖ ၂၀၀၂–ခုနှစ်၊ အောက်တိုဘာလ
...ရေ ❖ ၅၀၀
...ဖိုး ❖ ၃၀ ကျပ်

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှတိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

www.burmeseclassic.com

www.burmeseclassic.com



အလွမ်းတွေ ပေကျံနေပါလျက်
မင်း... မြင်သာ သနားဖို့
မျက်ရည်စကြဲပြလိုက်ရမှာ
ကိုယ့်ကိုယ်ကို သနားတယ်..။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့များ၊
ကမ္ဘာပေါ်မှာရှိတဲ့ လူတွေအားလုံးဟာ၊
သူတို့ရဲ့ အတ္တတွေကို အတ္တတစ်ခုတည်းဖြစ်အောင်၊
ဖန်တီးနိုင်ကြရင်၊
ကျွန်တော်တို့နေထိုင်တဲ့ကမ္ဘာလုံးကြီးဟာ
ကလေးကစားတဲ့ ဘောလုံးလေးတစ်လုံးလို၊
ချစ်စရာကောင်းသွားမယ်။



www.burmeseclassic.com

www.burmeseclassic.com

[၁]

ကမ္ဘာလောကတွင်၊ ကျွန်တော်မမြင်တွေ့လိုသော အရာများ [illegible]ျက်ရည်စက်များဖြစ်၏။ လူ(သတ္တဝါ)တို့၏ မျက်ဝန်းတိုင်းတွင်၊ [illegible]ျက်ရည်စက်များ ကင်းစင်စေချင်သည်။

မျက်ရည်စက်တိုင်းကို ပေါက်ကွဲနေသော မီးတောင်မှ ပြင်းပြ [illegible]ိုးထွက်လာသော ချော်ရည်ပူများ...ဟု၊ ကျွန်တော် တွေးမြင် [illegible]ားရပါသည်။

ဝတ္ထုဖတ်သည့်အခါတိုင်းတွင် မျက်ရည်မပါသော ဝတ္ထုကို [illegible] ဖတ်ချင်သည်။ ပူဆွေးဝမ်းနည်းစရာ စာဝါကျတို့ကို ကြုံတွေ့ရပြီ [illegible] ထိုစာဝါကျတို့ဖြင့်ဖွဲ့စည်းထားသော ဝတ္ထုစာအုပ်ကို ကျွန်တော် [illegible]င်သာစွာ ဖယ်ခွာခဲ့ရသည်။

ရုပ်ရှင်ကြည့်သည့်အခါများတွင် မျက်ရည်စ၊ မျက်ရည်စက်၊ [illegible]ျက်ရည်ဝေ့၊ မျက်ရည်ပေါက်တို့ကို ကြည့်မြင်ရပြီဆိုသည်နှင့် ထို

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ဇာတ်ကားနှင့် ဝေးရာသို့ ကျွန်တော် လေးပင်စွာ ရှောင်ခွာခဲ့လေသည်။

သီချင်းဆိုသံများတွင်လည်း မျက်ရည်ဟူသော ဝေါဟာရ ရှိက်သံနွယ်သော ဂီတသံစဉ်တို့ကို ကြားရပြီဆိုလျှင် ထိုမျက်ရည်ဂီတသံနှင့် ဝေးလွန်းရာသို့ တိမ်းဖယ်ရှောင်ခွာမိသည်ချည်းဖြစ်၏။

ကလေးငယ်များကိုလည်း မငိုစေချင်ပါ။ ငိုနေသောကလေးတို့ကို တွေ့ကြုံရလျှင် ထိုကလေး အငိုတိတ်စေရန် ကျွန်တော် ဝင်ရောက်ချော့မော့ခဲ့သည်တော့ပါသည်။ လူတိုင်း…လူတိုင်းကို မငိုစေချင်ပါ။ အိမ်တိုင်းအိမ်တိုင်း မငိုစေချင်ပါ။ နိုင်ငံနှင့်အဝှမ်း ကမ္ဘာနှင့်အဝှမ်း စကြဝဠာတစ်ခွင်လုံးကို မငိုစေချင်ပါ။

●

ဟာသဓာတ်ခံရှိသဖြင့်၊ ရယ်မောပျော်ရွှင်စရာတို့ကိုသာ နှစ်သက်ခံစားလိုခြင်းမျိုးလည်း မဟုတ်ပါ။ ထို့အတူ မျက်ရည်ဟူသော ဝေါဟာရကိုလည်း အမုန်းကြီးမုန်း၊ အရွံကြီးရွံ၊ အကြောက်ကြီး ကြောက်နေခြင်းမျိုးလည်း မဟုတ်ပါ။

ဘဝ၏ နာကျင်ခံစားခဲ့ရသော ဒဏ်ရာများစွာမှ ပေါက်ဖွား လာရသည့် နှလုံးသား၏ စာနာစိတ်ကြောင့်သာ မျက်ရည်ဝက်ပါမှ အားလုံးကို လွတ်ကင်းစေလိုခြင်း ဖြစ်ပါသည်။

လူ့လောက၏ ဖြစ်မြဲအမှန်ကိစ္စရပ်ဖြစ်သော ဗျာပနများ၌ ကျရစ်သူတို့၏ ကြေကွဲဆို့နင့် အော်ဟစ်ငိုကြွေးသံတို့သည် ကျွန်တော့်



ရင်တွင်း၌ မီးတောင်ပေါက်ကွဲသံ၊ လျှပ်လှုပ်သံ၊ တော်လဲသံ၊ ကမ္ဘာပြိုသံများဟု ခံစားရသည်။ ထို့ကြောင့်…ထိုငိုသံတို့နှင့် ကင်းဝေးရာတွင်သာ ကျွန်တော် နေချင်ခဲ့မိသည်။ လောကဓံတရား၏ အရိုက်အပုတ်၊ အကန်အကြောက်တို့ကြောင့် မပြေလည်မချောမွေ့သည့် မိသားစုတို့၏ ငိုသံတိုင်းသည်၊ ကျွန်တော့်နှလုံးသည်းစိုင်အတွင်း၌ ပင့်သက်ရှိုက်မောစွာ နင့်နာစေရသည်။ မှန်တိုင်း…လေမွှေ…မိုးကြိုး တို့၏ စက်ကွင်းပြင်းအား။

ထို့ကြောင့် မျက်ရည်၏လိုက်စားဒဏ်ကို ကျွန်တော် လွန်စွာ ရွံ့ကြောက်ခဲ့ရသည်။ ကျွန်တော်သည် လူငယ်တစ်ဦးဟု ဆိုပါတော့။ ထိုလူငယ်သည် နှစ်ကာလများစွာ မျက်ရည်မြစ်ကြောင်းအတိုင်း လူးလွင့်မျောပါခဲ့ရသူ၊ မျက်ရည်ကမ်းစပ်တို့ကို မြင်တွေ့ ကြုံဆုံခဲ့ရသူဟု ဆိုချင်သည်။

●

ကိုယ့်ကိုယ်ကို လူမှန်းသိစကတည်းက ကျွန်တော် မငိုဖူးခဲ့ပါ။ ကျွန်တော် မျက်ရည်မကျခဲ့ပါ။ မျက်ရည်ဟူသည့်အရာ ကျွန်တော့် မျက်လုံးထဲသို့ ဝေ့လာပြီဆိုလျှင် ဘယ်သောအခါမှ မျက်ခမ်း ကမ်းစပ်ကို ကျော်လွန်ပြီး ပါးပြင်ပေါ်သို့ ပြိုကျခွင့်မျိုး မပေးခဲ့ပါ။

ဝမ်းနည်းလွန်း၍ မျက်ရည်ဝဲရပြီဆိုလျှင်လည်း အသွား အချင်းချင်း ဖိကြိတ်လျက်လည်းကောင်း၊ ကိုယ့်ကိုယ်ကို နာကျင်အောင် တစ်ခုခုပြုမူလျက်လည်းကောင်း၊ နောက်ဆုံး…မျက်တောင်

www.burmeseclassic.com

www.burmeseclassic.com



များကို ပုတ်ခတ် ပုတ်ခတ်လုပ်လျက်လည်းကောင်း၊ မျက်ရည်များ ပွားများမလာအောင် ကျွန်တော် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်သည်။

ကိုယ်တိုင် မငိုခဲ့သော်လည်း...

ငိုကြွေးခြင်း မျက်ရည်စများအကြား၌ ကျွန်တော် ကြီးပြင်းခဲ့သူ ဖြစ်သည်။

ထို့ကြောင့် မျက်ရည်များ၏ မျက်ကွယ်ရာတွင် ကျွန်တော် နေချင်သည်။

မျက်ရည်နှင့် မည်မျှရင်းနှီးခဲ့သလဲဆိုလျှင်...

ရယ်မောပျော်ရွှင်စရာတို့နှင့် တွေ့ဆုံပျော်ပါးရမည်ဆိုလျှင်ပင် ကျွန်တော့်မှာ အရယ်အမော နည်းပါးခဲ့ရသည်အထိ၊ အပျော်အရွှင်ခန်းခြောက်ခဲ့ရသည်အထိ မျက်ရည်တို့၏ ရှုပ်တိုက်ခြင်းကို ခံစားကြုံတွေ့ခဲ့ရသူဖြစ်သည်။ မျက်ရည်ဟူသည့် ဝေါဟာရကို ရှုံ့မှန်နေခြင်း မဟုတ်ပါ။ ကမ္ဘာလောက လူ့တဝဝိုင်းအတွက် မျက်ရည်ရက်များ ကုန်ဆုံးစေလိုခြင်းသက်သက်သာ ဖြစ်ပါသည်။ မိုးရွာလွန်းသည်ကိုပင် တစ်ခါတစ်ရံ ကောင်းကင်ကြီး ငိုကြွေးသည်ဟု စိုးစိတ်ဖြင့် ခံစားရင်ထိတ်ခဲ့ရသူ၊ ကျွန်တော်ဖြစ်၏။

မြတ်မွန်မွန်ဟုခေါ်သော ကောင်မလေးတစ်ယောက်၊ သစ်ပုတ်ပင်အောက်ရှိ ခုံတန်းပေါ်တွင် ငိုရှိုက်နေသည်ကို ခပ်လှမ်းလှမ်းမှ ကျွန်တော်မြင်ရသည်။ သူ့ကို မြင်လျှင်မြင်ချင်း ကျွန်တော် ခြေလှမ်း



မတုံ့ဖြစ်။ တစ်ချက်မျှသာ ငဲ့ကြည့်မိခဲ့သည်။

ငဲ့ကြည့်မိစဉ် သူ ငိုနေသည်ကို သိမြင်လိုက်ရသောအခါ ကျွန်တော့်ခြေလှမ်းတွေ ရှေ့သို့ဆက်၍ မလှမ်းဖြစ်တော့ချေ။ ခြေအစုံရပ်လျက် သေသေချာချာ လှမ်းကြည့်နေဖြစ်တော့၏။ ကျွန်တော်နှင့်အတူတူ လျှောက်လာသော ကျွန်တော့်သူငယ်ချင်း ဘိုဘိုအောင်က...

"ဘာလုပ်မလို့လဲကွာ...။ လာပါ... ကန်တင်း(န်) သွားမယ်"

ကျွန်တော် ဦးခေါင်းကို ညင်သာစွာ ခါယမ်းပြလိုက်သည်။

"ဘာလဲ မင်းက အဝိုတိတ်အောင် သွားချော့မလို့လား။ ဟိုမှာ သူ့ သူငယ်ချင်းတွေ သူ့အနားမှာ ရှိတာပဲ၊ သူတို့ ချော့နေကြတယ်။ လာပါ၊ မင်းနဲ့ ဘာမှမဆိုင်ဘူး"

စကားလုံးတွေကို ကြားသိသော်လည်း ကျွန်တော် မလှုပ်မယှက်။ ဘိုဘိုအောင်က...

"ဘာလဲ၊ မျက်ရည်တွေ မြင်ရလို့ မင်း မနေတတ်ပြန်ဘူးလား"

"ဟုတ်တယ်၊ ငါ မနေတတ်ဘူး"

"မင်းရဲ့ စိတ္တဇကြီးကို ဖျောက်စမ်းပါကွာ၊ လောကကြီးမှာ ငိုတဲ့သူတွေရှိကြသလို ရယ်မောပျော်ရွှင်နေတဲ့သူတွေလည်း ရှိနေကြတာပဲ၊ သူ့အကြောင်းနဲ့သူပေါ့ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဘိုဘိုအောင့်ဘက်သို့ ကျွန်တော် ငဲ့မကြည့်ဘဲ…

"ဒါတော့ ဒါပေါ့ကွာ။ ဒါပေမဲ့ မင်း သေသေချာချာ စဉ်းစားကြည့်စမ်းပါ။ အဲဒီ မြတ်မွန်မွန် ဆိုတဲ့ ကောင်မလေးက မိန်းကလေး။ သူ ရှက်တတ်မှာပေါ့။

အခု မရှက်မကြောက်ဘဲ ဒီကျောင်းထဲမှာ ငိုနေတာ တော်ရုံတန်ရုံကိစ္စကြောင့်တော့ မဖြစ်နိုင်ဘူး။ ဘာကြောင့် ငိုနေတာလဲ…လို့ ငါ မေးခွင့်မရပေမဲ့ ဘာကြောင့်ပဲငိုငို အငိုတိတ်အောင်တော့ ငါ ကူညီချင်တယ်ကွာ"

ဘိုဘိုအောင် ကျွန်တော့် ပခုံးပေါ်သို့ လက်တင်လျက်…

"မဟုတ်သေးဘူး လှိုင်မျိုး။ မင်းနဲ့သူနဲ့ ရင်းမှ မရင်းနှီးတာ။ မင်း သူ့ကို တွေ့ဖူးမြင်ဖူးနေပေမဲ့ မင်းကို သူ မျက်မှန်းတန်းမိဦးမှာမှ မဟုတ်ဘဲ။

မင်းက သူ့ကို မြတ်မွန်မွန်လို့ သတိထားမိရုံပဲ ရှိသေးတယ်လေ၊ မင်း ဘယ်လိုလုပ် သွားကူညီသင့်ပါ့မလဲ"

ကျွန်တော် ဘိုဘိုအောင့်ကို ငဲ့ကြည့်လိုက်သည်။ မြတ်မွန်မွန် ထိုင်ခုံနေရာအပေါ်တည့်တည့်ရှိသစ်ပုတ်ပင်ကြီးကို လက်ညှိုးထိုးပြီး…

"အဲဒီသစ်ပုတ်ပင်ကြီးအောက်မှာ ငိုနေတာ တခြားကျောင်းသူတစ်ယောက် ဒါမှမဟုတ် တခြားကျောင်းသားတစ်ယောက်ဆိုရင်လည်း… ငါ





အခုလို ခြေစုံရပ်ပြီး တစ်ခုခုကူညီဖို့ စဉ်းစားနေမှာပဲ ဘိုဘိုအောင်။

မြတ်မွန်မွန် ငိုနေရှာတဲ့ မျက်ရည်စက်တွေကို ဖယ်သုတ်ပေးချင်တာ မဟုတ်ဘူး၊ ငါ့မျက်စိရှေ့နားက မျက်ရည်စက်တိုင်းကို ငါ မမြင်တွေ့ချင်တာ"

"မှန်တယ် လှိုင်မျိုး၊ ဒါပေမဲ့ အဲဒါ မင်းရဲ့ပုဂ္ဂလဆန္ဒ။ မင်းဆန္ဒအတိုင်း မင်းဆောင်ရွက်ဖို့ ဖြစ်ပျက်နေသူတွေဟာ မင်း မဟုတ်ဘူးလေ၊ မင်း ဘယ်လိုလုပ်မလဲ၊ အခု လောလောဆယ်ပဲ မြတ်မွန်မွန်ရဲ့ မျက်ရည်တွေကို မင်းမမြင်ရအောင် မင်း ဘယ်လိုလုပ်ချင်လို့လဲ၊ ဘယ်လိုလုပ်ပေးနိုင်မှာလဲ"

ပခုံးပေါ်တွင် လွှယ်ထားသော လွယ်အိတ်ထဲသို့ ကျွန်တော် …က်နှိုက်လိုက်သည်။ ဘိုဘိုအောင်က…

"ငါ အကြံပေးချင်တာကတော့ မင်းရဲ့မြင်ကွင်းထဲက မျက်ရည်စက်တိုင်းကို မင်း မမြင်ရဖို့ မင်း မျက်နှာလွှဲနေလိုက်တာ အကောင်းဆုံးပဲ ဒါမှမဟုတ် မင်း မျက်စိမှိတ်ထား"

ဘိုဘိုအောင့်စကား အဆုံးမသတ်ခင် သစ်ပုတ်ပင်အောက်ရှိ …ဆီသို့ ကျွန်တော် လှမ်းထွက်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့"

လွယ်အိတ်ထဲမှ ကြည်ပြာရောင် မွေးပွလက်ကိုင်ပဝါကို ထုတ်ယူလိုက်ပြီး မြတ်မွန်မွန်ဟုခေါ်သော ကောင်မလေးကို ကျွန်တော် ပေးလိုက်သည်။

မျက်ရည်လျှံဖိတ်နေသော မျက်လုံးတွင် ဒေါသသေးသေး လေး ရိပ်ခနဲ ဖြတ်ပြေးသွားသကဲ့သို့ မျက်ခုံးတန်းတန်းလေးလည်း အနည်းငယ်မျှ တွန့်ကွေးသွား၏။

သူ့အနီးရှိ ရွယ်တူ ကျောင်းသူနှစ်ယောက်အနက် ဆံပင် ရှည်ရှည်တစ်ယောက်က…

"ဘာလဲ၊ ဘာလာနောက်တာလဲ"

မျက်နှာပိုင်းစက်စက်နှင့် တစ်ယောက်ကပါ၊ စကားထပ်ဖြည့် သည်။

"အေးလေ။ ဒါ နောက်စရာလား"

နှစ်ယောက်စလုံးကို အတည်ကြည်ဆုံးမျက်နှာဖြင့် ကျွန်တော် စိုက်ကြည့်ပစ်လိုက်သည်။ ပြီးနောက် မြတ်မွန်မွန်ကို ငုံ့ကြည့်ရင်း…

"မိန်းကလေးတစ်ယောက် ငိုနေတာကို တကူးတက လာနှောင့်ယှက်တဲ့အထိ ကျွန်တော် မရိုင်းဘူး။ ဘယ်ကျောင်းသားမှလည်း အဲဒီလို ရိုင်းမှာ မဟုတ်ဘူး"

ကျွန်တော့် လေသံမာကျောကျောကြောင့် မြတ်မွန်မွန် ကိုယ်တိုင် မော့ကြည့်လေတော့၏။ သူ့မျက်နှာကို သေသေချာချာ ကြည့်ရင်းဖြင့်…





"ကျွန်တော် အကျဉ်းချုပ်ပြောမယ်၊ ကျွန်တော် ငယ်ငယ်လေးကတည်းကနေ ဒီတက္ကသိုလ် မရောက်ခင်အထိ ကျွန်တော့်ဘဝ ကျွန်တော့် မိသားစုထဲမှာ မျက်ရည်တွေ ပြည့်နေခဲ့ရတယ်။

ကျွန်တော် မျက်ရည်တွေကြားထဲမှာ နေခဲ့ရ တယ်။ အဲဒါကြောင့် ဘယ်သူပဲငိုငို ဘယ်သူ့ မျက်ရည်ပဲဖြစ်ဖြစ် ကျွန်တော် မလိုလားဘူး။ မမြင် ချင်ဘူး၊ ကိုယ်ချင်းစာတယ်၊ အဲဒီတော့…

ဘာကြောင့်ငိုငို ဒီက မျက်ရည်စက်တွေကို ရပ်စေချင်တယ်။ ဘာကြောင့်ငိုတာလဲ ဘာကူညီရ မလဲ ဆိုတာမျိုး ကျွန်တော်လာလုပ်တာ မဟုတ် ဘူး။

ဘာပြဿနာကြောင့်ပဲငိုငို၊ အဲဒီမျက်ရည်တွေ ကို ဒီလက်ကိုင်ပဝါနဲ့ သုတ်လိုက်ပါ"

လက်ကိုင်ပုဝါကို မြတ်မွန်မွန်၏ လွယ်အိတ်ပေါ်သို့ ညင်သာ စွာတင်ပြီး ကျွန်တော် လှမ်းထွက်ခဲ့သည်။ "ဟယ် ခပ်တည်တည်နဲ့ လာပေါက်သွားတယ်"ဟူသော အသံတစ်သံကို ကျောဘက်မှ ကြား လိုက်ရ၏။ လှည့်မကြည့်ဖြစ်…။



www.burmeseclassic.com

www.burmeseclassic.com

## [၂]

"မင်းကိုတော့ အဲဒီ မြတ်မွန်မွန်တို့အုပ်စုက သေသေချာချာ မှတ်မိသွားမှာ အမှန်ပဲ"ဟု ကျော်ဇင်ထွဋ်က ရယ်မောလျက် ပြောသည်။ ဘိုဘိုအောင်က…

"ဒီကောင်လုညှို့ထွက်လာတော့ အဲဒီ မြတ်မွန်မွန်က လက်ကိုင်ပဝါကို ကိုင်ပြီး ကျန်ခဲ့တာကွ"

ကျော်ဇင်ထွဋ်က

"အဲဒီလက်ကိုင်ပဝါနဲ့ မျက်ရည်သုတ်တာရော မြင်လိုက်လား"

"အဲဒါတော့ မမြင်လိုက်ဘူး။ ဒီကောင့်ကိုပဲ ငါကြည့်နေတာ။ ဘာပြဿနာများတက်မလဲဆိုပြီး လန့်နေတာ"

ကျော်ဇင်ထွဋ်က ကျွန်တော့်ပခုံးကို ပုတ်ပြီး…

www.burmeseclassic.com

"မင်းကွာ တကယ်တော်တယ်၊ ကိုယ်ကြိုက်နေတဲ့ ကောင်မလေး ကိုယ့်ကို စိတ်ဝင်တစား မှတ်မိသွားအောင် လုပ်တဲ့နည်းစနစ်ထဲမှာ မင်းရဲ့ နည်းစနစ်က တော်တော်ထိရောက်တဲ့ နည်းစနစ်ပဲ"

ကျွန်တော် ခေါင်းခါသည်။

"ကျော်ဇင်ထွန်း ငါ အဲဒီစိတ်နဲ့ သွားလုပ်လိုက်တာ မဟုတ်ဘူး။

သူနေရာမှာ တခြားသူဆိုရင်လည်း ငါ အဲဒီအတိုင်းပဲ သွားလုပ်မှာ။ မင်းပြောသလိုမျိုး ငါ မရည်ရွယ်ခဲ့ဘူး"

"မရည်ရွယ်ဘူးဆိုတာ ငါတို့လက်ခံပါတယ်၊ ဒါပေမဲ့ အဲဒီ့လိုပုံစံမျိုး ဖြစ်သွားတာကို ငါ ပြောတာပါ"

"မပြောပါနဲ့ကွာ၊ ငါမြတ်မွန်မွန်ကို စိတ်ဝင်စားနေတာက သတ်သတ်၊ သူ့မျက်လုံးထဲက မျက်ရည်တွေကို မမြင်ချင်တာက သတ်သတ်ပါ"

"ဘာပဲဖြစ်ဖြစ်လေ မင်းကို မြတ်မွန်မွန် မှတ်မိသွားမှာတော့ အမှန်ပဲ"ဟု ဘိုဘိုအောင် ဝင်ပြော၏။

"မှတ်မိသွားလည်း မှတ်မိတာပဲ ရှိမှာပါ။ ငါ ဘာမှ ဆက်လုပ်ဖြစ်မှာ မဟုတ်ဘူး"

အင်အားမဲ့စွာ ပြောမိသည့်စကား။





"ဘာဖြစ်လို့ အဲဒီစကား ပြောရတာလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူးကွာ၊ မိန်းကလေး တစ်ယောက် မြတ်နိုးကိုးစားနိုင်လောက်တဲ့ ဘဝ အနေအထားမျိုး ငါ့မှာမှ မရှိတာ"

"မင်းက အားငယ်တတ်တာလား"ဟု ကျော်ဇင်ထွန်း ဝင်မေးသည်။ ကျွန်တော်က...

"အားငယ်တာ မဟုတ်ဘူး။ အားနာတာ။ ငါဖြတ်သန်းလာရတဲ့ဘဝက နည်းနည်းမွန်းကြပ်တယ်။

အဲဒီမွန်းကြပ်တဲ့ ဘဝထဲကလူတစ်ယောက်ကို ဘယ်သူက ထိရဲတို့ရဲမှာလဲ။ဘယ်သူက ပတ်သက်ရဲမှာလဲ။

ရေကြည်ရာမြက်နုရာလေး တစ်ခုခုတော့ မြင်ဖူး ကြုံဖူးချင်တာပေါ့ကွာ။ ဒါပေမဲ့ ငါ့ဘဝရဲ့ အပူရှိန်က အဲဒီရေကြည်ရာ မြက်နုရာလေးကို အပူဟပ်သွားမှာ စိုးရိမ်တယ်၊ အားနာတယ်"

ဘိုဘိုအောင်က...

"မင်းအတွက် ဝန်မလေးဘူးဆိုရင် ငါ တစ်ခုလောက် မေးချင်တယ်"

"မေး"

"မင်း မျက်ရည်ကျခဲ့တာတွေ ဘာတွေကို မမြင်ချင်ဘူး၊ ဘာ...ညာ မင်းပြောဖူးတယ်။

www.burmeseclassic.com



ငါတို့တွေက ဒီတက္ကသိုလ်ရောက်မှ သူငယ်ချင်းဖြစ်ခဲ့ကြတာဆိုတော့ မင်းဘဝကို ငါတို့အတိအကျမသိဘူး။ မေးလည်း မမေးရက်ဘူး။

မင်း တစ်ခွန်းစ နှစ်ခွန်းစ ပြောပြခဲ့တာလေး တွေလောက်ပဲ ငါတို့ကြားရတာ။ အခု ငါတို့ကို မချွင်းမချန် ပြောပြပါလားကွာ''

ကျော်ဇင်ထွဋ်က....

''ဟုတ်တယ် လှိုင်မျိုး။ ငါတို့သုံးယောက် ကျောင်းနေဘက်သူငယ်ချင်းဆိုတာထက် တကယ့် သူငယ်ချင်းတွေ ဖြစ်ချင်တယ်ကွာ။ မင်း...ငါတို့ကို ပွင့်လင်းပစ်လိုက်ပါလား''

ကျွန်တော် ငြိမ်သက်သွားရသည်။

''ပြောပြဖို့ ငါ ဝန်မလေးပါဘူးကွာ၊ ဒါပေမဲ့ ပြောရင်းနဲ့ ငါ မျက်ရည်မကျချင်ဘူး။ ဘယ်တုန်းကမှလည်း ငါ မျက်ရည် မကျခဲ့ဘူး။

ကျမယ့်မျက်ရည်ကို ထိန်းပြီးပြောရမှာဆိုတော့ ငါ့ ရင်ထဲမှာ နင့်နေမှာကွ''

''မင်းအကြောင်းလို့ သဘောမထားဘဲနဲ့ မျက်ရည်ဆိုတာကို မမြင်[illegible]တော့တဲ့ တခြားလူ တစ်ယောက်ရဲ့ အကြောင်းလို့ သဘောထားပြီး ပြောပေါ့ကွ''

ဘိုဘိုအောင်က...



''မင်းက မျက်ရည်မကျဖူးဘူးဆိုတာမျက်ရည် ကျစရာတွေကို မကြုံခဲ့တာလား။ ဒါမှမဟုတ် မျက်ရည်မကျအောင် ထိန်းခဲ့တာလား''

''မျက်ရည်မကျအောင် ထိန်းခဲ့တာ''ဟု ရင်နင့်စွာ ကျွန်တော် ပြောလိုက်သည်။

''ဘာဖြစ်လို့ ထိန်းခဲ့တာလဲ၊ မျက်ရည်ကျခွင့် မရလို့လား''

''ကျခွင့်မရတာ မဟုတ်ဘူးကွ၊ မကျတာတော့တာ။

ကလေး သေးသေးလေးအရွယ်တုန်းကတော့ ငိုခဲ့ဖူးမှာပေါ့။ လူမှန်းသိစအရွယ်မှာ ငါ ငိုစရာတွေနဲ့ တွေ့နေရပြီကွ။

ဒါပေမဲ့ ငါ့အဖေက မျက်ရည်ကျတာမကြိုက်ဘူး။ ယောကျ်ားဆိုတာ မျက်ရည်မကျရဘူးတဲ့။

အဖေ့စကားကို ငါ နားထောင်ပစ်လိုက်တယ်။ နောက်တော့ ငိုချင်စရာတွေ့ရင်တောင် မျက်ရည် ဝေ့ရုံပဲ ဝေ့တော့တယ်။ ပေါက်ခနဲဖြစ်တဲ့အထိ မျက်ရည်မကျတော့ဘူး။ ငိုချင်ရက်နဲ့ မျက်ရည် မကျတော့တဲ့အခါ ရင်ထဲမှာကွာ ပြည့်သိပ်နေတာပဲ။

ဘာပဲဖြစ်ဖြစ် ငါ မင်းတို့ကို ပြောပြပါ့မယ်။ တစ်ခုတော့ ကြိုပြောထားမယ်ကွာ၊ ငါက ငါ့အဖေ

www.burmeseclassic.com

www.burmeseclassic.com



ကို အရမ်းချစ်တယ်ကွ။

အရမ်းချစ်တဲ့အခါကျတော့ အဖေမှားရင် တောင် တစ်ယောက်ယောက်က မှားတယ်လို့ ဝေဖန်တာ ငါ မခံနိုင်ဘူး။

အဲဒီတော့ မင်းတို့နှစ်ယောက်လည်း ငါ ပြောပြတာတွေကို နားထောင်ရင်း ငါ့အဖေကို လူဆိုးကြီးလို့ မဝေဖန်မိစေချင်ဘူး''

ဘိုဘိုအောင်က…

''အေးပါ မဝေဖန်ပါဘူး''

ကျော်ဇင်ထွန်းက…

''မင်းအဖေက ဘာလုပ်လို့လဲ''

''ငါ့…ငါ့အဖေက အရက်သမားကြီးကွ''

ရင်တွင်း၌ နင့်ခနဲ ဖြစ်သွားရ၏။

(ခွင့်လွှတ်ပါ အဖေ)

မျက်ရည်များနှင့် ငှက်တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com

[၃]

အဖေ အရက်မူးနေပြီဟု သိသဖြင့် အိမ်မှာ အမေနှင့် ညီမလေး နွေးနွေးတို့ မရှိကြတော့ချေ။

ညီမလေးကိုလက်ဆွဲပြီး အိမ်အပြင်ထွက်ဖို့ ခြေလှမ်းပြင်သော အမေ့ကို "ဘယ်သွားကြမလို့လဲ"ဟု အဖေ မေးသေးသည်။ "မမကြည် နေမကောင်းလို့ သွားကြည့်လိုက်ဦးမယ်"ဟု အမေပြောသည်။ "သွား သွား၊ ဘယ်သူမှ မရှိရင် ပိုကောင်းတယ်၊ ငါ့သားနဲ့ ငါ ဒစ်တာတီးပြီး ကျန်ခဲ့မယ်" ဟု အာလေးလျှာလေးအသံဖြင့် ပြောပြီး အဖေ ကျန်ရစ်ခဲ့သည်။

ကျွန်တော်ကတော့ အဖေ အရက်မူးနေချိန်တိုင်း အဖေ့အနားမှ ခွာလေ့မရှိ။ ထို့ကြောင့် အမေက ညီမလေးကိုသာ ခေါ်သွားပြီး ကျွန်တော့်ကို ထားရစ်ခဲ့ခြင်းဖြစ်သည်။ အဖေ အရက်မူးချိန်သည် အိမ်တွင် ငရဲခန်း။ အမေ့ကို စကားမရှိ စကားရှာပြီး ပြောတတ်။

www.burmeseclassic.com



အပြစ်မရှိ အပြစ်ရှာပြီး ရိုက်နှက်၏။ လူကို တစ်ခုခုမလုပ်ဖြစ်လျှင် ပစ္စည်းပစ္စယများကို ရိုက်နှက်ပစ်ခဲ့လေ့ရှိသည်။

ထိုအခါ အမေ့မှာ ပြေးမလွတ်။ ရှောင်မရ။ မျက်ရည်နှင့် မျက်ခွက်။ ညီမလေးနှင့်ကျွန်တော်က တစ်ချောင်ချောင်မှာ ငြိမ်ကုပ်။ ညီမလေးက ကြောက်လန့်ပြီး ငို၊ ကျွန်တော်က မျက်ရည်သုတ်ပေး ချော့မော့။ ကျွန်တော့်မှာ ငိုချိန်မရှိ။

အဖေ စိတ်ကောင်းဝင်ချိန်မှာတော့ ယခုကဲ့သို့ အပြင် ထွက်ပြီး ရှောင်ရှားခွင့်မျိုး အမေနှင့်ညီမလေးတို့ ရကြသည်။ တစ်ခါ တရံ အဖေ နမရောက်ခင်ကတည်းက အမေ့အစ်မ (ကျွန်တော့် ကြီးတော်) ဒေါ်ခင်ကြည်အိမ်သို့ သားအမိနှစ်ယောက် ကြိုတင် ရှောင်ရှားခွင့် ရကြ၏။

အမေ့အစ်မ ဒေါ်ခင်ကြည်အိမ်က ကျွန်တော်တို့အိမ်နှင့် လမ်းတစ်ကွေ့ ခပ်ဝေးဝေးတွင်ရှိ၏။ ထိုအိမ်သို့ အမေနှင့်ညီမလေးတို့ သွားရောက်ရှောင်ရှားလေ့ ရှိကြသော်လည်း ကျွန်တော့်မှာ အဖေ့ကို စိတ်မချသဖြင့် အိမ်တွင်သာ နေခဲ့ရလေသည်။

"ပချုပ်ဆိုင်းသောကောင်းကင်က သန်းဦးစ ခ လို့ကြည့်လိုက်ရင်
ကိုယ့်ရင်မှာ ဘယ်လိုရှိမယ် မင်း သိနိုင်မလားဟင်...
ဖုန်ရီသီဆိုင်းတဲ့က အရက်ခွက်ကို ဆရင် တွေးမိရင်
ကိုယ့်ရင်ဟာ ဘယ်သို့ရောက်မယ် မင်း မှန်းနိုင်မလားဟင်





သခင်လို့တောင် အမည်တပ်ချင် မင်းကလေးကိုလေ...
ရောက်တဲ့အရပ် မင်းရဲ့မျက်နှာ၊ ဒီမြောက်တိုင်း မင်းရဲ့
အကြောင်းသာ စိုးမိုးနိုင်လွန်းတဲ့ အချစ်ပါ၊ ဒါ့ကြောင့်
ကိုယ်ဟာသခင်လို့ခေါ်မယ် အရှင်လို့ ခေါ်မယ်နော်၊ ခေါ်မယ်နော်
...။

ထွက်ခွါပြေးလည်း လွတ်ကို မလွတ်ပါ၊ အနှောင်အယှက်က
ဦးနှောက်ထဲမှာ စွဲနေတဲ့ စွန့်လွှတ်နိုင်လုံးသား ဒါ့ကြောင့်
ကိုယ်ပြန်ခဲ့မယ် ပြန်လှည့်လာမယ်နော်၊ ဘယ်လိုလဲ မင်း
လက်ခံမှာလား၊ မင်း သီးကြိမ်မှာလား၊ မပေတော့ပါဘူး
မဆိုက်တော့ပါဘူး ဆုံးဖြတ်ချက် နှုန်းနှုန်းချက်ရယ် သခင့်ဆီ
အပြေးပြန်လာမည်... ... ...အချစ်ငှက်လေးသီ..."

ထိုသီချင်းကို သီဆိုရသည့်အခါတိုင်း ကျွန်တော် မျက်ရည်ဝဲ မိသည်။ သီချင်းစာသားတို့၏ အနုပညာမြောက်မှုကို သိရှိခံစား တတ်လွန်းသဖြင့် လိုက်လှဲခံစားပြီး မျက်ရည်ဝဲရခြင်း မဟုတ်ပါ။

ထိုသီချင်းကို ကျွန်တော်တီးခတ်သီဆိုရသော အချိန်သည် အဖေအရက်မူးနေသော အချိန်ဖြစ်၏။ ထိုသီချင်းကို အဖေက လွန်စွာ နှစ်သက်ခဲ့သူဖြစ်သည်။ အရက်မူးလျှက် အိမ်ပြန်လာသည့်အခါ လျှာ လေး အာလေးဖြင့် ထိုသီချင်းကို ဆိုညည်းလေ့ရှိသည်။

အဖေက အရက်မူးလျှင် အိမ်၏ပြင်ပသို့ ရောက်တတ် ရာရာ သွားလေ့ရှိပြန်သည်။ အမူးသမားအချင်းချင်းနှင့်လည်းကောင်း၊ အခြားသူတစ်ဦးဦးနှင့်လည်းကောင်း ပြဿနာကြီးငယ် ဖြစ်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်လာလေ့ရှိ၏။ အမူးမလွန်သည့်အခါ သူတစ်ပါးကို အဖေ ရိုက်နှက်လာနိုင်ပြီး အမူးလွန်သည့်အခါ သူတစ်ပါး၏ အရိုက်အနက်အထိုးအကြိတ်တို့ကို ခံခဲ့ရလေသည်။ တစ်ခါတစ်ရံ သွေးသံရဲရဲဖြင့်ပင် ပြန်ရောက်လာတတ်၏။

အိမ်မှာဆိုလျှင် အမေ့ကို ပြဿနာရှာသည်။ အပြင်မှာဆိုလျှင် တွေ့သည့်သူကို ပြဿနာရှာသည်၊ ကိုယ့်အိမ်ကိုယ် ပြဿနာရှာတာ ကိစ္စမရှိ၊ ခံနိုင်ရည်မရှိကြလျှင်တောင် ကြိတ်မှိတ် ခံစားနိုင်ကြသည်။ တခြားသူ တခြားနေရာမှာ ပြဿနာရှာမည်ဆိုလျှင် မည်သူမျှ သည်းခံကြမည် မဟုတ်ချေ။

အဖေ အရက်မူးနေလျက်က အိမ်အပြင်သို့ ထွက်သွားတော့မည်ဆိုလျှင် အဖေ့ကို မည်သူမျှ မတားဝံ့။ ထိုသို့ မူးယစ်လျက် အပြင်သို့ထွက်သွားသည့်အခါတိုင်း အမေနှင့် ကျွန်တော်တို့ မောင်နှမနှစ်ယောက်မှာ အဖေပြန်ရောက်မလာမချင်း ရင်တမမနှင့် စောင့်မျှော်နေခဲ့ကြရလေသည်။

အရက်မူးနေသော အဖေ့ကို အိမ်အပြင် မထွက်စေလိုပါက အဖေ့ကို ခြေငြိမ်သွားစေသည့် နည်းတစ်နည်း ကျွန်တော့်မှာ ရှိ၏။ အဲဒါကတော့၊ အဖေ့ ခပ်လှမ်းလှမ်းတွင် ကျွန်တော် ဂစ်တာထိုင်တီးလိုက်ခြင်းပဲဖြစ်၏။ ဂစ်တာကြိုးညှိသံ တစ်ဒေါင်ဒေါင် ပေးလိုက်ပြီဆိုလျှင် အိမ်အပြင်သို့ မသွားရုံသာမက အဖေ မူးနေသည်ကို





ကြောက်လန့်နေကြရသည့် အမေနှင့်ညီမလေးတို့ အိမ်အပြင်သွားမည့်ခြလှမ်းတွေကိုပင် အဖေ လစ်လျူရှုနိုင်စွမ်းလေသည်။

အဖေက ဂီတကို နှစ်သက်တပ်မက်သူတော့ မဟုတ်ပါ။ သို့သော် ''သခင့်ဆီအပြေးပြန်လာမည်''ဟူသော သီချင်းထဲက ဗျစ်ရည်ဆိုင်ထဲက အရက်ခွက်ကို ဆရင်း တွေးမိရင်''ဟူသည့် သီချင်းစာသားကို ကျွန်တော်သီဆိုစဉ်တိုင်း အဖေ ပြုံးလျက် ရီဝေစွာကြည့်တတ်ပါသည်။

ထို့ကြောင့် အဖေ အရက်မူးသည့်အခါတိုင်း ကျွန်တော် သီချင်းကို အဖေကြားအောင် သီဆိုဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်တော် မသီဆိုမိသေးပါက....

''ဟောကောင် လှိုင်မျိုး။ သား။ အဖေ့ကို ဟိုသီချင်းဆိုပြစမ်း။ ဗျစ်ရည်ဆိုင်ထဲက ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုတဲ့ သီချင်း...''

ထိုသို့ဖြင့် အိမ်တွင် အဖေ ပြဿနာမရှာခင် ကျွန်တော် ဂစ်တာသံပေးသည်။ အမေနှင့် ညီမလေးကို ကြိုတင်ရှောင်နိုင်းလိုက်သည်။ အဖေ မူးယစ်နေသည့်အချိန်အခါတိုင်း...

ကျွန်တော့်မှာ အမှန်တကယ် ဂစ်တာတီးလိုစိတ်မရှိ၊ အရက်မူးနေသူ ဖခင်၏ အဖြစ်ဆိုးကို ငေးကြည့်တွေးမြင်ရင်း ရင်ထဲမှာကြေကွဲနေရသူဖြစ်သည်။ ထို့ပြင် လမ်းဘေးမှာ မူးလဲနေတာထက်စာရင် အိမ်မှာရှိနေတာက တော်ပါသေးရဲ့ဟုတွေးပြီး ရင်နင့်နာစွာဖြင့် မဆိုချင်သော သီချင်းကို သီဆိုလျက်၊ မတီးချင်သော ဂစ်တာကို တီးခတ်လျက်၊ အဖေ့ကို ဖျော်ဖြေနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင် ဆက်ဆိုလေ၊ မင်းက ဘာဖြစ်လို့ မျက်ရည်ဝဲနေရတာလဲ။ ခွေးမသား…။
သုတ်ပစ်စမ်း။ အဲဒီမျက်ရည်တွေကို။ သုတ်၊ အခုသုတ်ပစ်…”

ပါးပြင်ပေါ်သို့ စီးကျမလာသေးသော မျက်ရည်တွေကို အဖေ တွေ့မြင်သွား၏။ ဂစ်တာအတီးရပ်ကာ ကျွန်တော် မျက်ရည် သုတ်ဟန် ပြုရသည်။

“နေစမ်းပါဦး။ မင်းက…ဘာဖြစ်လို့ မျက်ရည်ဝဲရတာလဲ”

“သီချင်းက ကောင်းလွန်းလို့ ခံစားပြီး ဆိုလိုက်မိတာပါ အဖေရာ”ဟု နှုတ်တွေ့ရာ ပြောလိုက်သည်။

အဖေ မဲ့ပြုံးပြုံး၏။

“ဟော့ကောင်၊ မင်းကို ငါ…တစ်ခါမှ မဆုံးမဖူးဘူး၊ ဒီတစ်ခါ ဆုံးမမယ်။ တစ်သက်လုံး နားထောင်”

ထိုစကားကြောင့် မျက်ရည်တွေ ဝေ့ခနဲ တက်လာရပြန်သည်။ အဖေ သတိမထားမိခင် မျက်တောင်တွေကို ပုတ်ခတ်ပစ်လိုက်၏။

**“ဘာကြောင့်ပဲဖြစ်ဖြစ် ဘယ်တော့ပဲဖြစ်ဖြစ် ယောကျ်ားဆိုတာ မျက်ရည်မကျရဘူးကွ၊ နားလည်လား”**

“ဟုတ်ကဲ့”





“အေး။ ဆက်ဆို။ သီချင်းကို ဆက်ဆိုလေကွာ။ ဂစ်တာ ဆက်တီး”

ဂစ်တာကြိုးပေါ်သို့ ကျွန်တော့်လက်ချောင်းများ ပြန်လည် ရောက်ရှိသွားရသည်။

“ပန်းခြံတွေထဲလည်း လမ်းလျှောက်ရင်း အလှအပျော်
ရောက်ခဲ့တယ်။ ကလေးငယ်တွေ ပျော်မြူးကစားတာ
ငေးကြည့်နေတုန်းလေ…”

အဖေက သီချင်းကို မျက်လုံးမှိတ်လျက် နားထောင်နေသည်။

“တိရစ္ဆာန်ရုံထဲလည်း အသွားတိုင်း စိတ်သာပျော်
မလားလို့ ချစ်သူတွေ ရုံတွဲများစွာ အကျသလိုရှိနိုင်
စိတ်ထဲကို ဝင်ရောက်လာ အတိတ်က ဇာတ်ကြောင်း…

ရည်းစားဘဝ ချစ်လို့ မဝပါ၊ စကားလည်း ပြောလို့
မပြီးပါ၊ ပုံပြင်လည်း ပွင့်လို့ မဆုံးပါ၊ ဒါကြောင့်
ကိုယ်ရင်ခွင့်ကာရယ် အသင်သင့် ဝင်လာခဲ့ ဝင်လာလှည့်၊
ဟိုးတုန်းက ဖြစ်ပျက်သမျှဟာ နှစ်ပြီးရင်နှစ်လို့မဝသင်
အိပ်မက်ဖွဲ့လန့်ကာ နိုးသလို၊ ဒါကြောင့် ကိုယ်ရင်နှင့်ရွှေရယ်
ပြင်သင့်တာတွေကို ပြင်ပါမယ်၊ မင်း ပြောင်းစေချင်
သလား၊ မင်းဖောင့်နေချင်သလား၊ မလေတော့ပါဘူး
မကျန်တော့ပါဘူး စိတ်နှလုံးနုံးနုံးချကာရယ်..

သင့်အိ အပြေးပြန်လာမည် သင့်အိ အပြေးပြန်
လာမည် သင့်အိ အပြေးပြန်လာမည်.. အချစ်ကလေး
အိ..”



www.burmeseclassic.com

www.burmeseclassic.com



အဖေ မမြင်ရသော မျက်လုံးထဲမှ မျက်ရည်တွေ ဝေ့တက်လာပြန်သည်။ သို့သော်ထိုမျက်ရည့်များကို ပါးပြင်ပေါ်သို့ ကျွန်တော် စီးဆင်းခွင့်မပြု။

အဖေ့စကားကို မြေဝယ်မကျ လိုက်နာ နားထောင်ချင်ပါသည်။

[၄]

အဖေ အရက်မူးလာသောအခါတိုင်းတွင် ကျွန်တော် အိမ်နှင့်ဝေးရာ တစ်နေရာရာသို့ ထွက်ခွာတိမ်းရှောင် သွားချင်မိပါသည်။ သို့သော်...

အဖေ့ရှေ့တည့်တည့်တွင် အရိုက်အပုတ်ခံလျက် ကျန်ရစ်ခဲ့သည့် အမေနှင့် အိမ်၏ထောင့်ချိုးတစ်ခုခုတွင် ထိတ်ထိတ်လန့်လန့်ဖြင့် ငုံ့တိတ်ရှိုက်ငိုနေရှာမည့် ညီမလေးကို ပစ်ထားခဲ့ရန် ဝန်လေးသဖြင့် အိမ်မှ တစ်ဖဝါးမျှ မခွာဖြစ်ခဲ့ချေ။

ထိုအတူ မူးရူးလျက် တစ်ခုမဟုတ်တစ်ခု ပြဿနာရှာလေ့ရှိသည့် အဖေ့ကိုလည်း နာကြည်းမုန်းတီးစွာ ပစ်ခွာထားခဲ့လိုသည့် စိတ်မျိုးလည်း ကျွန်တော့်တွင် မရှိ။ ထို့ကြောင့် အဖေ မူးလာပြီဆိုလျှင် ရေဲပွဲကျ်တော့မည်ကို သိပါလျက် သိသိနှင့်ပင် အဖေနှင့် အနီးဆုံးမှာ ကျွန်တော်ရှိနေနိုင်အောင် ခံစားကြိုးပမ်းခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com



အမေ လက်မလွှတ်အောင်၊ အမေ အထိမနာအောင်၊ ညီမလေး အဖော်မမဲ့အောင်၊ ကျွန်တော် အားလုံးနှင့် အနီးဆုံးမှာ ရှိခဲ့ရလေသည်။

●

အမေ့ကို လူဆိုးကြီး…ဟု ကျွန်တော်မသတ်မှတ်ရက်ဆိုးရက်လိုက်တာ…ဟုသာ ခံစားဝမ်းနည်းခဲ့ရသည်။

အမေ ကောင်းမကောင်းကို ဘယ်တုန်းကမှ မဝေဖန်ချင်သကဲ့သို့၊ အမေမကောင်းဘူး…ဟု၊ တစ်ပါးသူ တစ်ဦးတစ်ယောက်က ဝေဖန်ပြောဆိုသည့်မျိုးကိုလည်း၊ ကျွန်တော် မနှစ်မြို့ခဲ့ရ ဆိုးဆိုးကောင်းကောင်း အမေဟာ အမေပဲဟု ကျွန်တော် တွေးမှတ်ရှိသေးစမြဲ ဖြစ်ခဲ့၏။

●

ကျွန်တော်တို့ ရပ်ကွက်အနီးရှိ အိမ်တစ်အိမ်မှ ဦးချစ် ခေါ်သော အရက်သမားကြီးတစ်ယောက် အကြောင်းသည်လည်း ကျွန်တော့်ခေါင်းထဲမှာ အမြဲတမ်း စွဲမှတ်နေပြန်ပါသေးသည်။

ဦးချစ်ဆိုသူမှာလည်း၊ အမေ့ကဲ့သို့ အရက်သမားကြီး ဖြစ်သည်။ အရက်သောက်မထားသည့် အချိန်မျိုးဆိုလျှင် ဦးချစ်သည် နာမည်ရှင်းလိုက်အောင် ချစ်စရာကောင်းသူဖြစ်သည်၊ ရယ်မောရ



ပြောဆိုတတ်ပြီး ဝန်းကျင်တစ်ခုလုံးနှင့် ရင်းနှီးချစ်ခင်စွာ နေထိုင်လေ့ရှိသူဖြစ်သည်။

အရက်မူးလာပြီဆိုလျှင်တော့ ပတ်ဝန်းကျင်ကို အော်ဆဲတတ်သူဖြစ်သည်။ ပြီးနောက် အိမ်ရှိလူကုန် တန်းစီခိုင်းပြီး တစ်ခုမဟုတ်တစ်ခု မေးခိုင်းကာ ပြဿနာရှာလေတော့သည်။

သီချင်းတစ်ပုဒ်ကို သူကိုယ်တိုင်သီဆိုပြီး ဇနီးနှင့်သားသမီးများကို လက်ခုပ်တီးခိုင်းသည်။ ပြီးနောက် သီချင်း၏ အဓိပ္ပါယ်ကို တစ်ယောက်ပြီးတစ်ယောက် ဖြေကြားစေသည်။ သီချင်းကို သီဆိုပြီး ညည်းသို့ခံစားရသည်၊ မည်သို့ ထင်မြင်သည် ဆိုခြင်းကိုပါ မေးမြန်းပြီး တစ်ယောက်မကျန် ဖြေကြားစေသည်။

အဖြေမှား အပြောမှားလျှင် ဇနီးကိုလည်းကောင်း၊ သားသမီးကိုလည်းကောင်း၊ အညိုအမည်းစွဲအောင် ရိုက်ပုတ်လေတော့သည်။

ဦးချစ်ပြန်မလာခင် ဇနီးမယားနှင့် သားသမီးများက အိပ်ရာဝင်နေပြီဆိုလျှင်လည်း ဦးချစ်က မရမက နှိုးကာ ပြဿနာတစ်ခုခုကို ဦးတည်ပြီး ညလုံးပေါက် အော်ဟစ်ဆဲဆို ရိုက်နှက်တတ်လေသည်။

●

ဤသို့ဖြင့် တစ်ညသောအခါတွင် ဦးချစ်သည် ထုံးစံအတိုင်း အရက်မူးပြီး အိမ်ပြန်လာသည်။ ဟိုးယခင်ညများက အိမ်တံခါးကို တစ်ချက်လောက်ခေါက်ပြီး အသံပေးလိုက်ရုံဖြင့် ထံခါးပွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်းမယားများ အိပ်ပျော်နေသောကြောင့် မနိုးသေးပါကလည်း တံခါးကို ခြေဖနောင့်ဖြင့် ဝုန်းခနဲ ဆောင့်ကန်လိုက်ရုံဖြင့် တစ်အိမ်သားလုံး နိုးကြရသည်။

ဤနေ့ညတွင်မူ တံခါးခေါက်၍ မရ။ ခြေဖြင့်ကန်ကျောက်သော်လည်း တံခါးက မပွင့်။ လျှာလေးအာလေးဖြင့် အော်ဟစ်ဆဲဆိုသော်လည်း တစ်အိမ်သားလုံး တုတ်တုတ်မျှမလှုပ်။ ဦးချစ်တစ်ယောက် အိမ်တံခါးဝမှာ အော်ဟစ်ဆဲဆို ကန်ကျောက်ပြီး ဝုန်းဒိုင်းကျဲသည့်တိုင် တစ်အိမ်လုံး မှောင်အတိ။

အိမ်အနီးပတ်ဝန်းကျင်ရှိ လူများကလည်း ဦးချစ်နှင့်အတူ ကူ၍ နိုးပေးချင်သော်လည်း ဦးချစ်၏အမူအရမ်းနှင့် ကြုံမည်စိုးသဖြင့် မသိချင်ယောင်ဆောင်နေကြရသည်။ မကြားချင်ဟန် ပြုထားကြရသည်။ ဦးချစ်၏ ဖန်းသားသမီးများ ဆောင်းတွင်းမို့ အေးအေးချမ်းချမ်းဖြင့် အိပ်မောကျနေကြသည်ဟု ထင်ခဲ့ကြလေ၏။

အမှန်မှု သူတို့ အိပ်ပျော်နေခြင်းမဟုတ်ကြ။ ဦးချစ်ကို ကြောက်လွန်းလှ၍လွန်းသဖြင့် အိမ်တံခါးကို မဖွင့်ဘဲ ဒူမင် အသံတိတ်နေကြခြင်းဖြစ်သည်။ အိမ်ကို မှောင်ချထားလျက် အိပ်ချင်ယောင်ဆောင်နေကြခြင်းဖြစ်၏။

သူတို့စိတ်ကူးက ညဘက်တွင် တံခါးမဖွင့်ဘဲ နေမည်။ ထိုအခါ ဦးချစ်က အဆင်ပြေရာတစ်နေရာရာသို့ သွားအိပ်မည်။ မနက်လင်းသည့်အခါ ဦးချစ်က အမူးပြေလျက် ပြန်လာမည်။ ဦးချစ်က အရက်မမူးလျှင် သဘောမနောကောင်း၏။ ထို့ကြောင့် ဦးချစ် အမူးပြေသောအခါကျမှ ချမ်းချမ်းစိမ့်စိမ့် အိပ်မောကျသွားကြတယ်ဟု



အကြောင်းပြကြမည်ဟု တိုင်ပင်ပြီး ငြိမ်ကုပ်နေကြခြင်းဖြစ်၏။

အိမ်ရှေ့တံခါးဝမှာ နာရီဝက်လောက် အော်ဟစ်ကြိမ်းမောင်းပြီးသောအခါ ဦးချစ်၏အသံ မကြားရတော့ချေ။

အိမ်သားအားလုံးကလည်း အိပ်ချင်ယောင်ဆောင်ထားရာမှ တကယ် အိပ်ပျော်သွားကြလေ၏။ အိမ်သားတွေကို နိုး၍မရသည့်အတွက် ဦးချစ်တစ်ယောက် တခြားတစ်နေရာရာသို့ သွားအိပ်ပြီဟု ထင်မိကြသည်။

မနက်လင်းသောအခါ အိမ်တံခါးဖွင့်လျှင်ဖွင့်ချင်း အိမ်တံခါးအောက်အခင်း လှေကားထစ်ပေါ်၌ ဦးချစ်ကို အသက်မဲ့စွာ တွေ့ကြရလေတော့၏။

အဆုတ်အအေးပတ်၍ သေဆုံးရသည်ဟုလည်းကောင်း၊ လေဖြတ်၍ သေဆုံးသည်ဟုလည်းကောင်း၊ ဦးနှောက်ကြောပြတ်၍ သေဆုံးသည်ဟုလည်းကောင်း သတင်းအမျိုးမျိုး ကြားရသည်။

ဦးချစ်၏ ဖန်းသားသမီးများ ရင်ထုမနာ၊ ဖြေဆည်ရာမရ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အရက်သေစာသောက်စားသူတို့၏ ဆိုးကျိုးများကို ပြောရမည်ဆိုလျှင် စာပွဲ၌မကုန်နိုင်လောက်အောင် များပြားလွန်းပေသည်။

အဖေ့ကို "ဦးချစ်"ကဲ့သို့လည်းကောင်း၊ အခြားသော အရက်သေစာ သောက်စားလွန်းသူတို့ကဲ့သို့လည်းကောင်း၊ အဖြစ်ဆိုးမျိုးနှင့် ကျွန်တော် မကြုံတွေ့စေချင်ပေ။

အဖေ၏ မူးယစ်ရမ်းကားခြင်းများကို ကြည့်မြင်နေရပါလျက် ကျွန်တော့်မှာ အပြစ်မတင်ရက်။ အပြစ်ပြောမထွက်။ "ဖြစ်မှဖြစ်ရလေ အဖေရယ်..."ဟုသာ တွေးတောရင်နင့်ခဲ့ရသည်။

ကျွန်တော် လူမှန်းသိတတ်စကတည်းက အဖေအရက်သောက်တတ်သည်ဟု ကျွန်တော်သိခဲ့ရသည်။ အဖေ၏ ဝုန်းဒိုင်းကျဲသည်များကိုလည်း နေ့တရက်ဝ ကြုံတွေ့ခဲ့ရသည်။ အဖေ့ကို စိတ်ဆိုးရမည်ထက် အဖေ့ကိုကြည့်ရင်း စိတ်မကောင်းခြင်းသာ ဖြစ်ရသည်။

"ငါ့အဖေ ဒီဘဝက ကျွတ်လွတ်သွားအောင်၊ ငါ ဘာလုပ်ရင် ကောင်းမလဲ"ဟုသာ တွေးတောနေဖြစ်ခဲ့ရသည်။ တကယ်တမ်းစဉ်းစားကြည့်သည့်အခါ အမေ့မျက်ရည်၊ ညီမလေး၏မျက်ရည်တွေ၏ အနီးဆုံးတွင် ကျွန်တော် နေထိုင်ခဲ့ရခြင်းဖြစ်သည်။ ထိုအခါ အမေနှင့် ညီမလေးတို့၏ မျက်ရည်များကို မမြင်ရက်သောစိတ်က ကျွန်တော်ကိုယ်တိုင် မျက်ရည်ကျဖို့ကို မေ့လျော့ခဲ့ရ၏။

ကိုယ်တိုင်ငိုချင်သော်လည်း ငိုနေသူတို့ကို မငိုစေချင်သဖြင့် ကျွန်တော့်ငိုမည့်မျက်ရည်တွေ သိုသိပ်ထိန်းသိမ်းခဲ့ရသည်။

[၅]

"ကိုမြတ်သူ မရစ်ပါနဲ့တော့ရှင်။ ညဉ့်နက်နေပြီ။ နှစ်နာရီထိုးနေပြီ။ ကျွန်မ မနက်ရုံးသွားရဦးမှာ"

အမေက မျက်ရည်စက်များကြားမှ ထိုသို့ပြောသောအခါ အဖေက အမေ့ဆံပင်ကို ဆောင့်ဆွဲပြီး...

"ဘာ။ နင်က ငါ့ကို ရစ်တယ်လို့ပြောတယ် ဟုတ်လား။ ကထာန်းမ။ ငါက နင့်လင်။ ငါပြောတာကိုတောင် နားထောင်ဖို့ အချိန်မပေးနိုင်ဘူးဆိုတော့ နင့်စိတ်တွေ ဘယ်ရောက်နေလို့လဲ။ ဟင်း ပြောစမ်း"

ညီမလေးက အိပ်ရာပေါ်တွင် ခွေခွေကလေး ငိုနေသည်။ အသံမထွက်။ ကျွန်တော်ချောင်းကြည့်နေရာမှ အိမ်ခန်းဆီသို့ ဝင်ပစ်

www.burmeseclassic.com



လိုက်၏။

အမေ့ဆံပင်တွေကို ဆွဲထားသော အဖေ့ရှေ့တည့်တည့်သို့ သွားပြီး…

"အဖေ၊ ညည်းနက်နေပြီ၊ အမေ့ကို အိပ်နိုင်း
လိုက်ပါတော့။ အဖေလည်း အိပ်တော့လေ"

အမေ့ဆံပင်ကိုဆွဲထားသော လက်များကို လွှတ်လိုက်ပြီး အဖေ ကျွန်တော့်ကို စူးရဲစွာကြည့်သည်။ ပြီးနောက် ကျွန်တော့် မျက်နှာကို ခွပ်ခနဲ ထိုးလိုက်၏။

"ကိုမြတ်သူ"

အမေ့အော်သံ။

ကျွန်တော့်ခန္ဓာကိုယ် ယိုင်နဲ့မသွား။ မျက်နှာသာ အနည်းငယ် ယိုင်သွားသည်။ အဲ့မှာအကြည့်ကို ခုင်ဆိုင်လိုက်ရကတည်းက အဖေ ကျွန်တော့်ကို ထိုးကြိတ်တော့မည်ဟု ကျွန်တော်သိသည်။ အဖေ့ လက်သီးကို ကျွန်တော်မတိမ်း၊ မရှောင်၊ အမေက ထိအောင် နာအောင် ထိုးကြိတ်ရမှ ကျေနပ်မည့်သူမို့ ကျွန်တော့်မျက်နှာ မလွှဲ မဖယ်ခဲ့ခြင်းဖြစ်၏။ အမေ့ထံမှ အော်ရုံပြောင်းသွားစေလေသည်။

"ရွှေမသာ။ မိအကို ဆရာဝင်မလုပ်နဲ့"

အမေ့ကို ကျွန်တော့်မျက်နှာကို စိုးရိမ်တကြီး ကြည့်ပြီး ထိုင်နေရာမှ စွေခနဲ့ ဖြင့်သည်။ ကျွန်တော် လက်ကာ၍ တားလိုက်၏။ အမေဝင်ဆွဲလျှင် အမေ့ကိုပါ အဖေ မဲလိမ့်မည်။

ကျွန်တော် နှာခေါင်းဝမှ ထွက်လာသော သွေးများကို လက်မဖြင့် ပွတ်သပ်ပြီး ခမ်းနည်းစိတ်ကို မျိုသိပ်ရင်း…



"ဆရာလုပ်တာ မဟုတ်ဘူး အဖေရဲ့။ သား စာကျက်နေတာ။ အဖေပဲ ပြောဖူးတယ်လေ၊ အဖေ့ဆွေမျိုးတွေကို အောက်ကျမခံချင်ဘူးဆို၊ အောက်မကျချင်လို့ စာတော်အောင် ကြိုးစားနေတာ။

သားက အခုမှ ကိုးတန်းပဲ ရှိသေးတယ်။ ဆယ်တန်းတောင် မရောက်သေးဘူး။ စာကျက်နေတုန်း အဖေနဲ့အမေနဲ့ စကားတွေပြောနေကြတော့ သား စာကျက်လို့ မရတော့ဘူးပေါ့။

အဲဒါကြောင့် အမေ့ကို အိပ်နိုင်းလိုက်တော့လို့ သားက ပြောတာ။ အမေ မအိပ်သေးသမျှ အဖေ က အမေ့ကို စကားပြောနေမှာပဲ။ သား စာကျက် လို့ မရလို့ပါ အဖေရဲ့"

အဖေမျက်လုံးရဲရဲတို့တွင် မျက်ရည်ဝိုင်းလာသည်ကို ကျွန်တော် မြင်၏။ အမေ့ဘက်သို့ လှည့်ပြီး အဖေက…

"ဟဲ့ အိပ်တော့၊ နှစ်နောက်ထပ် စကားမများ နဲ့တော့"

ပြောပြီး အဖေ အခန်းထဲမှ ထွက်သွားသည်။ ကျွန်တော့် ရင်ထဲတွင် ဆို့နေသည်။ အမေ ထိုင်နေရာမှ ထလာပြီး ကျွန်တော့် မျက်နှာမှ သွေးစတွေကို ဖယ်သုတ်ပေးသည်။ အမေမျက်ရည်ကျ၏။ ညီမလေး မျက်ရည်ကျ၏။ သူတို့ မျက်ရည်စတွေကြောင့် ကျွန်တော် မျက်ရည်ကျခွင့်မရ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ညီမလေး နွေးနွေးက ကျွန်တော့်နာခေါင်းမှ သွေးစတွေကို မော့ကြည့်ပြီး အထိတ်တလန့် ငိုပြန်၏။ သူ မငိုအောင် ကျွန်တော် ချော့ရသည်။ အမေမငိုအောင် ကျွန်တော်ပြုံးပြရသည်။ အိမ်၏ပြင်သို့ အဖေထွက်မသွားအောင် ကျွန်တော် လှမ်းကြည့်ရသေးသည်။

"အမေ"

"ဘာလဲ"

"အဖေ့ကို စိတ်မနာဘူးလားဟင်"

"မနာပါဘူးသားရယ်၊သားအဖေမှာ ကိုယ်ပိုင်အသိတရားမှ မရှိတော့တာ၊ အရက်ရဲ့ကျေးကျွန်ဖြစ်နေပြီပဲ။ သူ့စိတ်ရင်းက အမေ့ကို မုန်းတာမှ မဟုတ်တာ"

"အမေ စိတ်အရမ်း ညစ်နေလားဟင်"

"ညစ်တာပေါ့ သားရယ်၊ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ ကိုယ့်လင်သားပဲ၊ ရန်သူမှ မဟုတ်တာ။

လူက မခံစားနိုင်တာပဲ ရှိမယ်၊ စိတ်က မခံစားနိုင်တော့ဘူး။ သည်းမခံနိုင်တော့ဘူး ဆိုတာမျိုး အမေ မဖြစ်ပါဘူး။

သားတို့အဖေက အမေ့ကိုရော သားတို့





မောင်နှမကိုရော သိပ်ချစ်တာ၊ အဲဒီချစ်တဲ့ စိတ်တွေကို အရက်က ဝါးမျိုသွားပြီ"

ညီမလေးက မျက်ရည်စိုစိုဖြင့်...

"အဖေက ဘာကြောင့် အခုလို အရက်သမားကြီး ဖြစ်ရတာလဲ အမေ"

"ငွေပေါ့ သမီးရယ်၊ ဟိုတုန်းက... ငွေကလည်းရှင် အပေါင်းအသင်းကလည်းများတော့ သူတို့အပေါင်းအသင်းတွေ မူးယစ်ဆေးဝါး သုံးကြတာ။ နောက်တော့ မူးယစ်ဆေးဝါးက ဥပဒေနဲ့ မလွတ်ကင်းတော့ဆိုပြီး အရက်သောက်ကြတာလေ သမီးမြင်တဲ့အတိုင်းပဲ အချိန်ပြည့်ဖြစ်နေပြီ"

"ဆေးရုံမှာ ဖက်ဖြတ်လို့ မရတော့ဘူးလား"ဟု ညီမလေးက မေးပြန်၏။ အမေ ခေါင်းခါသည်။ "ကိုယ်ဖြတ်သူက အရက်ကို သောက်တာ မဟုတ်တော့ဘူး။ သူ့ခန္ဓာကိုယ် အတွေးအသားတွေက အရက်ကိုသောက်နေကြတာ"ဟု ရင်ဆို့သံဖြင့် ပြော၏။

"သား"

"ပြောပါ အမေ"

"ဖအေကို စိတ်နဲ့တောင် မပြစ်မှားရဘူးနော်"

"ဟုတ်ကဲ့ပါ"

"သမီးလည်း ဖအေကို စိတ်မနာရဘူးနော်၊ သူ့ဝဋ်နဲ့ကြွေးလို့ပဲ သဘောထား။ ကြားလား သမီး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကို သား၊ မျက်နှာက သွေးစငွေတွေကို စင်အောင်ဆေး ရေကိုချူ၊ သိပ်နာရင် အကိုက်အခဲပျောက်ဆေးရှိတယ်''ဟု ပြောပြီး အမေဆေးပုလင်းရှိရာသို့ သွား၏၊ ကျွန်တော်မနာကြောင်း ပြောသည်၊ အမေ့ကို အိပ်ဖို့ ပြောလိုက်၏။

အမေ့ခမျာ မနက်စောစောထရသည်။ ချက်ရ ပြုတ်ရသည်။ ဘုရားဆွမ်းတော်ကပ်သည်။ ထို့နောက် ကျွန်တော်တို့ မောင်နှမ နှစ်ယောက်အတွက် ထမင်းဘူး ပြင်ပေးရသည်၊ ပြီးနောက် အိပ်ရာက မနိုးသေးသည့် အဖေ့အတွက် မနက်စာ တစ်ခုကို ပြင်ဆင်ပေးခဲ့ရသေးသည်။

အားလုံးပြီးမှ ရေချိုးအဝတ်အစားလဲသည်။ ပြီးမှ ရုံးဌာနသို့ သွားဖို့ ပစ္စည်းပစ္စယများ သယ်ပိုးပြေနိုင်၏။ အမေက ဌာနတစ်ခုတွင် စာရေးဝန်ထမ်း။

ရုံးသွားသည့်အခါ ခင်ရာမင်ရာကြောင်း လုပ်ဖော်ကိုင်ဘက်များအတွက် သွားရေစာများကို သယ်ပိုးသွားရသည်။ ရုံးဌာန၏ အလုပ်တာဝန်ကို ထမ်းဆောင်ရင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရစေရန် ထိုသို့ ယူဆောင်ရောင်းချခြင်း ဖြစ်လေ၏၊ ထိုပစ္စည်းပစ္စယများကို ကျွန်တော်က အမေရုံးသွားမည့် ကားမှတ်တိုင်အထိ လိုက်ပို့ရ စမြဲဖြစ်၏။

ပြီးသောအခါ အိမ်တွင် ထိုင်စောင့်နေသော ညီမလေး



ကို ခေါ်ပြီး ကျွန်တော်တို့မောင်နှမ ကျောင်းသွားတက်ကြသည်။ ကျွန်တော်က နဝမတန်း၊ ညီမလေးရွှေနွေးက သတ္တမတန်း။ အမေ ရုံးသွားချိန် ကျွန်တော်တို့ ကျောင်းသွားချိန်အထိ အဖေ အိပ်ရာမှ မနိုးတတ်သေး။ နိုးလည်း မနိုးရဲကြ။ ထို့ကြောင့် အဖေ အလုပ်သွားချိန်ကို ကျွန်တော်တို့ မသိ။

အဖေ့မိဘတွေက ငါးဒိုင်လုပ်ငန်း လုပ်ကြသည်။ အဖေ့ ညီအစ်ကိုမောင်နှမများ အားလုံးကလည်း ထိုလုပ်ငန်းကို ဆက်လက် လုပ်ကိုင်ကြ၏။ ဟိုးယခင်ကတည်းက ထိုငါးဒိုင်တွင် အဖေက ဦးစီးလုပ်ကိုင်သူ၊ ယခုမူ အဖေက သာမန်အလုပ်သမား။

သာမန်အလုပ်သမားဟုပင် မဆိုချင်။

ငါးဒိုင်သို့သွား။ ပိုက်ဆံသွားယူ။ ပြီးနောက် အရက်သောက်။ နေဝင် မိုးချုပ်မှ အိမ်ပြန်ရောက်၊ ဤသည်မှာ အဖေ့၏ တစ်နေ့တာ လုပ်ငန်း ဖြစ်သည်။

အဖေက အစဉ်အမြဲ မူးနေသဖြင့် ညီအစ်ကိုမောင်နှမ များက ငြိုငြင်လေ့ ရှိကြသည်။ ဒါ့အပြင်တော့ အဖေ မှတ်မှတ်ပေါ အသံရှိခဲ့၏။ တက်တစ်ခေါက်ခေါက် ဖြစ်သည်။ အရက်မူးသံဖြင့်...

''ငါ သိန်းထီပေါက်ရင် တစ်ဆွေလုံးတစ်မျိုးလုံး ငွေနဲ့ ပေါက်သတ်မယ်''ဟု ကြိမ်းဝါးလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မောင်နှမနှစ်ယောက် ကျောင်းဆင်း၊ မှောင်ရီပိုး တငါးအချိန်မျိုးတွင် အမေ အိမ်ပြန်ရောက်။ အဖေကမူ ညအမှောင် နက်သည်အထိ၊ ပြန်မရောက်တတ်သေးချေ။

အမေ... ကျွန်တော်နှင့်ညီမလေးတို့မှာ အဖေပြန်လာမည့် အခါ မှုးယစ်ရမ်းကားမှာကိုလည်း၊ စိုးထိတ်ကြသည်။ ပြန်ရောက် မလာသေးသည့်အခါကျပြန်တော့ တခြားတစ်နေရာရာမှာ ဘာပြဿနာ များ ဖြစ်နေပြီလဲ...ဟု စိုးရိမ်ကြရပြန်သည်။ ထိုအခါ ကျွန်တော် အိမ်အပြင်ထွက်ပြီး ရပ်ကွက်ထဲတွင် အဖေ့ကို လှည့်လည်ရှာဖွေ ရလေ၏။

အဖေ ပြန်မရောက်သေးသောအခါ ရင်တမမ။ အိမ်ပြန် ရောက်လာသည့်အခါ ရင်တထိတ်ထိတ်။ ကြာသော် အိပ်ခြင်း စားခြင်း၊ နေထိုင်သွားလာခြင်း အဝဝတို့သည် ကျိုးလန့်စားစား ဖြစ်နေ ကြရ၏။

တဝ,ဝဋ်ကြွေးဟု ကျွန်တော်မသတ်မှတ်။ ဘဝ ဝဋ်ဆင်း ရဲဟု ကျွန်တော် မညည်းညူ။ လောကဓံတရားဟုသာ ကြံ့တိမိုက် ခံယူရလေသည်။

●●●

[၆]

ဖန်ခွက်နှစ်ခွက်ကို အိမ်နံရံသို့ အဖေ ပစ်ခွဲသည်။ မီးရှိတွင် ကပ်လျက်ရှိသည့် ကြည့်မှန်သည်လည်း အစိပ်စိပ်အမွှာမွှာ။ အမေ့ နာခေါင်းဝတွင် သွေးစများ...။

"အဖေ"ဟုသာ ပါးစပ်က ခေါ်မြည်လျက်၊ ကျွန်တော် ဟန့်တားနိုင်သည်။ "အမေ"ဟုသာ မဝံ့မရဲအော်ဟစ်ကာ ကျွန်တော် အကာအကွယ်ပြုရသည်။ "အဖေလွှတ်ပြီနော်"ဟုပင်၊ ကျွန်တော်နှုတ်မှ မထွက်ရဲ။ မထွက်ဝံ့။ မထွက်ရက်။

"ဟင်းချက်တာ ပေါ့ရွှတ်နေတာပဲ"ဟူသည့် ပြဿနာမှ အစပြုပြီး အမေ့ကို အဖေအပြစ်ရှာသည်။ "ကလေးနှစ်ယောက်က အငန်မစားလို့ပါ ကိုမြတ်သူရယ်၊ ကျွန်မ ဆားထပ်ခပ်ပေးပါ့မယ်"ဟု အမေ လေပြေဖြင့် ပြောသည်။ "ကလေးတွေလောက်ပဲ ငါ့ကို ဦးစားမပေးဘူးပေါ့၊ ဟုတ်လား"ဟု ဆိုပြော ပေါက်ကွဲပြီး အဖေ

www.burmeseclassic.com

www.burmeseclassic.com



ဝုန်းဒိုင်းကျဲလေတော့သည်။

"ညဥ့်နက်နေပါပြီ"ဟု အမေ့ကို ပြောရှာ၍မရတော့။ အမေ အထုပ်ပြင်သည်။ ညီမလေးနွေးနွေးကို လက်ဆွဲသည်။ ကျွန်တော့်ကို အပါခေါ်သည်။

ကျွန်တော့်မှာ မူးရူးနေသည့် အဖေ့မျက်နှာ၊ မျက်ရည် သွေးစတို့ဖြင့် ထိရှလွန်းသည့် အမေ့မျက်နှာ၊ ဝမ်းနည်းအားငယ်စွာ တုန်လှုပ်ကြောက်လန့်နေသည့် ညီမလေးတို့၏…၊ …မျက်နှာ စသည်တို့ကို သီးသန့်စီခွဲခြားကြည့်မြင်ရင်း ဘယ်ရင်ခွင် ဘယ်အရိပ်၊ ဘယ်ဆိပ်ကမ်း ဘယ်သောင်ပြင်သို့ လိုက်ပါတွယ်ကပ်ရမည်ကို မသိတော့ချေ။

ထိုနှစ်က ကျွန်တော် ဒသမတန်း ဖြေဆိုရမည့်နှစ်။ ဘဝ အတွက် မိသားစုအတွက် စာကို သေသေချာချာ ကြိုးစားရမည်ဟု သိထားအားတင်းရသည့် အချိန်…။

အဖေ့အပေါ် စိတ်အနာကြီးနာ စိတ်အဆိုးကြီးဆိုးပြီ။ အမေ ခြေလှမ်းပြင်ခြင်းမဟုတ်။ စိတ်ညစ်ညူးခြင်းများစွာ… ကြောက်လန့် စိတ်များစွာတို့ဖြင့် ကွယ်ရာဝေးရာသို့ ဆင်ငွေ့ရန်ရှောင်ထွက်ခွာခြင်း… ဟု ကျွန်တော် နားလည်သည်။

သို့သော်…ဘယ်အခြေအနေ ဘယ်အကြောင်းကြောင့်မှ မိသားစုကို မပြိုကွဲစေလို။ အဖေကတော့ အိမ်နောက်ဘက်မှာ





တစ်ကိုယ်တည်း စကားတွတ်ထိုးရင်း ဟိုကန်ဒီကျောက် လုပ်နေဆဲ ဖြစ်သည်။ အမေနှင့် ညီမလေးကတော့ အိမ်တံခါးဝတွင် ထွက်ခွာဖို့ အသင့်ဖြစ်နေပြီ။

"အမေ ဘယ်သွားမှာလဲ"

"မမတို့အိမ်သွားမှာ၊ အပြီးသွားမှာ၊ သားပါ လိုက်ခဲ့တော့"

ပါးလုပ်သော မျက်ရည်ကို လက်ဖနောင့်ဖြင့်သုတ်ရင်း ပြော၏။ ကျွန်တော့် အမေ့မျက်နှာကို မကြည့်ရက်။ ညီမလေး မျက်နှာကိုသာ ငေးကြည့်မိသည်။ ကြည့်လျက်…

"သား အဖေနဲ့ပဲ နေခဲ့ဦးမယ် အမေ၊ အဖေ့ကို တစ်ယောက်တည်း မထားခဲ့ချင်ဘူး"

မျက်ရည်မဝေ့အောင် စိတ်တင်းလျက် ပြောရသည်။

"အဖေ တစ်ယောက်တည်းဆို ဒီ့ထက်ပိုဆိုးလိမ့်မယ်၊ သား အမေနဲ့ မလိုက်ချင်လို့ မဟုတ်ဘူး နော် အမေ၊ အဖေ့ကို စိတ်မချလို့"

စကားသံ တုန်ယင်သွားရ၏။ အမေက…

"သား သဘောပဲလေ။ အမေလည်း သွားချင်လို့ သွားတာ မဟုတ်ပါဘူး၊ သွားမှဖြစ်မှာမို့ လို့ပါ။

စိတ်က သည်းခံနိုင်ပေမယ့်၊ ခန္ဓာကိုယ်က မခံနိုင်တော့ဘူး သားရယ်၊ အမေ အရှုံးပေးပန်း လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"သားနားလည်ပါတယ် အမေ၊ အမေ
စိတ်ချလက်ချသွားပါ"

"ကျောင်းသွားကျောင်းပြန် ဝင်ခဲ့နော်သား။ ထမင်းကို အမေ့ဆီမှာ လာစား။ သား အဖေစားချင်တယ်ဆိုလည်း အမေ့ဆီမှာလာယူ"စသည်ဖြင့် အမေ တတွတ်တွတ်မှာကြားသည်။

ညီမလေးက ကျွန်တော့်ကို ငေးကြည့်နေ၏။ ကျွန်တော် ညီမလေးကို ပြုံးပြလျက် ဦးခေါင်းကို ဖွဖွပုတ်လိုက်သည်။ "ကိုကို ကျောင်းသွားရင် ညီမလေးကို လာခေါ်မယ်နော်"ဟု ပြောလိုက်၏။ ညီမလေးခေါင်းညိတ်သည်။

ညီမလေး၏ ပါးပြင်တစ်ခုလုံးတွင် မျက်ရည်တွေ ရွှဲရွှဲစိုနေ၏

အဖေစားစား မစားစား၊ အဖေစားဖို့ ကျွန်တော် ထမင်းကျော် ကျော်ပေးခဲ့သည်။ ရေနွေးကြမ်းတည်ပေးခဲ့သည်။ အိပ်ရာနိုး၍ရလျှင် နိုးပြီး ကျွန်တော် ကျောင်းသွားတော့မည့်အကြောင်း ပြောပြီးမှ သွားသည်။ နိုး၍မရလျှင် အိမ်တံခါးကို အဆင်ပြေသလို ပိတ်ပြီး ကျွန်တော်ထွက်ခဲ့သည်။

ထို့နောက် အမေ့ဆီသို့သွားသည်။ အမေနှင့်တွေ့သည်။ အမေ့ကို ရုံးသို့သွားမည့် ကားမှတ်တိုင်သို့ ပို့သည်။ ပြီးနောက် ညီမလေးနှင့် ကျောင်းသွားသည်။

အိမ်အနီးဝန်းကျင်ရှိ မျက်လုံးအကြည့်များကို ကျွန်တော် ဘဝင်မကျ။ သနားကြည့် ကြည့်ကြသော မျက်လုံးများကို ရင်မဆိုင်လိုသောကြောင့် ကျွန်တော့်မျက်နှာကို မှုန်ကုပ်ထားခဲ့မိသည်။ ရွယ်တူသူငယ်ချင်းများနှင့်လည်း ကျွန်တော် ရောရောနှောနှော မနေချင်တော့။ တဖြည်းဖြည်း တစ်ယောက်တည်းကဲ့သို့ ဖြစ်လာသည်။

လူကြီးသူမ တစ်ယောက်ယောက်က "မင်းတို့အဖေနဲ့ အမေ ကွဲနေကြပြီဆို"ဟု မေးလျှင် အကျိုးအကြောင်းပြောပြ ဖြေရှင်းလိုသော စိတ်မျိုး ကျွန်တော့်မှာ မရှိတော့ချေ။ "ခင်ဗျားနဲ့ ဘာဆိုင်လို့ မေးတာလဲ"ဟု ရိုင်းပျစွာ ဖြေကြားမိခဲ့လေတော့၏။

သားအဖနှစ်ယောက်လုံး ရိုင်းတယ်ဟု ပြောဆို သတ်မှတ်လာကြ၏။ အမှန်က ကျွန်တော်ရိုင်းပျခြင်း မဟုတ်ပါ။ စိတ်မကြည်လင်ခြင်းသာ ဖြစ်ပေမည်။

"မင်းညီမနဲ့ မင်းအမေက ဟိုမှာ... အပြီး
နေကြတော့မှာလား"

"မပြောတတ်ဘူးအဖေ"

"မင်းကရော ငါနဲ့ ဘာဖြစ်လို့ နေခဲ့တာလဲ"

အဖေရစ်တော့မည်ဟု ကျွန်တော်သိသည်။ "အဖေ့ကို စိတ်မချလို့ နေခဲ့တာ"ဟု ပြောလျှင်၊ "စိတ်မချရအောင် ငါက ဘာဖြစ်နေလို့လဲ"ဟု ဖဲပြောပြီး ကျွန်တော့်ကို ရန်လုပ်ပေတော့မည်။ ထို့ကြောင့်...

"အဖေ့ကိုချစ်လို့ အဖေ့နားမှာ နေခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဖေ နှုတ်ခမ်းမဲ့သည်။

"ထွီ။ ခွေးမသား။ အပိုပြောတယ်။ မင်း အမွေလိုချင်လို့ နေခဲ့တာ မဟုတ်လား၊ ဒီအိမ်ကို ရောင်းပြီး၊ ငါ...အရက်သောက်ပစ်မှာ စိုးလို့ တစ်ဝက်လိုချင်လို့ နေခဲ့တာ မဟုတ်လား"

"အာ...။ အဖေကလည်း၊ သား...အဲဒါ တွေ စိတ်မဝင်စားဘူး။ အဖေ့ဘာသာ ရောင်းချင် ရောင်း မရောင်းချင်နေ။ သားက အဖေ့ဆီက၊ မေတ္တာအမွေပဲ လိုချင်တာ"

"ဘာ မေတ္တာလဲ။ ငါ့ရှေ့မှာ မေတ္တာတွေ သစ္စာတွေ လာမပြောနဲ့၊ လောကမှာ...မေတ္တာတို့ သစ္စာတို့ မရှိဘူးကွ။ မေတ္တာတရား သစ္စာတရား ဆိုတာ အဆင်ပြေတဲ့ နေရာမှာပဲ ရှိတယ်။

အဆင်မပြေတဲ့နေရာမှာ ဘာမေတ္တာမှ မရှိ ဘူး၊ ဘာသစ္စာမှ မရှိဘူး။ မင်း မြဲမြဲမှတ်ထား။

မင်းအမေကိုကြည့်။ ငါနဲ့နေရတာ အဆင် မပြေလို့ သူ့ မေတ္တာပျောက်သွားပြီ၊ သစ္စာဖောက် သွားပြီ။ ဟား ဟား ဟား"

အဖေနှင့်စကားနိုင် မလုလို။

စာကျက်ရမည့်အချိန်ဟု သိပါလျက်၊ အဖေ မအိပ်သေး သဖြင့် ကျွန်တော် စာကြည့်စားပွဲသို့ မရောက်သေး။ အဖေ မူးနေ သည်ကို မသိချင်ယောင်ဆောင်ကာ စာကျက်နေမည်ဆိုလျှင် အဖေ

မ်အပြင်သို့ထွက်ပေလိမ့်မည်။ ထိုအခါ ကျွန်တော် စာဖြောင့်ဖြောင့် ကျက်မှတ်၍ ရမည်မဟုတ်တော့။

"သစ္စာမရှိတဲ့ မိန်းမကို ငါ သူ့အစ်မအိမ်ရှေ့မှာ သွားဆဲလိုက်ဦးမယ်"

အဖေ ထိုင်ရာမှ ဒယိမ်းဒယိုင် ထသည်။

ကျွန်တော် ကမန်းကတန်းထပြီး အနီးရှိဂစ်တာကို တစ်ဖက်၊ အဖေ့လက်မောင်းကိုတစ်ဖက် လှမ်းဆွဲသည်။

"ဟော့ကောင် ဖယ်စမ်း"

"ဟာ။ အဖေ့။ သား ဂစ်တာတီးမလို့။ အဖေက အပြင်သွားမယ်ဆိုတော့၊ သား... ဘယ်သူ့ကို တီးပြရမှာလဲ"

"မင်းက ဘာသီချင်းတီးမှာလဲ"

"ဟို...သခင့်ဆီ အပြေးပြန်လာမည် တီးမယ်လေ"

ကျွန်တော် ကမန်းကတန်းတီးသည်။

"ပချုပ်ဆိုင်ဘက်ထဲက နှင်းဆီပ မ,လို့ ကြည့်လိုက် ရင်..."

"ဟော့ကောင်။ တော်။ အဲဒီသီချင်း မတီးနဲ့။ ဟို...သီချင်း တီး"

"ဘယ်သီချင်းလဲ အဖေရဲ့"

အဖေ ခေါင်းငိုက်စိုက်ကျလျက်မှ...

"သစ္စာမရှိတဲ့ ဆံတိုမလေးရေ...အဲဒါတီး"

"ဩော် အကြီးတစ်လုံး အသေးတစ်လုံး"

www.burmeseclassic.com



"အေး ဟုတ်တယ် အကြီးတစ်လုံး အသေး
တစ်လုံး ကမ္ဘာကြီး မူးအောင်သောက်လိုက်မယ်၊
အဲ...အဲဒါတီး"

ဂစ်တာကြိုးများပေါ်သို့ ကျွန်တော့်လက်ချောင်းများ ရောက်ရှိသွားသည်။ အဖေက ကြမ်းပြင်ပေါ်တွင် မျက်စိမှိတ်ကာ ခြေပစ်လက်ပစ် လှဲချလိုက်၏။

"အကြီးတစ်လုံး အသေးတစ်လုံး၊ ကမ္ဘာကြီးမူးအောင်
သောက်လိုက်မယ်၊ ကိုယ့်ဘဝကို အရှုံးပေးလို့ ကိုယ်
ခေါင်းမိုက်အောင် သောက်လိုက်မယ်။
မူး...မယ်၊ ဟိုနားသွားလဲ ဒီနားသွားလဲ ကိုယ်သာ
မူးအောင်သောက်မယ်။ ဟိုနားတစ်ခွက်၊ ဒီနားတစ်ခွက်
ဘုံဆိုင်ထဲမှာ၊ ကောင်မလေး... မင်းကြောင့်၊ ကိုယ်
အရက်သောက်ပြီလေ...၊ သစ္စာ...မရှိတဲ့၊ အဲဒီမလေး
ရေ..."

အမေနှင့်ညီမလေးကို သတိရသည်။ မျက်ရည်ဝေ့ချင်သလို ဖြစ်လာ၏။ စိတ်ကို တင်းထားရသည်။

မျက်စိမှိတ်ထားပြီး လက်ဖျောက်တီးကာ သီချင်းနားထောင်နေသော အဖေ့မျက်နှာကို ငေးကြည့်မိပြန်သည်။

ရင်ထဲတွင် ပို၍ နင့်လာ၏။



[၇]

ကျောင်းအပြန်လမ်းတွင် အဖေ့အကြောင်းကို မေးရင်း ညီမလေး မျက်ရည်ကျ၏။

အဖေ နေကောင်းသလား မေးသည်။ နေကောင်းကြောင်း ကျွန်တော်ဖြေသည်။ "ညီမလေးကိုရော မေးသေးလား"ဟု ဆိုသည်။ အချိန်တိုင်း အရက်မူးနေသဖြင့် အဖေ့အနေနှင့် ညီမလေးကို သတိရ မေးမေးမြန်းမြန်း မရှိခဲ့။ ထို့ကြောင့် "မမေးဘူး"ဟု ဖြေမည်ပြုပြီးမှ "မေးတယ် ညီမလေးရဲ့"ဟု ဆိုကာ ကျွန်တော်လိမ်ပြောလိုက်ရသည်။

ကျွန်တော့်အဖြေစကား လျှော့ပါးဟန်ကို ညီမလေး သတိထားမိသွားဟန်ရှိ၏။ မျက်ရည်ဝေ့လေသည်။ ထိုမျက်ရည်ဝေ့ဝေ့ကြီး...

"လူတွေက မေးကြတယ်။ အဖေနဲ့အမေ ကွဲနေပြီဆိုတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ငိုလေတော့၏။

"ညီမလေး။ မငိုနဲ့လေ။ ဘာဖြစ်လို့ ငိုတာလဲ။
လူတွေကို ဘာဖြစ်လို့ ဂရုစိုက်နေရတာလဲ။
သူတို့ကရော ဘာဖြစ်လို့ ကိုကိုတို့မိသားစုကို
ဂရုစိုက်နေကြတာလဲ။ မငိုနဲ့၊ တိတ်"

မျက်ရည်တွေကို ဖယ်သုတ်ပေးရင်း၊ မငိုစေရန် ကျွန်တော် ဟန့်တားသည်။

"အဲဒီလို လာလာမေးနေကြတာ။ ညီမလေး
ဘယ်လိုမှ မဖြေတတ်ဘူး"

မျက်ရည်များကို ကင်းစင်အောင် သုတ်ဖယ်ပြီး...

"ကိုကို"

"ဘာလဲ ညီမလေး။ ပြော"

"အဖေနဲ့အမေက၊ တကယ်ကွဲနေကြပြီလား
ဟင်"

ရင်ထဲတွင် နင့်သွားစေ၏။ သို့သော် ကျွန်တော်က ညီမလေးကို ပြုံးပြလိုက်၏။

"ဒါ...,ကွဲတာမှ မဟုတ်တာ ညီမလေးရဲ့။
လင်မယားကွဲတယ်ဆိုတာ တရားရုံးမှာ ကွာရှင်း
ပြတ်စဲတယ်...လို့ လက်မှတ်ထိုးမှ ကွဲတာ"

"ဟုတ်လို့လား"

"ဟုတ်တယ်"

အက်ကြောင်းထနေသော မှန်ချပ်တစ်ချပ်ပေါ်တွင် ထို



အက်ကြောင်းတို့ အထင်းသား မပေါ်စေရန် အက်ကြောင်းအတိုင်း ...ပြီး။ ဆေးခြယ်သူများကဲ့သို့ ကျွန်တော်..., စကားသေးသွယ်တို့ ... ညီမလေး၏ အထင်အမြင် မဆိုးရလေအောင် ဆေးခြယ်ရလေသည်။

"အဖေက ညညမူးပြီး ရစ်တယ်။ အဖေ့
ကြောင့် အမေ အိပ်ရေးပျက်တယ်။ အိပ်ရေးပျက်
တော့ မနက်ရုံးသွားရင် အိပ်ရေးမဝတော့ဘူး။
အမေ ကျန်းမာရေး ထိခိုက်တာပေါ့။ အဲဒါကြောင့်
အမေက ဒေါ်ဒေါ်တို့အိမ်မှာ သွားနေတာပါ။
လင်မယားကွဲတယ်ဆိုမှတော့ သတင်းစာထဲ
မှာ ကွာရှင်းပြတ်စဲကြောင်း ပါလာမှာပေါ့
ညီမလေးရဲ့"

စိတ်တစ်ဝက် သက်သာသွားဟန်တူသည်။ ညီမလေးနေရာ ...ာ ကျွန်တော်သာဆိုလျှင် "ကိုကို ယုံအောင်ပြောလို့ ယုံပေးလိုက်တာနော်"ဟု ပြန်ပြောဖြစ်ပေမည်။

"အိမ်နီးနားက လူတွေမေးရင် ညီမလေး
ဘယ်လိုဖြေရမလဲဟင်"

"ကိုယ့်ထမင်းကိုယ့်စား။ ကိုယ်အလုပ် ကိုယ်
လုပ်လို့ ဖြေလိုက်ပေါ့"

ညီမလေး နားရှုပ်ဟန်ဖြင့်...

"အဖေနဲ့အမေ ကွဲနေတာလားလို့ မေးရင်
ဘယ်လိုဖြေရမလဲလို့ မေးတာ ကိုကိုရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ အဲဒီလိုမေးတဲ့ လူတိုင်းကို အခု ကိုကိုသင်ပေးသလိုပဲ ဖြေလိုက်"

ကျွန်တော့်ထက်နှစ်နှစ်ကျော်လောက် ငယ်ရွယ်သဖြင့် ညီမလေး၏အရွယ်မှာ ကလေးသာသာမျှ။ ထို့ကြောင့် ကျွန်တော့် ဆိုလိုရင်းကို သူ သဘောမပေါက်နိုင်ရှာ...။

"မကွဲဘူး...လို့ ဖြေရမှာ မဟုတ်ဘူးလား ကိုကိုရဲ့"

ကျွန်တော် မျက်နှာထားတည်တည်ဖြင့် ညီမလေးကို ကြည့်လျက်...

"အေး... မကွဲဘူးလို့လည်း ဖြေ။ ကိုယ့်ထမင်းကိုယ်စား။ ကိုယ့်အလုပ်ကိုယ်လုပ်လို့လည်း ပြော။ ကြားလား"

ညီမလေး"ဟုတ်ကဲ့"သည်။ သူ့ကိုကြည့်ရင်း ပတ်ဝန်းကျင်ကို ကျွန်တော် စိတ်တိုသွားရ၏။

အမေ့ကို ပြန်ပြောပြသောအခါ အမေ ပြုံးလေ၏။

"သားကလည်း ညီမလေးကို ဘာဖြစ်လို့ ဘုဆတ်ဆတ်ဖြစ်အောင် သင်ပေးရတာလဲ"

"လူတွေက စပ်စုတာကိုး အမေရဲ့"

"စပ်စုတယ်လို့ မဟုတ်ဘူးပေါ့ သားရယ်၊



ပတ်ဝန်းကျင်ဆိုတာ နွတ်၏ခေါင်မ,ခြင်း လက်၏ ခေါင်မ,ခြင်းနဲ့ စောင့်ရှောက်ဖေးမ,တတ်ကြတယ်။ လူဆိုတာ ပတ်ဝန်းကျင်ကို အကောင်းမြင်ရတယ် သားရဲ့"

"သားကတော့ မဆိုင်ရင် မဆိုင်သလိုနေတာပဲ ကြိုက်တယ်။ ဆိုင်တယ်ထင်လို့ ဝင်ပါမယ် ဆိုရင်လည်း သတင်းမေးရုံ စိတ်မကောင်းရုံ လောက်နဲ့တော့ ဝင်မပါနဲ့၊ တကယ့်ကို ထိထိ ရောက်ရောက် ကူညီမယ်ဆို ဝင်ပါ။ အဆင်ပြေ သွားရင် တစ်သက်လုံး ရှိခိုးပစ်လိုက်မယ်"

ကျွန်တော့်ကိုကြည့်လျက် အမေ ပြုံးသည်။ ညီမလေး ထံသို့ တစ်ချက်ငဲ့ကြည့်ပြီး...

"သားရော သမီးရော အိမ်နီးနားချင်းကပဲ ဖြစ်ဖြစ်၊ တခြားလူတစ်ယောက်ယောက်ကပဲဖြစ်ဖြစ် ကိုယ့်အိမ်တွင်းရေးကို မေးမြန်းတဲ့အခါ ဖြေရမယ့် အဖြေတစ်ခုကို အမေ သင်ပေးမယ်"

"ခွေးခွေး ဘယ်လိုဖြေရမလဲ"ဟု ညီမလေးဝင်မေး၏။ အမေက...

"မသိဘူးလို့ တစ်ခွန်းတည်းဖြေလိုက်ပေါ့။ မသိဘူးဆိုတဲ့ လေသံက ဘုဆတ်ဆတ် မဖြစ်ရဘူး။ မသိပါဘူးရှင်၊ မသိပါဘူးခင်ဗျား အဲဒီလိုပဲ ဖြေရမယ်။ ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးနဲ့အတူ ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"သားနဲ့ သမီးတို့ရဲ့ အဖေကို အမေမမုန်းဘူး။ သားတို့အဖေက သနားဖို့ကောင်းနေပြီ။ အရက်ရဲ့ ကျေးကျွန် ဖြစ်နေပြီ။ သူ့ မူလ အသိဉာဏ်က အမေ့အပေါ်မှာရော၊ သားတို့ အပေါ်မှာရော ထိခိုက်စေချင်တဲ့ဆန္ဒ မရှိဘူး။ အထင်မှား၊ အမြင်မှား၊ အတွေးမှားအောင် သူ့ကို အရက်က ဖျက်ဆီးပစ်လိုက်ပြီ။

ဖြစ်နိုင်ရင် အမေ သူ့အနားမှာ နေချင်ပါသေးတယ် သားရယ်၊ ဒါပေမဲ့ အမေကြောက်နေပြီ။ နောက်ဆုံး အလုပ်အကိုင်ပါ ပျက်လာနိုင်တယ်။ အဲဒါကြောင့် သတ်သတ်စီ နေလိုက်တာ။

လင်မယားအဖြစ်ကနေ စွန့်ခွာလိုက်တာမျိုး မဟုတ်ဘူး။ သားနဲ့သမီးတို့အတွက် အမေ လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်အောင် သပ်သပ်စီ နေလိုက်တာပါ"

အမေ့ မျက်ရည်တွေကို ဝေ့ခနဲ ကျွန်တော် မြင်လိုက်ရ၏။

"သား မောင်လှိုင်မျိုးရေ ရေချိုးပြီးတော့ ထမင်းထည့်ထားပြီးပြီ" ဟူသော အမေ့အစ်မ ဒေါ်ခင်ကြည်၏အသံကို မီးဖိုဆောင်ဘက်မှ ကြားရသည်။

အမေထိုင်ရာမှထပြီး...

"ကဲ...သား, ရေချိုးတော့၊ ပြီးရင်ထမင်းစား၊





သားအဖေအတွက်ပါ ဟင်းယူသွား"

"ဟုတ်ကဲ့" ဟု ကျွန်တော်ပြောသည်။ အမေ မီးဖိုချောင်ဘက်သို့ ဝင်သွားစဉ် ညီမလေးကို ကြည့်မိ၏။ မျက်ရည်တွေ ကျနေသည်။

"ညီမလေး၊ ဘာလို့ငိုတာလဲ"

ခေါင်းခါပြသည်။

"ပြော... ဘာဖြစ်လို့ ငိုတာလဲ"

ကျွန်တော့်ကို မော့ကြည့်လျက်...

"အမေ့ကို သနားလို့"

"အေး။ အေး။ မငိုနဲ့တော့။ ထ။ ကိုကို ရေချိုးမယ်။ ပြီးရင် ထမင်းအတူစားမယ်နော်"

မျက်ရည်သုတ်လျက် ခေါင်းညိတ်သည်။

မျက်ဝန်းတွင် ပူခနဲဖြစ်သွားသဖြင့် ကျွန်တော် ခေါင်းမော့ပစ်လိုက်၏။ မျက်ရည် လုံးဝ မကျ။



www.burmeseclassic.com

www.burmeseclassic.com

[၈]

ညက အဖေ စားသောက်ထားသည့် အကြွင်းအကျန်များကို ရှင်းလင်းလျက် အဖေ့ဓာ်ညီ၊ ဦးလေး ဦးတင်ထွန်း၏ စကားများကို မကြားချင်ဘဲ နားထောင်နေရသည်။ လက်ထဲရှိ ဆေးလက်စပန်းကန်ကို ကျွန်တော် ဆက်မဆေးဖြစ်။ အဖေအိပ်ရာမှမနိုးသေး...။

"မင်းအဖေက လူစိတ်မရှိတော့ဘူး၊ လူလို
မသိတော့ဘူး၊ အလုပ်ထဲမှာ ညှိသည်ဆောင်တာ
ရောက်နေလို့ ရောက်နေမှန်းမသိ၊ မင်းတို့..,သား
သမီးအနေနဲ့ နည်းနည်းပါးပါး ပြောကြဦး"

ကျွန်တော့်လက်ချောင်းများ တဆတ်ဆတ်တုန်လာသည်။ တုန်နေသော လက်ချောင်းများဖြင့် ဆေးလက်စ ကြွေပန်းကန်ပြားကို ဖိကိုင်ထားရ၏။ ဦးလေးဖြစ်သူ၏ မျက်နှာကို ရှုရဲစွာ မကြည့်နိုင်အောင် နေရသည်။ အဖေ့အပေါ် အပြစ်တင် ဝေဖန်နေသော ဦးလေးစကားများ

www.burmeseclassic.com

www.burmeseclassic.com



[illegible]စုံတည်း သို့သော်...ကျွန်တော် မကြားချင်။

"အရက်ဖိုး လာတောင်းဖို့ပဲသိတယ်၊ တခြား ဘာမှ မသိတော့ဘူး။ မင်းအဖေကြောင့်, ငါတို့ သိက္ခာကျတယ်ကွာ"

"ခွမ်း"

လက်ထဲရှိ ကြွေပန်းကန်ပြားကို ကျွန်တော် ကြမ်းပြင်ပေါ်သို့ ပြင်းထန်စွာ ရိုက်ခွဲပစ်လိုက်သည်။ ကြမ်းပြင်တစ်လျှောက် ပန်းကန်ကွဲစ တွေ အစိပ်စိပ်အမွှာမွှာ...။

"ဟေ့ကောင် လှိုင်မျိုး၊ မင်း ဘာလုပ်တာလဲ၊ ဘာဖြစ်တာလဲ"

ဦးလေး၏မျက်နှာသည် တအံ့တသြ။ အထိတ်တလန့်...။

"ကန်တော့ ကန်တော့ ဦးလေး၊ ကျွန်တော် စိတ်လွတ်သွားတယ်၊ အဖေ့ကို ဝေဖန်တဲ့အသံ၊ အဖေ့ကို အပြစ်တင်တဲ့ စကားသံတွေ ကျွန်တော် မကြားချင်ဘူး၊ ကျွန်တော့်ရှေ့မှာ မပြောပါနဲ့၊ ကျွန်တော်မခံနိုင်ဘူး"

"ဘာလဲ၊ မင်းက... အဖေကိုထိလို့ နာတာ လား"

ကျွန်တော် မျက်နှာတင်းတင်းဖြင့် ကြည့်ပစ်လိုက်ပြီး...

"ဟုတ်တယ်"

"မင်းတောင် လူပါးဝတာတ်နေပြီပဲ။ဟားဟား၊ မင်းအဖေရဲ့စရိုက်တွေ မင်းဆီကို ရောက်နေပြီပဲ"





စိတ်ကို နူးညံ့သိမ်မွေ့အောင် ထိန်းသိမ်းထားရ၏။

"ဦးလေးပြန်ပါတော့၊ ကျွန်တော် တောင်းပန် ပါတယ်၊ အဖေနိုးလာရင် ပြဿနာတက်လိမ့် မယ်"

ထိုစဉ်...အိပ်ခန်းဘက်မှထွက်လာသော အဖေ့ကို မြင်ရ၏၊ ကျွန်တော်နှင့် ပန်းကန်ကွဲစများကို တစ်ကြည့်၊ ဦးလေး ဦးတင်ထွန်း ကို့တစ်ကြည့် ကြည့်ပြီး...

"ဝုန်းဒိုင်းကျဲတာ ဘာဖြစ်လို့လဲ"

အဖြစ်အပျက် အလုံးစုံကို အဖေ သိကြားပြီးဟန် တူ၏။ ညီဖြစ်သူကို စူးစိုက်ကြည့်လျက် အဖေ မေးသည်။ ကျွန်တော်က...

"မနေ့က ငါးဒိုင်မှာ ညည်းသည်ရောက်နေတဲ့ အချိန် အဖေ မူးမူးရူးရူးနဲ့ အရက်ဖိုးလာတောင်း လို့တဲ့။

အဖေ့ကြောင့် သူတို့ သိက္ခာကျတယ်တဲ့၊ အဲဒီစကားသံကို သား မကြားချင်တော့လို့ ဖောက် ခွဲပစ်လိုက်တာ"

"တင်ထွန်း။ ဟုတ်လား"

"ဟုတ်တယ်၊ မင်းဆင်ခြင်ဖို့ လာပြောတာ"

"မင်းက အကြီးလား၊ ငါက အကြီးလား"

"အကြီးက အကြီးလိုနေပေါ့"

ကျွန်တော် အဖေ့နံဘေးတွင် ဝင်ရပ်လိုက်သည်။ အဖေ့ကိုယ် [illegible]သည် ခွေခွေယိုင်ယိုင် ခိုချိုနဲ့နဲ့။ တောင့်တောင့်တင်းတင်းမရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုများပင် ဖြစ်လင့်ကစား စကားများ ရန်ဖြစ်ကြမည်ဆိုလျှင် အဖေ့ကို ကျွန်တော်အကာအကွယ်ပေးရလိမ့်မည်။ အဖေက ကျွန်တော့် ဘက်သို့လှည့်ကာ…

"မင်းလည်း ကိုယ့်ဦးလေးကို ရိုင်းရိုင်းစိုင်းစိုင်း မပြောနဲ့"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ အဖေက ဦးလေး ဘက်သို့ လှည့်ကာ…

"နေစမ်းပါဦး တင်ထွန်း၊ ငါက အရက်ဖိုး လာတောင်းတာလား။ ငါ ရသင့်ရထိုက်တဲ့ ငွေကို လာတောင်းတာလား၊ ရှင်းအောင်ပြော"

"ဘာဖိုးပဲတောင်းတောင်း ရသမျှ အရက်သောက်ပစ်တာပဲ မဟုတ်လား"ဟု ဦးလေးက ပြန်ပြော၏။

"အဲဒါ ငါ့အပိုင်းပါ။ မိဘပိုင်တဲ့လုပ်ငန်းကို မင်းတို့ ငါတို့ညီအစ်ကိုတွေ လုပ်ကြတယ်။

ငါက အလုပ်မလုပ်နိုင်တော့ပေမဲ့ ငါ့ ရပိုင်ခွင့် ငါ့မှာရှိတယ်၊ အဲဒီရပိုင်ခွင့်ကို ငါလာယူတယ်။ မင်းတို့ရပိုင်ခွင့်ကို ငါ လာယူတာ မဟုတ်ဘူး။ အဲဒါကို မင်း ဘာစကားလာရှုပ်တာလဲ"

"အရက်သောက်လာလို့ ပြောတာ"

"ဟုတ်ပြီ အရက်သောက်လာလို့ ငါ မှားတယ်ပဲထား။ ဒါပေမဲ့ မင်းစကား မှားတာကို မင်း ပြင်ပြော"



"ဘာပြောရမှာလဲ"

"ငါ့ရပိုင်ခွင့်ကို ငါလာတောင်းတာကို အရက်ဖိုး လာတောင်းတယ်လို့ ပြောတဲ့ မင်းရဲ့စကားကို မင်း ပြင်ပြော။

ဒီမှာ ငါ့သားရှိတယ်။ ဒီကောင် ငါ့ကို အထင် သေးသွားနိုင်တယ်။ သူ့အဖေ အရက်သမားက သူတစ်ပါးဆီက ပိုက်ဆံတောင်းပြီး အရက် သောက်နေတဲ့ သူတောင်းစားလို့ ဒီကောင် ထင် သွားနိုင်တယ်။

ဟော့ကောင် တင်ထွန်း၊ ငါ အရက်သမားကွ သူတောင်းစား မဟုတ်ဘူး။ မင်းစကားကို မင်းပြင် အခုချက်ချင်းပြင်"

အဖေက ဒယိမ်းဒယိုင်ဖြင့် လုံချည်ကို ပြင်ဝတ်သည်။

"အလုပ်ထဲမှာ ခင်ဗျားမှ အလုပ်မလုပ်တော့ တာ၊ ငွေကို အလကားလာယူတာမဟုတ်ဘူးလား"

"ဟော့ကောင် အဲဒီစကားကို တောမှာသွား ပြော၊ ငါးဒိုင်ထဲမှာ ငါ မတ်တတ်ရပ်ပြရုံနဲ့ ငါ့ ရပိုင်ခွင့် ဘယ်လောက်ရှိတယ်ဆိုတာ မင်း မသိ ဘူးလား။

အလုပ်မလုပ်ချင်တော့လို့ စာရင်းဇယားတွေ မင်းတို့ကို ငါ ပေးလိုက်တာ။ မင်းတို့ လွတ်လွတ် လပ်လပ် လိမ်ခွင့်ရှိတယ်၊ ငါလည်း လွတ်လွတ်

www.burmeseclassic.com

www.burmeseclassic.com



လပ်လပ် သုံးခွင့်ရှိသေးတယ်။

အရက်သမားမို့လို့ ပ,ထုတ်ဖို့ မစဉ်းစားနဲ့ ကြာတယ်ကွာ မင်းစကားများတယ်ဆိုတာ ဝန်ခံ မလား။ ဝန်မခံဘူးလား''

အဖေ့ကို ကျွန်တော် ဝင်ဆွဲထားလိုက်သည်။ ထိုအခါကျမှ ဦးလေးက...

''ဟုတ်တယ် ကျွန်တော် စကားများသွား တယ်''

''အေး...ရပြီ၊ မင်းပြန်တော့။

မင်းမြဲမြဲမှတ်ထား၊ မြတ်သူဆိုတဲ့ကောင်က သူတောင်းစားအလုပ် ဘယ်တော့မှမလုပ်ဘူး မင်းတို့ဆီမှာ ငါလာတောင်းတာ မဟုတ်ဘူး ငါ လာ...ယူ...တာ''

အဖေ့စကားအဆုံးတွင် ဦးလေး လှည့်ထွက်သွားသည် အဖေက...

''ငါ သေသွားရင်တောင် ငါ့နေရာမှာ ငါ့သား ရှိသေးတယ်ဆိုတာ မင်းတို့မမေ့နဲ့''

ကျွန်တော် အဖေ့ကို တွဲထားရ၏။

အဖေ့မျက်နှာကို ကျွန်တော် ငေးကြည့်နေမိသည်။



မနက်ပိုင်းမျှသာ ရှိသေး၏၊ အဖေ့ထံမှ အရက်နံ့ ထွက်နေပေပြီ။

''အဖေ အရောကြီးရှိသေးတယ်''

''နေထွက်တာ မြန်လို့ စောသွားတာပါကွာ၊ မင်းကလည်း''

''အဖေ''

''ဘာလဲ''

''အဲဒီ့ အဲဒီ့ဟာ၊ အဖေဖြတ်လို့ မရဘူးလား''

''မရဘူး။ ငါဖြတ်ခဲ့တာများပြီ။ မင်း မိဘကို ဆရာမလုပ်ပါနဲ့''

''ဆရာလုပ်တာမဟုတ်ပါဘူး အဖေရာ။ အဖေ အရက်မသောက်ရင် အဖေ့မှာ ဘာ ခြွင်းချက်မှ မရှိဘူးလို့ သား တွေးနေတာပါ''

''ဟေ့ကောင် လျှိုင်မျိုး။ မင်းက ငါအရက် သမားမို့ သိက္ခာကျတာ မခံချင်လို့လား''

''မဟုတ်ဘူး။ သိက္ခာကျတာကို သား ခံနိုင် တယ်၊ ရင်ဆိုင်ရဲတယ်၊ သားက အဖေ့ကို သနား လို့''

ရင်ထဲတွင် နင့်ရသည်။

''အေး ငါက ပြင်လို့မရတော့ဘူး။ အဖေ တစ်ယောက်အနေနဲ့ မင်းကို ပြောချင်တာကတော့ ငါပြောသလိုလုပ် ငါလုပ်သလို မလုပ်နဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်တောင် မင်း မသောက်နဲ့ကွာ။ ဆေးလိပ်ကနေ ဆေးခြောက်၊ ပြီးရင် တခြား ဆေးပြားတွေ၊ ပြီးရင် ဘိန်းဖြူအထိ ပတ်သက် သွားတတ်ကြတယ်၊ ငါက အဲဒါတွေနဲ့ မပတ်သတ် ချင်လို့ အရက်သောက်နေတာ။

ဟိုးတုန်းက အပေါင်းအသင်းစုံတယ်။ ကိုမြတ်သူဆိုရင် အားလုံးက ဝိုင်းဝိုင်းလည်ပဲ။ အဲဒီ ဝိုင်းဝိုင်းလည်ခဲ့တဲ့ အပေါင်းအသင်းတွေ ကြောင့် ငါ.ဒီဘဝရောက်သွားတာ၊ မင်း အပေါင်း အသင်းလည်း ကြည့်ပေါင်း''

''ဟုတ်ကဲ့ အဖေ''

အဖေ့ထံမှ တစ်ခုခုရလိုက်ဘိသကဲ့သို့ ကျွန်တော် ခံစားရ သည်။

[၉]

အဖေ့တွင် ဖခင်စိတ်ရှိနေသေးသည်။ လူတစ်ယောက်၏ အသိဉာဏ် ကိန်းဝပ်နေသေးသည်ဟု ကျွန်တော်ယုံကြည်သည်။

အရက်မူးနေစဉ်နှင့် အရက်ရှိန်မပြယ်သေးချိန်တို့တွင်၊ မှား ယွင်းသောအပြုအမူ၊ ကြမ်းတမ်းသော အပြောအဆိုတို့ကို၊ အဖေ ပြုမူပြောဆိုနေခြင်းသည် အခြားသော အသိတစ်ခုခုဖြင့် ပြောဆိုနေမိ ခြင်းဟု ကျွန်တော်ထင်မိသည်။

တစ်ခါတစ်ရံ အမေက ဘာမျှပြန်မပြောဘဲနှင့် ''နင် ငါ့ကို ဘာပြန်ပြောတာလဲ''ဟု အစချီကာ ရိုက်မောင်းပုတ်မောင်း ပြုသည် အထိ ပြဿနာဖြစ်ရသည်ကို ကျွန်တော်ကြုံဖူးသည်။

မပြောသည်ကို ပြောသကဲ့သို့၊ မဟုတ်သည်ကို ဟုတ် သကဲ့သို့၊ မကြားသည်ကို ကြားသကဲ့သို့၊ ထင်ယောင်ထင်မှား ဖြစ်နေ တတ်၏။ ဤသည်ကိုပင် အရက်ကြောင်ရောဂါဟု အမည်တပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

မည်သို့ပင်ဖြစ်စေ၊ အဖေ့အသိဉာဏ်ထဲ၌ အရက်ဖြတ်ချင်သည့် အသိတရားမျိုး ကိန်းဝပ်စေချင်သည်။ ကြောက်ရွံ့ရှိသေရမည့် သူတစ်ဦးဦးက အဖေ့ကို အရက်ဖြတ်ဖို့တိုက်တွန်းနိုင်လျှင် ကောင်းလိမ့်မည်ဟု ကျွန်တော်မျှော်တွေး၏။ သို့သော် အဖေက မည်သူ့စကားကိုမျှ နားမဝင်။ လက်မခံ။

အဖေ့အသိဉာဏ်က ငြင်းဆန်သလား၊ အဖေ့အသွေးအသားက ငြင်းဆန်သလား၊ ကျွန်တော် မခန့်မှန်းတတ်။

အဖေ့တွင် ဖခင်စိတ်ရှိနေသောအချိန်ငယ်လေးကို ကျွန်တော် ကြုံတွေ့ချင်မိသည်။ ထိုအချိန်ငယ်လေးအတွင်း သားတစ်ယောက်၏ လိုလားချက်ကို၊ တောင်းဆိုမည်ဟု ကျွန်တော်တွေးထား၏။

အရက်ဆိုင်တွင် အဖေရန်ဖြစ်နေသည်ဟု သတင်းကြားရသည်။

ဆိုင်အတွင်းသို့ ရေးကြီးသုတ်ပြာဖြင့် ကျွန်တော်ရောက်သွားသည်။ အဖေကြမ်းပြင်တွင် ခွေခွေလေး လဲနေ၏။ အဖေ့ကို ထူလိုက်သည်။ ပွစိပွစိပြောနေသော အဖေ့ကို မျက်နှာသွဲ့လှည့်လိုက်သည်။ အဖေ့နှုတ်ခမ်းစပ်နှင့် နှာခေါင်းဝတွင် သွေးစတွေကို တွေ့၏။ ထိုသွေးစများက အဖေ့အကျီရင်ဘတ်ကိုပင် ပေကျံနေပေပြီ။

အဖေ့ကိုကျွန်တော်တွဲသည်။ "ဒီကောင်တွေ မလောက်လေး မလောက်စား"ဟု အဖေ့ပါးစပ်မှ တတွတ်တွတ် ပြောနေပြန်၏။ ကျွန်တော် ဆိုင်အတွင်းရှိ စားပွဲများဆီသို့ ဝေ့ခနဲ ကြည့်လိုက်၏။ ပြီးနောက် ဆိုင်ရှင်ဘက်သို့လှည့်ပြီး...

"အဖေ ဘယ်သူနဲ့ဖြစ်တာလဲ"

ဆိုင်ရှင်ထံမှ အသံမထွက်...။

ရပ်ကွက်ထဲမှ သံချောင်းဆိုသော လူတစ်ယောက် ဝုန်းခနဲ ထရပ်သည်ကို မြင်ရ၏။

"ငါနဲ့ဖြစ်တာ"

မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကျွန်တော် ကြည့်ပစ်လိုက်သည်။ ထောင်းခနဲထလာသည့် ဒေါသပါးပြင်းကို ပြန်လည် ထိန်းသိမ်းလိုက်၏။ နံဘေးတွင် အဖေရှိနေသေးသည်ဟု ကိုယ့်ကိုယ်ကို သတိပေးသည်။

"ကျွန်တော်တောင်းပန်ပါတယ် ကိုသံချောင်း"

"မလိုဘူး ဟေ့ကောင်၊ မင်းအဖေကို မင်း နိုင်အောင်ထိန်း"

အဖေ့ကို အိမ်သို့ အမြန်ပြန်ပို့မှ ဖြစ်ပေတော့မည်။

အိမ်ထဲတွင် အဖေ့ကို သည်အတိုင်းထားခဲ့၏။ အိမ်သော့ကို အပြင်မှ ပိတ်ခဲ့သည်။ အရက်ဆိုင်သို့ ကျွန်တော် တစ်ခေါက်ပြန်သွား၏။ ဆိုင်အနီးသို့ရောက်သောအခါ ဒုန်းစိုင်းလာရသည့် ခြေလှမ်း

www.burmeseclassic.com



[illegible]လိုက်သည်။ တင်းမာလွန်းနေသော ဒေါသမျက်နှာကို [illegible]သော မျက်နှာအဖြစ် အသွင်ပြောင်း၍၊ ဆိုင်အတွင်းသို့ ခေါင်းငုံ့လျက် ဝင်လာလိုက်သည်။

ကျွန်တော် ဝင်လာသည်ကို မည်သူမျှ ဂရုမစိုက်ကြ။ ကိုသံချောင်းဆိုသူ၏ စားပွဲသို့ ကျွန်တော်သွားသည်။ သူ့အနီးသို့ ကျွန်တော် ရောက်နေသည့်တိုင်၊ ကျွန်တော့်ကို လှည့်မကြည့်။ မလောက်လေး မလောက်စားမှို့ ဂရုမပြုသည့်ဟန်။ သူ့ဘေးနားမှ အဖော်နှစ်ယောက်က၊ ကျွန်တော့်ကို မော့ကြည့်သည်။

"အဖေနဲ့ ဘယ်လိုဖြစ်တာလဲ ကိုသံချောင်း။ ကျွန်တော့်ကို ပြောပြပါ"

"မင်းအဖေကို မင်း အိမ်ပြန်ပို့ပြီးပြီ မဟုတ်လား၊ ပြီးရောပေါ့။ မင်းက ဘာအမေးအမြန်းလာထူနေတာလဲ"

"မဟုတ်ဘူး ကိုသံချောင်း။ အမေ မေးခိုင်းလို့ပါ။ ဘယ်လိုက ဘယ်လို ဖြစ်တာလဲတဲ့"

"မင်းအမေနဲ့မင်းအဖေကွဲနေတာ မဟုတ်လား"

"ကွဲနေတာ မဟုတ်ပါဘူး။ အဖေက ရစ်လို့ အမေက ရှောင်နေတာပါ၊ အဲဒါ မေးခိုင်းလို့ပါ"

ကိုသံချောင်းက တစ်ခွက်စာမျှ ကျန်နေသော ပုလင်းထဲမှ အရက်ကို ဖန်ခွက်ထဲသို့ငှဲပြီး...

"မင်းအဖေ ငါ့ဘေးနားက ဒယိမ်းဒယိုင်နဲ့ ဖြတ်သွားတယ်။ ငါနဲ့ဝင်တိုက်မိပြီး သူလဲသွားတယ်။ အဲဒါ ငါ ခြေထိုးခံတယ်ဆိုပြီး လာရစ်တယ်။ အဲဒါနဲ့ ငါ တီးလိုက်တာ"

"ဘယ်နှစ်ချက်လောက် တီးလိုက်တာလဲ ကိုသံချောင်း"

"လက်ဝါးနဲ့တစ်ချက်။ လက်သီးနဲ့တစ်ချက်"

သူ့ရှေ့ရှိ ပုလင်းလွတ်ကို ကျွန်တော် တစ်ချက်ကြည့်လိုက်သည်။

"ကျွန်တော်တောင်းပန်ပါတယ် ကိုသံချောင်း။ အဖေ မှားတဲ့အတွက် ကိုသံချောင်းကို ကျွန်တော် တောင်းပန်တယ်၊ အဖေ့ကို ခင်ဗျားထိုးတဲ့အတွက်တော့..."

ကျွန်တော့် ဒေါသစိတ်၊ လွတ်ထွက်သွားရသည်။

●

ထိုကိစ္စဖြင့် ကျွန်တော် ရပ်ကွက်လူကြီးရုံးသို့ ရောက်သည်။ ကိုသံချောင်း၏ နှာခေါင်းရိုး ကျိုးသွားသည်ဟု သိရ၏။ တရားတပေါင်ဖြစ်သည်အထိ အမှုမကြီးမားသော်လည်း အမေနှင့် ကျွန်တော့်ကြီးတော်တို့မှ ဆေးဖိုးဝါးခ ပေးအပ်တောင်းပန်လိုက်ရ၏။

"အဖေ့ကိုထိုးတဲ့အတွက်ရော"ဟု ကျွန်တော် စကားအဆွဲ[illegible]တက်သဖြင့် ရပ်ကွက်လူကြီးများရှေ့တွင် အမေ ကျွန်တော့်ကို စကား







www.burmeseclassic.com

www.burmeseclassic.com



ဘန့်သည်။ မကျေနပ်ကျေနပ်ဖြင့် ကျွန်တော်ငြိမ်သက်လိုက်ရသည်။

ထိုနေ့မှစ၍ အဖေတစ်ခုခုမှားယွင်းပြီဆိုလျှင် ကျွန်တော့်ထံ လာပြောကြသည်။ အဖေ့ကို မည်သူမျှ လက်ဖျားနှင့် မတို့ကြ။

ဂုဏ်ယူဝံ့ကြွားစရာကိစ္စမဟုတ်သော်လည်း၊ အဖေ့ကို ကာကွယ်ပေးလိုသော သားတစ်ယောက်အဖြစ် ကျွန်တော် ကိုယ့်ကိုယ်ကို ကျေနပ်မိသည်။

လောက၌ မကောင်းမြတ်သော မိတ်မျိုးရှိလင့်ကစား မိတ်ကို မိတ်အဖြစ် သတ်မှတ်ရှိသေသည့် သားသမီးများထဲတွင် ကျွန်တော် ပါဝင်ချင်သည်။ အဖေ့ကို ကျွန်တော် ရှိသေလျက်ရှိပါသည်။



[၁၈]

ယနေ့ ကျောင်းပိတ်ရက်ဖြစ်သည်။ မနက်ဆယ်နာရီလောက်င် အဖေ အိမ်မှ ထွက်သွား၏။ ဘယ်သွားမလို့လဲ ကျွန်တော်သည်။ ငါးဒိုင်သွားမလို့ဟု ပြော၏။

အပြန်တွင် အဖေ့လက်ထဲမှာ ငါးကြီးတစ်ကောင် ပါလာ ကျွန်တော် စာကျက်ရင်း အဖေ့ကို လှမ်းကြည့်မိသည်။ ငါးဒိုင်မှလာသည့် ငါးကြီးကို ကိုယ်တိုင် ခုတ်ထစ်ပိုင်းဖြတ်နေ၏။ အဖေယ်တိုင် ငါးဟင်းချက်တော့မည်ဟု သိ၏။

အဖေ့ကို ကူလုပ်ချင်သော်လည်း အဖေချက်ပြုတ်နေသည်ကိုသောကျသဖြင့် ကျွန်တော် စာကိုသာ ဆက်ကျက်နေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ ထမင်းဝိုင်းပြင်နေတော့မှ ကျွန်တော် စာကျက်ရပ်

သည်။ အဖေ့ထံမှ အရက်နံ့ အနည်းငယ်ရနေ၏။ သို့သော် အဖေ့ပုံ

သည် မူးမူးရူးရူးပုံစံမဟုတ်။ တကယ့်ဖခင်တစ်ယောက်၏ တည်ကြည်

သောပုံစံမျိုး ဖြစ်နေသည်။ သည်လိုအခြေအနေမျိုးတွင် အဖေနှင့်

အမေကို အတူတွဲလျက်၊ ကျွန်တော် မြင်ချင်သည်။

"လာလေကွာ ထမင်းစားမယ်"

ထမင်းစားဖို့ လက်ဆေးပြီးတော့မှ ကျွန်တော့်စိတ်ထဲ

အမေနှင့် ညီမလေးကို၊ သတိတရ ဖြစ်သွားရချေသည်။

"ဟော့ကောင် ထမင်းပန်းကန်လက်တင်ပြီး

မငေးကောင်းဘူး။ စား…"

ကြော်ချက်ချက်ထားသော ငါးတုံးတစ်တုံးကို ကိုက်ဖဲ့လျက်

အဖေ ပလုတ်ပလောင်းစားသည်။ ကျွန်တော် အဖေ့ကို ငေးကြည့်နေ

မိ၏။

"လိုင်မျိုး မင်းက ဘာဖြစ်နေတာလဲ၊ ဘာလဲ

ငါနဲ့ ထမင်း အတူမစားချင်လို့လား၊ ဟုတ်လား

ငါနည်းနည်းပဲ သောက်ထားတာပါကွ"

သက်ပြင်းမောတစ်ချက် ချလိုက်ရသည်။ ပြီးမှ…

"မဟုတ်ဘူးအဖေ၊ အဖေနဲ့ အတူမစားချင်လို့

မဟုတ်ဘူး။ အဖေကိုယ်တိုင်ချက်ကျွေးတဲ့ ထမင်း

ကို၊ အဖေရော၊ အမေရော၊ ညီမလေးရော

သားရော အတူတူဝိုင်းဖွဲ့ပြီး စားချင်လို့"

အဖေ့ စားလက်စထမင်းလုတ် ပန်းကန်နှုတ်ခမ်းဝ





အထက်နားတွင် ရပ်တန့်သွားသည်။ ထိုထမင်းလုတ်ကို ထမင်း

ပန်းကန်ထဲသို့ အဖေ ညင်သာစွာ လွှတ်ချလိုက်ပြီး…

"ငါ့မှာ မိသားစုစိတ်ဓါတ် ရှိတယ်ကွ၊ မင်း

အမေမှာ မရှိဘူး။ ငါ့မိသားစုနဲ့ ငါ အခုလို

တပျော်တပါးစားချင် သောက်ချင် သွားချင်လာချင်

တဲ့စိတ် ငါ့မှာရှိတယ်။ ဒါပေမဲ့ အဲဒီစိတ်တွေကို

မင်းအမေ မမြင်ဘူး"

"မြင်ပါတယ် အဖေရယ်၊ အမေက အဖေ့

အပေါ်မှာ နားလည်း လည်တယ်။ ခွင့်လွှတ်စိတ်

လည်း ရှိတယ်။ ဒါပေမဲ့ အဖေက မူးလာရင်

အမေ့ကို အရမ်းနှိပ်စက်တယ်"

မငုံ့မရဲပြောသောစကားမို့ အဖေ့ကိုမျက်နှာလွှဲကာ ပြောရ၏။

"ငါ နှိပ်စက်တာမဟုတ်ဘူး။ ငါမူးနေရင်

ဘာမှမသိတော့ဘူး"

"ဟုတ်တယ်၊ အဲဒါကို အမေက ကြောက်ပြီး

ဒေါ်ဒေါ်တို့အိမ် ထွက်သွားတာ"

အဖေ ထမင်းမစားဘဲ ငါးကြော်တွေကိုသာ စားနေတော့

ပြီးနောက်…

"ငါက အမူးသမားမို့ မှားတယ်ပဲ ထားပါ

တော့၊ မင်းအမေက မမူးဘူးကွ၊ မမူးဘဲနဲ့ သူ

အမှားလုပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေဘာမှားလို့လဲ"ဟု ကျွန်တော် နားမရှင်းစွာ မေးလိုက်၏။

"ငါက မူးပေမဲ့ မမူးတဲ့အချိန်မှာ ငါ့အိမ်၊ ငါ့ယာ၊ ငါ့မိသားစုကို ငါသိတယ်ကွ။

ငါ့အိမ်၊ ငါ့မိသားစုကို ငါ မစွန့်ခွာဘူး။ မင်းအမေက စွန့်ခွာတယ်၊ ငါနိုင်စက်မိလို့ စွန့်ခွာတာကို ငါ မပြောလိုဘူး။

ဒါပေမဲ့ စွန့်ခွာတယ်ဆိုတာ ပြိုကွဲခြင်းရဲ့အစပဲ၊ မိသားစုပြိုကွဲခြင်းရဲ့ အစပဲ။ မိသားစု ပြိုကွဲအောင် မင်းအမေ လုပ်တာကွ"

အဖေ့ကို ကျွန်တော် စကားမနိုင်။

"ဘာပဲဖြစ်ဖြစ်ပေါ့ အဖေရယ်၊ အဖေ အရက်မသောက်ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

အဖေက ကျွန်တော့်ကို မျက်လုံးဝိုင်းလျက်ကြည့်ပြီး…

"ဟော့ကောင် ငါက ဟိုတုန်းက ဆေးသမားကွ၊ အဲဒါတွေကို မငြိချင်လို့ အရက်သောက်တာ အရက်မှမသောက်ရရင် ငါ လျှောလိမ့်မယ်"

"ဆေးရုံတွေ ဘာတွေမှာ သေသေချာချာ နည်းစနစ်ကျကျ ဖြတ်ရင် မလျှောပါဘူး အဖေရာ…"

"ငါ့ကိုယ်ငါ အသိဆုံးပါကွ၊ မင်း ဆရာမလုပ်ပါနဲ့၊ အရက်သမားရဲ့သား ဖြစ်နေရတာကို မင်း





ရှက်နေပြီလား…"

ခေါင်းညိတ်ချင်သည်။ သို့သော် အဖေ့ကို အားနာ၏။

"ရှက်တော့မရှက်ပါဘူး အဖေရာ၊ ဒါပေမဲ့… အဖေက တစ်ခုခုရဲ့ ကျွန်ဖြစ်နေတယ်လို့ သား ခံစားနေရတယ်။

အဖေ့ကို တစ်ခုခုက နိုင်နေတာမျိုး သား မမြင်ချင်ဘူး၊ လူလူချင်းတောင် အဖေ့ကိုထိရင် သား ဝင်တီးသေးတာပဲ၊ အခု အဖေ့ကိုနိုင်နေတာက လူမဟုတ်ဘူး၊ အရက်…။ လူသာဆိုရင် အဲဒီအရက်ဆိုတဲ့အရာကို အဖေ့ကို အနိုင်ကျင့်တဲ့ကောင်ဆိုပြီး သား သတ်ပစ်လိုက်မှာ။

အဖေ့ကိုနိုင်နေတဲ့ အဲဒီအရက်ဆိုတာကြီး မြန်မာနိုင်ငံမှာ မရှိရင် ကောင်းမယ်လို့ သား တွေးမိတယ်။ ဒီနိုင်ငံမှာ အရက်မရှိရင် အဖေ ဘယ်လိုလုပ်မလဲ"

အဖေ့သက်ပြင်းချသံ ပြင်းထန်လွန်းသည်။

"အရက်မရှိရင် ငါသေမှာပေါ့ကွ၊ လှိုင်မျိုး… ငါ့သား၊ မင်းပြောတာတွေကို ငါနားလည်တယ်၊ သိတယ်။ သိတဲ့အတိုင်း မလုပ်နိုင်တဲ့သူကိုလုပ်ဖို့ မင်းပြောနေရင် မင်း အာညောင်းမယ်၊ မပြောနဲ့တော့။

မင်းက အရက်သမားရဲ့သား ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရလို့ သိပ်စိတ်ညစ်နေတယ်ဆိုရင် မင်း
ငါ တစ်ခုပြောမယ်။ မင်း အဖေဖြစ်တဲ့အခါ
မှာ မင်းရဲ့ သားသမီးတွေကို အရက်သ
ရဲ့ သားသမီးတွေ မဖြစ်စေနဲ့။

အဲဒါ...မင်းကို ငါပေးတဲ့ စကားလ
ဆောင်ပဲ။ ကဲ ထမင်းစားတော့"

ငါးကြော်တစ်တုံးကို အဖေထည့်ပေးသည်။

"စားလေကွာ"

အဖေ့ကို ငေးကြည့်ရင်း ထမင်းတစ်လုတ်ကို ပါးစပ်ထဲ
ထည့်ငါးလိုက်၏။ ထမင်းလုတ်ကို မျိုမချရသေး။ သို့
လည်ချောင်းထဲတွင် နင်နေသည်။

ထိုနေ့ညတစ်ညလုံး ကျွန်တော် စာမကျက်တဲ့ ငုတ်တုတ်
လျက် အချိန်များစွာ ကုန်ခဲ့သည်။ စိတ်လွတ်ကိုယ်လွတ် အိပ်ပျော်
သော အဖေ့ကို ငေးကြည့်နေမိသေးသည်။ အတန်ကြာ
နေမိပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချပြီး အဖေ့ကို ပြော
သည့်စကားများအား စာပိုဒ်များအဖြစ် ရေးချလိုက်လေသည်။





အမေ...

အမေ့ကို သား ဒီစာနဲ့ ကန်တော့ခဲ့ပါတယ်။

အမေ့အပေါ်မှာ သား ကာယကံ၊ ဝစီကံ၊ မနောကံ တစ်ပါးပါးနဲ့ ပြစ်မှားကျူးလွန်ခဲ့သလို ဖြစ်ခဲ့ရင် အမေ သားကို ခွင့်လွှတ်ပါ။

ဒီစာကို အမေဖတ်နေတဲ့အချိန်မှာ အမေ့နားမှာ သား ရှိတော့မှာ မဟုတ်ဘူး အမေ။

အမေရယ်...အမေ့ကို သား အရမ်းချစ်ပါတယ်။ ဒါပေမဲ့ အမေ သားကို မချစ်ဘူးလို့ သား ခွဲခွာလိုက်ပါရစေ။

အမေ သားကိုရော၊ ညီမလေးကိုရော၊ အမေ့ကိုရော တကယ်ချစ်တယ်ဆိုရင် အမေ အရက်ကို ဖြတ်ပေးပါ။

အမေ အရက်မဖြတ်ရင် သား အမေနဲ့လည်း မနေတော့ဘူး။

ဒီနှစ် သင်္ကြန်အားကစားပွဲလည်း မပြိုင်တော့ဘူး။

သားအဝတ်အစားတွေပဲ ယူသွားတယ် အမေ။ ကျောင်းစာအုပ်တွေ တစ်အုပ်မှ ယူမသွားဘူး။ ကျောင်းလည်း မတက်တော့ဘူး။

အမေ အရက်သောက်တာကို မကျေနပ်လို့၊ အမေ အရက်သမားကြီးဖြစ်နေတာကို ရှက်လို့ သား ဒီလိုဆုံးဖြတ်လိုက်တာ မဟုတ်ပါဘူး။ သားတို့ချစ်တဲ့အမေဟာ အရက်ရဲ့ကျေးကျွန် ဖြစ်နေတာကို မမြင်ရက်လွန်းလို့ သား အခုလို ဆုံးဖြတ်လိုက်တာပါအမေ။

အမေဟာ ရုံးအပြန်မိုးချုပ် အမေဟာ အိမ်ပြန်မရောက်သေးတဲ့ ညနေခင်းတွေမှာ သားနဲ့ညီမလေးနဲ့ အိမ်တံခါးဝက လှေခါးထစ်မှာ ငုတ်တုတ်ထိုင်ပြီး မိဘတွေရဲ့ အိမ်အပြန်ကို



www.burmeseclassic.com

www.burmeseclassic.com



[illegible] စောင့်မျှော်ခဲ့ရတဲ့ရက်တွေ အများကြီးပါ အဖေ။

အမေပြန်ရောက်တဲ့အခါကျပြန်တော့ သားအမိသုံးယောက် အဖေ့အလာကို တမျှော်မျှော်နဲ့ စောင့်နေကြရတာပါ။ အဖေ ဘယ်သူနဲ့ ရန်ဖြစ်လာမလဲ အဖေ့ကို ဘယ်သူတွေ အနိုင်ကျင့် လိုက်ကြမလဲဆိုတာ ရင်တမမနဲ့ မိုးရိပ်ပြီး စောင့်မျှော်နေကြရ တာပါ အဖေ။

အဖေ ပြန်လာပြန်တော့လည်း ပြန်လာတဲ့အချိန်က ညကြီး မိုးချုပ်ပြီးတော့ တစ်ခုမဟုတ်တစ်ခုနဲ့ အမေ့အပေါ် အဖေ ရန်လုပ်၊ အပြစ်ပြော။ ပြောလို့ အမေက ခွန်းတုံ့ပြန်မိတဲ့ အခါ အဖေက ရိုက်၊ အမေငို။

သားနဲ့ညီမလေးနဲ့ အိမ်ထောင့်မှာ ကုပ်ကုပ်လေးနေပြီး မိဘနှစ်ပါးကိုကြည့်ရင်း ရင်ထဲမှာ နင့်ခဲ့ကြရတာပါ အဖေ။ ညီမလေးဆိုရင် တစ်ခါတလေ အဖေ့ကို ကြည့်ပြီး အသားအတက်သက် တုန်အောင် ကြောက်လန့်နေရှာတာပါ။

အိမ်ရဲ့စားဝတ်နေရေးကိုတောင် အဖေ့ခေါင်းထဲမှာ ထည့် မထားနိုင်တော့လောက်အောင် အရက်က အနိုင်ယူနေပြီဆိုတာ သားသိလိုက်တဲ့အချိန်မှာ သား အဖေ့ကို အရမ်းသနားသွားခဲ့တာပါ အဖေ။ ဖခင်ဖြစ်ပြီး မိသားစုကို ဦးမဆောင်နိုင်တဲ့သူ မိသားစုကို နှိပ်စက်တဲ့သူလို့ သား အဖေ့ကို မစွပ်စွဲရက်ပါဘူး။

ဖခင်မေတ္တာဆိုတာကို အရက်က ဝါးမျိုပစ်လိုက်တာပဲလို့သာ သား နှလုံးသွင်းထားပါတယ် အဖေ။





အမေကလည်း အဖေ့ကို လုံးဝမမုန်းပါဘူး။

ညစဉ်ညတိုင်း အဖေနဲ့ပြဿနာဖြစ်တော့ အမေ အိပ်ရေး မဝဘူး၊ အိပ်ရေးမဝတဝနဲ့ ရုံးသွားတဲ့အခါ ကြာရင် အမေ ဘုန်းဘုန်းလဲသွားနိုင်တယ် အဖေ၊ အဲဒါကြောင့် အမေက အဖေနဲ့ ဝေးဝေးလေးမှာ သွားနေတာပါ။

အမေ့ခမျာ ရုံးသွားရင်တောင် သွားရေစာမုန့်လေးတွေ၊ ငှက်ပျောသီးတွေကို သယ်သွားရတယ်။ အဲဒီ သယ်သွားတဲ့ပစ္စည်း တွေကို ရုံးက လုပ်ဖော်ကိုင်ဖက်တွေက ဝယ်စားကြတယ်၊ ရုံးကရတဲ့ လခလေးရယ် အဲဒီအမြတ်ငွေလေးရယ်နဲ့ အမေ သားတို့ မောင်နှမကို ကျွေးမွေးနေရတာပါ။ အဲဒါကို အဖေ လုံးဝမသိဘူး။ အမေကလည်း အဖေနဲ့အတိုက်အခံဖြစ်မှာစိုးလို့ ငွေရေးကြေးရေးကိစ္စကို မပြောပြမိတာ နေမှာပါ။

ကျောင်းစရိတ် လုံးခန်း ခဲခဲနဲ့လိုအပ်တဲ့ အခါမျိုးမှာ အမေ့လက်ဝတ်လက်စားတွေ တစ်ခုပြီးတစ်ခု ပျောက်ပျောက်ပြီး သွားတော့တာပဲ အဖေ၊ အခု အမေ့မှာ ဘာလက်ဝတ်လက်စားမှ မရှိတော့ဘူး။

ဒီအကြောင်းကို သားပါးစပ်က အဖေ့ကိုပြောပြရင် အဖေ နားတောင်ခံမှာလည်း မဟုတ်ဘူး။ အဲဒါကြောင့် သား စာရေးပြီး ပြောခဲ့တာပါ။

အဖေရဲ့ အသိတရားကို အရက်က အဲဒီလောက်တောင် ဖျက်ဆီးပစ်ခဲ့တာဆိုတော့ အဖေရယ် ကြာရင် သား ရင်ကွဲရလိမ့်မယ်။ မျက်ရည်မကျရဘူး...လို့ အဖေ မှတ်ထားပေးတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သား ဘယ်တော့မှ မျက်ရည်မကျအောင် ကြိုးစားပါ့မယ်။ ဒါပေမဲ့ သားဘဝတစ်လျှောက်လုံးမှာ အမေ့မျက်ရည်၊ ညီမလေး မျက်ရည်တွေကြားထဲမှာ နေခဲ့ရတာပါ။ သားလည်း ငိုချင်ပါတယ် အမေ။

အမေ့ကိုချစ်တဲ့ သားတစ်ယောက်အနေနဲ့ အမေ့စကားကို လိုက်နာပြီး သား မျက်ရည်မကျတော့ပါဘူး အမေ။ ဒီစာကိုရေးရင်း သား မျက်ရည်ဝဲနေတာပါ။ ရင်ထဲမှာ ဆို့နေတာပဲ အမေရယ်။ ရင်နာနာနဲ့ပဲ သား ဆုံးဖြတ်လိုက်ပါရစေ။

အမေအရက် ဆက်သောက်နေသမျှ သားအမေ့နားမှာ မနေတော့ဘူး။ ဆယ်တန်းစာမေးပွဲကို ဝင်မဖြေတော့ဘူးအမေ။ အဲဒီအတွက် သားကို အမေ ခွင့်လွှတ်ပါ။

အမေအရက်ဖြတ်ပါစေ...လို့
သား နေ့တိုင်း ဆုတောင်းနေပါ့မယ်။
အမေ့ကိုချစ်တဲ့
သား[redacted]

စာရွက်ကို အသေအချာခေါက်ပြီး အိပ်ရာမှ မနီးသေးသော အမေ့ရင်ဘတ်ပေါ်သို့ တင်လိုက်သည်။ ပြီးနောက် အမေ့ကို လက်အုပ်ချီလျက် ရှိသေကိုင်းညွှတ်စွာ၊ ဝမ်းနည်းကြေကွဲစွာ၊ ရင်ဆို့မွန်းကြပ်စွာဖြင့် ကျွန်တော် ကန်တော့လိုက်သည်။

(သားကို ခွင့်လွှတ်ပါ အမေ)။





အမေ့အစ်မ ကျွန်တော့်အဒေါ် (ဒေါ်ဒေါ်) ဒေါ်ခင်ကြည် ...သို့ ကျွန်တော် အထုပ်အပိုးဖြင့် ထွက်လာခဲ့သည်။

ကျွန်တော် ပြုမူဆုံးဖြတ်ခဲ့သည့် အကြောင်းရပ်ကို ဒေါ်ဒေါ်နှင့် ...မှအား ကျွန်တော် ပြောပြဖြစ်သည်။ အမေကလည်းကောင်း၊ ...ဒေါ်ကလည်းကောင်း ကျွန်တော့်အစ်မ ဝမ်းကွဲများကလည်း ...ကောင်း၊ ကျောင်းစာ အထိခိုက်ခံလိုက်ခြင်းအပေါ် အပြစ်ဖို့ကြ၏။

"သူ့ဘာသာသူ သောက်သောက် မသောက်သောက်ပေါ့။ ...ယ့်စာမေးပွဲတော့ ကိုယ် ဖြေသင့်တာပေါ့။ တောင်းဆိုတယ်ဆိုတာ ...ဲ့တောင်းဆိုတဲ့အပေါ်မှာ ဖြည့်ဆည်းပေးနိုင်မယ့်သူကိုသာ လုပ်ပြရ ...။ အခု မင်းအမေက ဘာတန်ဖိုးကိုမှ သိတော့ တာမဟုတ်ဘူး။ ...ါကို ကိုယ့်ပညာရေး အထိခိုက်ခံပြီး တောင်းဆိုခဲ့တယ်ဆိုတော့ ... မိုက်တာပေါ့ သားရယ်"ဟု ဒေါ်ဒေါ်က ဝေဖန် ရှင်းလင်းပြောပြ ...သည်။

ကျွန်တော့်အသိဉာဏ်ဖြင့် ကျွန်တော် ဆုံးဖြတ်ပြီးပြီမို့ ...န်တော်ကတော့ ဆုံးဖြတ်ချက်ကို ပြင်ဖို့ အစီအစဉ်မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com

## [၁၁]

အဖေနှင့် လမ်းမှာတွေ့မည်စိုးသဖြင့် ကျွန်တော် အိမ်ထဲက အိမ်ပြင် မထွက်တော့။ အမေ့ကိုသာ ရုံးသွားချိန် ကားဂိတ်သို့ လိုက်ပို့ဖြစ်သည်။ ညီမလေးကို ကျောင်းအပို့အကြို မလုပ်ဖြစ်။

ကျောင်းတွင် အဖေနှင့်တွေ့သည်ဟု ညီမလေး ပြောသည်။ ကျွန်တော် ကျောင်းမတက်တော့ကြောင်း၊ စာမေးပွဲလည်း ဝင်ဖြေမှာ မဟုတ်တော့ကြောင်း အဖေ့ကို ပြောပြလိုက်သည်ဆို၏။ "စာမေးပွဲ ဖြေတာ မဖြေတာ ကိစ္စမရှိဘူး၊ မအေနဲ့အတူရှိမရှိ သိချင်လို့ ငါ လာမေးတာ။ သူ့မအေဆီမှာ ရှိရင် ပြီးရော"ဟု အဖေ ပြောသွားကြောင်း၊ ညီမလေးက ကျွန်တော့်ကို စကားပါးသည်။

ထိုစကားအသွားအလာတို့ကို နားထောင်ပြီး ကျွန်တော့်အမေ ခေါင်းကြည့်က...

"ကြားတယ်မဟုတ်လား...သား၊ မင်း ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိမရှိဘဲ သူ လာမေးသွားတာ၊ မင်း စာမေးပွဲမ
တော့ဘူးဆိုတာကို သူ သိပ်စိုးရိမ်ပုံ မပေါ်ဘူ
သားသမီးပညာရေးကိုတောင် အရေးတယူ ထည့်
မတွေးဘူး။

အဲဒီတော့ သားအစီအစဉ်ကို သား ပြင်လိုက်
တော့။ ဖအေကို ရွဲ့တာ၊ ဖအေက ဘာမှ မင်
နိုက်ဘဲ မင်းပဲ ထိခိုက်လိမ့်မယ်"

"သား အဖေ့ကို ရွဲ့တာမဟုတ်ဘူး ဒေါ်ဒေါ်
အဖေ့ကို သား တောင်းဆိုတာ၊ အဖေက သား
စာသိပ်တော်စေချင်တာ။ အခု စာမေးပွဲ မဖြေ
တော့ဘူးဆိုတော့ အဖေ သားရဲ့တောင်းဆိုချက်
ကို လိုက်လျောချင် လိုက်လျောမှာပါ"

အစ်မဝမ်းကွဲဖြစ်သူ မသဇင်က...

"လိုက်လျောချင်စိတ်ဖြစ်မှတော့။ ဟာ...
စာမေးပွဲ မဖြေဘဲတော့ မနေစေနဲ့ အဖေ အရက်
မသောက်တော့ဘူးလို့ နွေးနွေးနဲ့ တစ်ခါတည်း
မှာလိုက်မှာပေါ့ မဟုတ်ဘူးလား"

ကျွန်တော် စကားမတုံ့ပြန်နိုင်။

မသဇင်၏အောက် မကေခိုင်က...

"မောင်လေး နင် အတွေးမချော်နဲ့။ နင်
အဖေက နင့်တောင်းဆိုချက်ကို လိုက်လျောချင်
ရင်တောင် စိတ်က လိုက်ရောချင်တာပဲ ဖြစ်လိမ့်



မယ်။ လူက မသောက်ဘဲမှ မနေနိုင်တော့တာ။
အရက်သောက်ခဲ့တဲ့လူက အရက်ကို နည်းစနစ်
မမှန်ဘဲ ရုတ်တရက် ဖြတ်လိုက်ရင် သေတောင်
သေတတ်တယ်တဲ့။ နင့်အဖေက သူ သေမှာ
စိုးလို့ မဖြတ်တော့တာ နေမှာပေါ့။ မျှော်လင့်မနေ
ပါနဲ့တော့ မောင်လေးရယ်"

အမေ့ကို မဝံ့မရဲဖြင့် လှမ်းကြည့်မိသည်။ အမေ ဘာမှ
မပြော။ မျက်ရည်ဝဲနေ၏။

"ကိုကို..."

"ဘာလဲ ညီမလေး"

"ညီမလေးကို မဆူနဲ့နော်"

"ဘာကို ဆူရမှာလဲ"

အမေနှင့်အဒေါ်တို့အားလုံး အိမ်နောက်ဘက်သို့ ဝင်သွား
သောအခါကျမှ ညီမလေးနွေးနွေးက စာကျက်စားပွဲဝိုင်းမှနေ၍ စကား
ပျိုးပြီး ကျွန်တော် ရပ်နေရာ ပြတင်းပေါက်သို့ လာရပ်သည်။

ညီမလေးက...

"ညီမလေး ပြောမယ့်စကားက ကိုကို့ကို
အပြစ်တင်သလို ဖြစ်နေရင် ကိုကို စိတ်ဆိုးမှာ
စိုးလို့"

www.burmeseclassic.com

www.burmeseclassic.com



ဘာများပါလိမ့်ဟု ကျွန်တော် စဉ်းစားကြည့်သေးသည်။ မရ။

"မဆိုးပါဘူး၊ ညီမလေး ဘာပြောချင်လို့လဲ။ ပြော ကိုကို စိတ်မဆိုးဘူး"

အိမ်နောက်ဘက်သို့ တစ်ချက်ငဲ့ကြည့်ပြီး၊ ညီမလေးက

"ဟိုလေ ဒေါ်ဒေါ်တို့ မမတို့လိုတော့ ညီမလေး မတွေးတတ်ဘူး၊ သူတို့က ကိုကို စာမေးပွဲ မဖြေတော့ဘူးဆိုတာကို မှားတယ်လို့ ပြောတာ"

"အင်းလေ..."

"ညီမလေးက ကိုကို့အမှားတစ်ခုကို ထပ်တွေးမိလို့"

"ဘာအမှားလဲ"

ညီမလေး မျက်ရည်လည့်သည်။ မျက်တောင်တွေကို တဖျတ်ဖျတ်ခတ်သည်။ ပြီးနောက် ငိုဟန်ထိန်းလျက်...

"ညီမလေးက အဖေ့ကို ကြောက်တယ်။ ဒါပေမဲ့ မမုန်းဘူး။ ကိုကိုလည်း အဖေ့ကို ချစ်တာပဲ"

"ချစ်တာပေါ့ ညီမလေးရဲ့၊ ချစ်လို့..."

"မဟုတ်ဘူးကိုကို၊ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ ကိုကိုက အဖေ့ကို တစ်ယောက်တည်း ထားခဲ့တာ၊ အဖေက မူးမူးရူးရူးနဲ့ အစားအသောက် အနေအထိုင် ဖြစ်သလိုနေတာ။ ကိုကို





အနားမှာရှိတော့ အနည်းဆုံး စောင့်မကြည့်ဘဲ အိပ်နေရင်တောင် စောင်ခြုံပေးမယ့်သူ ရှိတာပေါ့။ အခုတော့ ကိုကိုက အဖေ့ကို တစ်ယောက်တည်း ထားခဲ့တယ်။ အဖေ ရေတောင် မှန်မှန်ချိုးမှာ မဟုတ်ဘူး"

ညီမလေး၏ နုတ်ခမ်းလေးကို ကျွန်တော့်လက်ချောင်းများဖြင့် အသာအယာ ဟန့်တားလိုက်ရသည်။ ဟန့်တားလိုက်သော လက်ချောင်းတွင် မျက်ရည်တွေ စိုစွတ်ကုန်၏။

"ကိုကို့ကို စိတ်မဆိုးပါနဲ့ ညီမလေးရယ်။ ကိုကို ရက်စက်ခဲ့တာ မဟုတ်ပါဘူး။ ဆုံးဖြတ်ခဲ့တာပါ။ အဖေ အရက်သောက်နေသေးသမျှ အဖေ့ဆီကို မပြန်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တာပါ။ ကိုကို့ဆုံးဖြတ်ချက်ကို ကိုကို မပြင်ချင်တော့ဘူး။ ကဲ...တာကျက်တော့။ အဲဒါတွေ တွေးမနေနဲ့တော့"

မျက်ရည်စတွေကို ဖယ်သုတ်ပေးလိုက်သည်။ အဖေ့မျက်နှာကို မြင်ယောင်၏။ ရင်မောရသည်။

ကျွန်တော် အလုပ်လက်မဲ့ ဖြစ်သွားသည်။ ကျောင်းသားက ကျောင်းသားအလုပ် (စာကျက်သောအလုပ်)ကို မလုပ်တော့ပြီးသည်



www.burmeseclassic.com

www.burmeseclassic.com



အလှူ်းဆက်ခဲ့ ဖြစ်သွားခြင်းပင်။ ကြီးတော်နှင့်အစ်မတွေကို ကူလုပ်ရခလိုလို၊ အမေ့ကိုပဲ ကူလုပ်ရမလိုလို၊ ညီမလေးကိုပဲ စာကူကျက်ပေးရမလိုလိုဖြင့် မနေတတ်မထိုင်တတ် ဖြစ်လာသည်။ ထိုအခါ ကျွန်တော့်၏ ကိုယ်၊ စိတ် လစ်ဟာမှုကို ဖုံးဖိဖို့ စဉ်းစားဖြစ်တော့၏။

ကျွန်တော့်အစ်မ ဝမ်းကွဲတွေက ကုန်စုံဆိုင်တစ်ဆိုင် ဖွင့်ထားကြသည်။ ထိုဆိုင်တွင် ကျွန်တော် ကူရောင်းပေးသည်။ ပစ္စည်းပစ္စယတွေ သယ်လိုက်ပိုးလိုက် ရောင်းချလိုက်ဖြင့် စိတ်ကို မလစ်ဟာအောင်နေနိုင်ဖို့ ကြိုးစားခဲ့သည်။ ဒါတောင် အဖေ့အရွယ် ဦးလေးကြီးများဈေးလာဝယ်လျှင် အဖေ့ကို သတိရမိပြန်သည်။ အဖေ အိမ်မှာပြန်မှအိပ်ပါရဲ့လား၊ ထမင်းမှ မှန်မှန်စားပါရဲ့လား၊ နေမှကောင်းရဲ့လား၊ ဟူသည့် အတွေးများ တရစပ် ဝင်လာတတ်သေး၏။

အဖေ့ကို အဝေးမှ သွားပြီး ချောင်းကြည့်ရင် ကောင်းမလား၊ စဉ်းစားဖြစ်သေးသည်။ ဒါပေမဲ့ ကျွန်တော် စိတ်ကိုသာ ရွှေ့သည်၊ ခြေလှမ်းများ မရွှေ့လျား။ တင်း၍ ခံသည်။ တောင့်၍ လွမ်းသည်။ မျိုသိပ်ခြင်းဖြင့်သာ သတိရပစ်လိုက်သည်။

ညီမလေး အဋ္ဌမတန်းစာမေးပွဲ ဖြေဆိုရတော့မည့်အခါ၊ နေ့…ည, စာကျက်၏။ ကျွန်တော် ဂနာမငြိမ်တော့ချေ။ ရှစ်တန်းစာမေးပွဲပြီးရင် ငါတို့ ဆယ်တန်းတွေ ဖြေရတော့မှာပါလား…ဟု အတွေးဝင်သည်။ ရင်ထဲတွင် လှုပ်ခနဲဖြစ်သည်။

စာမေးပွဲဖြေချင်စိတ် ပေါ်လာသည်။ စာကျက်ချင်စိတ်ဖြစ်လာသည်။ ခြောက် စာအုပ်တွေက အဖေ့အိမ်မှာ ကျန်ခဲ့တာပဲဟု တွေးပြီး စိတ်လျှော့ပစ်လိုက်ပြန်၏။ ငါ စာတွေရပြီးသားပဲဟု တွေးမိပြန်သည်။ ငါ စာမေးပွဲကျတော့မှာပါလားဟု တွေးထိတ်သည်။ ကိုယ့်အဖြစ်ကို ကိုယ်…နှမြောစိတ်ဝင်လာ၏။

စာမေးပွဲအောင်စာရင်းထွက်။ ကျွန်တော် စာမေးပွဲကျ။ ထိုအခါ အဖေ့ကို အပြစ်တင်။ ယင်းအစီအစဉ် မထိရောက်မည်ကို သိပါလျက် လက်ကိုင်ထားလျက်ရှိသေး၏။ အမှန်တကယ် မကွယ်ဝှက်တမ်း ပြောရမည်ဆိုလျှင် ကျွန်တော် စာမေးပွဲတော့ အောင်ချင်သည်။







www.burmeseclassic.com

www.burmeseclassic.com

[၁၂]

ကျွန်တော့်ရှေ့တည့်တည့်တွင် အမေ ရုံးက ချေးငွေထုတ်လာသည့် ငွေစက္ကူတစ်ထပ်။ အနီးအပါးတွင် မည်သူမျှ မရှိ။ အမေနှင့်ကျွန်တော် နှစ်ယောက်တည်း။

အမေ ကျွန်တော့်ရှေ့တည့်တည့်တွင် ဝင်ထိုင်သည်။ မျက်နှာ ရွှမ်းရွှမ်းလေး။

"သားကို အနီးကပ် ကျူရှင်တက်နိုင်ဖို့ အမေ ပိုက်ဆံရှာလာတာ"

ထိုစကားကြောင့် ကျွန်တော် မျက်လုံးဝိုင်းသွားရသည်။ ပိုက်ဆံတွေကို မျက်ခုံးတွန့်လျက်ကြည့်ပြီး ကျွန်တော်က...

"သားမှ မဖြေချင်တော့တာ"

"သားမဖြေချင်ပေမယ့် အမေက ဖြေစေချင်တယ်။ အောင်စေချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သားရဲ့လုပ်ရပ် မှားတယ်၊ မှန်တယ်လို့ အ

မဝေဖန်ရက်ဘူး။ ဒါပေမဲ့ အမေ့ကို သနား

စာမေးပွဲ အောင်အောင်ဖြေပါ''

''အမေကလည်း...''

''အမေ့စကားကို သေသေချာချာ နားထော

သား၊ အမေ အသက်ရှင်နေတာ သား

မောင်နှမနှစ်ယောက်အတွက်ပဲ။ စိတ်ပင်ပန်

လူပင်ပန်းနဲ့ အမေ နေလို့ ထိုင်လို့ မကောင်းတော

ဘူး။

မိန်းမတစ်ယောက်မှာ လင်ကောင်း၊ သာ

ကောင်းရဖို့ဆိုတာ အင်မတန်အရေးကြီးတယ

အမေ လင်ကောင်းမရခဲ့ဘူးသားရယ်၊ အမေ...

စကားသံ တုန်ယင်သည်။ မျက်ရည်တွေ ပုံ့ထွက်လာသည

''အမေ သားကောင်းတစ်ယောက်တော့

ရစေ သားရယ်။

လင်ယောက်ျားက ဖြစ်ချင်သလိုဖြစ်၊ ပျက်

သလိုပျက်၊ သားလုပ်တဲ့သူကလည်း လုပ်ချင်

လုပ်မယ်ဆိုရင် အမေ နှစ်ခုစလုံး ဆုံးရှုံးရလိမ့်မယ

လင်ယောက်ျား မကောင်းပေမယ့် သားကော

အမေ ဖြစ်ပါရစေ သားရယ်''

''အမေရယ်...''

''သားသမီးတစ်ယောက်ရဲ့ ရပိုင်ခွင့်ကို သ



သမီးက တောင်းတဲ့ပုံစံမျိုးပဲ တောင်းသင့်တယ်။

သူ့အလိုလို ရရမဲ့ ရပိုင်ခွင့်ကို တစ်ခုခု အဆုံး ရှုံးခံပြီး တောင်းတာဟာ နှစ်ခုစလုံး ဆုံးရှုံးတာနဲ့ အတူတူပဲသား။

သူတစ်ပါးပေးမှ ရမယ့်အခွင့်အရေးကို ကိုယ့်ဆီက တစ်ခုခု အဆုံးရှုံးခံပြီး တောင်း တာဟာ ကိုယ့်ကိုယ်ကို ဖျက်စီးတာနဲ့ အတူတူပဲ သား။ သူ ပေးတာမပေးတာက တစ်ကဏ္ဍ၊ ကိုယ့်လုပ်စရာရှိတာ လုပ်ဖို့က တစ်ကဏ္ဍ ခွဲခြားပါသားရယ်။

အဖေ့ဆီက ဘာမှမရတာက တစ်ခု၊ ကိုယ်တိုင် စာမေးပွဲကျရမှာက တစ်ခု။ သား နှစ်ခုဆုံးရှုံးရမှာပေါ့။

သားကိုယ်တိုင်လည်း နှစ်ခုစလုံး မဆုံးရှုံးစေ ချင်ဘူး။ အမေကိုယ်တိုင်လည်း နှစ်ခုစလုံးမဆုံးရှုံး မဆုံးရှုံးချင်ဘူး။ အမေ့စကားကို နားထောင်ပါ သားရယ်။ အမေ့ကို သနားပါ''

ငိုနေသော အမေ့ထံပေါ်သို့ ကျွန်တော် မျက်နှာအပ်ပစ်လိုက် ည်။ မျက်လုံးတွေကို ဖျစ်ညှစ်၍ မှိတ်ထားရ၏။

ထို ခဏငယ်အတွင်းမှ အစပြု၍ အဖေ့ကို စိတ်ထဲမှ ကျက်ပစ်လိုက်မိသည်။

www.burmeseclassic.com



ကျွန်တော် အနီးကပ်ကျူရှင် တက်သည်။ စာမေးပွဲဖြေဖို့ အဆင်သင့် ဖြစ်ထားသည်။ ဖြေဆိုနိုင်လိမ့်မည်ဟုလည်း ကိုယ့်ကိုယ်ကို ယုံကြည်သည်။

တိုင်းပြည်အတွက် လောကအတွက် ဘာမျှ မလုပ်နိုင်လျှင်တောင် အမေ့အတွက် သားကောင်းတစ်ယောက် ဖြစ်ချင်လာသည်။ နောက်နောင် ဘာဖြစ်လာမည် မသေချာ။ လောလောဆယ် အမေ မျက်ရည်စက်လက်ဖြင့် ဖြေဆိုနိုင်သော စာမေးပွဲကို အောင်မြင်စွာ ဖြေဆိုသင့်သည်ဟုတော့ ကျွန်တော် တွေးတောနိုင်ပါသည်။

ကျွန်တော် စာမေးပွဲ ဖြေမည်ဟုဆိုသဖြင့် ညီမလေး နွေးနွေးပင်လျှင် စကားနည်းသူ သူ့အမူအကျင့်အတိုင်း အစ်ကိုဖြစ်သူ ကျွန်တော့်ကို ကြည့်လျက် ပြုံးပြလိုက်၊ ရယ်ပြလိုက်၊ တကျက်နေစဉ် ကော်ဖီဖျော်ပေးလိုက်ဖြင့် အနားမှ မခွာဘဲ ကူညီပံ့ပိုးနေလေသည်။ ဒေါ်ဒေါ်လည်း တပြုံးပြုံးဖြစ်သည်။ အစ်မဝမ်းကွဲနှစ်ယောက်လည်း ဝမ်းပမ်းတသာ ရှိကြသည်။

အားလုံးထဲတွင် အမေ ဝမ်းအသာဆုံး ဖြစ်လိမ့်မည်။

ကျူရှင်အဆင်းတွင် ကျွန်တော့်ရှေ့တည့်တည့် ခပ်လှမ်းလှမ်း

ပြင် နံ့ချာညစ်နွမ်းနေသော အဝတ်အစားမျိုးဖြင့် လူတစ်ယောက် ကို တွေ့လိုက်သည်။

"သား..."

သားဟု ခေါ်သံပြုတော့မှ ထိုလူသည် ကျွန်တော့်အဖေဟု ကျွန်တော် သိလိုက်ရ၏။ နံ့ချာညစ်နွမ်းနေသော အဖေ့ကို မြင်လျှင် ရင်ခေါင်း အသက်ရှူရပ်သွားမတတ် ကျွန်တော် ခံစားလိုက်ရသည်။ အ...ဒါ ငါ့အဖေ။ ငါ့အဖေ ဒီလိုပုံစံမျိုးကြီး ဖြစ်နေပြီလားဟု ထံမှ တွေးရွတ်မိသည်။ တုန်လှုပ်အံ့ဩရသည်။ အဖေ့ထံမှ အကြည့် လွှဲဖယ်လိုက်မိသည်။ အဖေ ရပ်နေရာနေရာ၏ ဆန့်ကျင်ဘက် ကျွန်တော် တဟုန်ထိုး ထွက်ပြေးလိုက်မိသည်။

"သား..."

ဘတ်(စ)ကားပေါ်သို့ ရောက်သည့်အခါကျမှ ကျွန်တော် သတိဝင်သည်။ အဖေ့ရှေ့မှောက်မှ ဘာကြောင့် ကျွန်တော် ထွက်ပြေးသည်မှန်း ကိုယ့်ကိုယ်ကို မသိ။

အဖေ့၏ နံ့ချာညစ်ကြေးခြင်းပုံသဏ္ဍာန်ကို ရွံရှာစိတ်ဖြင့် ထွက်ပြေးခဲ့မိခြင်းလည်း မဟုတ်။ နံဘေးဝန်းကျင်ရှိ လူအများ၏ ကြား၌ ဤကဲ့သို့သော ဖခင်မျိုးကို အဖေဟု ခေါ်ပြောလိုက်ရမှာကို ရှက်ရွံ့ခြင်းကြောင့် ထွက်ပြေးခဲ့ခြင်းလည်း မဟုတ်။

အဖေ့ကို ဤကဲ့သို့ စုတ်ပြတ်နံ့ချာညစ်ထေးစွာဖြင့် မြင်တွေ့

www.burmeseclassic.com



ကြုံဆုံရလိမ့်မည်ဟု ကျွန်တော် တစ်ခါမျှ မတွေးတောဘူးချေ။ အဖေ့ပုံသဏ္ဌာန်၊ အဖေ့အခြေအနေကို မကြည့်ရက်တော့သဖြင့် မျက်နှာလွှဲကာ ဝေးရာသို့ ထွက်ပြေးခဲ့ခြင်း ဖြစ်မည်ဟု ကိုယ့်ကိုယ်ကို တွေးဆကြည့်မိသည်။

သို့သော်…

အဖေ့ကို တွေ့တွေ့ချင်း မြင်မြင်ချင်း ထွက်ပြေးခဲ့မိသည့် ထိုတဒင်္ဂ၏ ကျွန်တော့်စိတ် အခြေအနေကို ကျွန်တော် ဘာသာ မပြန်တတ်။ အဓိပ္ပာယ် မဖွင့်ဆိုတတ်။ ဖခင်ကို မြင်ပါလျက် ကျောခိုင်း ပြေးထွက်ခဲ့မိသည်။ ထို ခဏငယ်အတွင်း ဖြစ်ပေါ်သွားသည့် ကျွန်တော့်စိတ်ကို ကျွန်တော် ဘဝင်မကျ။

"ငါ ဘာဖြစ်လို့ ထွက်ပြေးခဲ့မိတာလဲကွာ"ဟု ကိုယ့်ကိုယ်ကို တွေး၍ မဆုံး။ မေး၍မဆုံး။

ဖအေက လမ်းဘေးမှာနေတဲ့ ပုံစံမျိုး ဖြစ်နေတော့ ရုတ်တရက် စိတ်မကောင်း ဖြစ်သွားတာနေမှာပေါ့ဟု ဒေါ်ဒေါ်က ကျွန်တော် ထွက်ပြေးခဲ့ခြင်း၏ စိတ်အခြေအနေကို ခန့်မှန်းပေးသည်။ ညီမလေးက မျက်လုံးလေးဝိုင်းကာ ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော် ဦးခေါင်းငိုက်စိုက်ချလျက် ငိုချင်စိတ်ကို မျိုသိပ်နေရ၏။

အမေက…

"သားက မြင်မြင်ချင်း ဖအေကို မမှတ်မိဘူးလား"



မျက်ရည် မကျသော်လည်း ကျွန်တော့်စကားများ ငိုကြွေးနေ၏။

"မမှတ်မိဘူး အမေ။ သားလို့ ခေါ်လိုက်ပော့မှ ကြည့်လိုက်တော့ အဖေဖြစ်နေတယ်။ အဖေမှန်းသိသိချင်း သား ဘာဖြစ်သွားမှန်း မသိဘူး။ သား ထွက်ပြေးခဲ့မိတယ် အမေရယ်"

"အရက်မဖြတ်ရကောင်းလား ဆိုပြီး စိတ်ဆိုးလို့ ထွက်ပြေးခဲ့တာများလား"

"မဟုတ်ဘူး အမေ။ စိတ်ဆိုးချိန်ကို မရလိုက်တာ။ စိတ်မကောင်းဖြစ်ရတာမျိုးထက်ကို ပိုပြီး ခံစားလိုက်ရတာ။

ဘာကြောင့် ထွက်ပြေးခဲ့မိမှန်း မသိဘူး အမေရာ။ သား အရှမ်းမှားသွားတယ်"

ငိုချင်သည်။

မျက်ရည်မကျအောင် ထိန်းရသဖြင့် အငိုစိတ်က ပို၍ အုံကြွနေ၏။ မျက်လုံးကိုသာ ဖျစ်ညှစ်၍ ပိတ်ထားရသည်။ လိုရမယ်ရ အံကိုပါ ကြိတ်ထားရပြန်၏။

"သား အဖေက ဘယ်လိုပုံစံမျိုးအထိ ဖြစ်နေလို့လဲ"

ပြန်မမြင်ရက်သော ပုံရိပ်။

ပြန်မတွေးချင်သော အခြေအနေ။

www.burmeseclassic.com

www.burmeseclassic.com



"လူကိုယ်မှာရော အကျီလုံချည်မှာရော ချေး
အထပ်ထပ်နဲ့ပေါ့ အမေရယ်။ ဆံပင်ကလည်း
စုတ်ဖွား။ မုတ်ဆိတ်မွေး ပါးသိုင်းမွေးတွေနဲ့။
သား ရင်ကွဲတော့မယ် အမေရာ"

ခန္ဓာကိုယ်တစ်ခုလုံးကို တောင့်တင်းလျက် ကျွန်တော် ပြောရသည်။ စိတ်ရော ကိုယ်ရော တောင့်တင်းထားသဖြင့်သာ ကျွန်တော် မျက်ရည်မကျခြင်း ဖြစ်သည်။

ညီမလေး၏ မျက်လုံးတွေမှာပင်လျှင် မျက်ရည်တွေ လဲ့နေ၏။ အမေ သက်ပြင်းမောချသည်။ ပြီး…

"ကြောက်လို့ ထွက်ပြေးလာတာ။
ရက်စက်ချင်လို့ ပစ်ထားသလို ဖြစ်နေပြီ
ထင်တယ်။
ကံပေါ့ သားရယ်။ သူ့အကြောင်းနဲ့ သူပေါ့။
အသိမရှိတော့တဲ့ သူကို သိတဲ့သူတွေက ပြင်ပေး
ခွင့်မှ မရတာ။ ခံစားကြရုံပေါ့။
ဖအေကို မြင်လျက်နဲ့ ထွက်ပြေးလာရကောင်း
လားလို့ သားကို အမေ အပြစ်မတင်ပါဘူး။
အမေသာ သားနေရာမှာဆိုရင် သူ့ကို အဲ့ဒီလိုပုံစံ
မျိုးနဲ့ မြင်ရရင်၊ မြင်မြင်ချင်း ပစ်လဲသွားမှာ"

အမေ ငိုလေသည်။ ညီမလေး ငိုလေပြီ။
မျက်ရည်မကျဘဲ ကျွန်တော် ငိုတတ်နေပြီ။

[၁၃]

စာကျက်နေစဉ် အဖေ့အကြောင်းကို မတွေးဖြစ်အောင် ကျွန်တော် နေရသည်။ ကျောင်းစာကိုသာ အချိန်ပြည့် ခေါင်းထဲမှာ ထည့်ထားလိုက်တော့၏။

စာမေးပွဲ စတင်ဖြေဆိုရသည့်နေ့က စာဖြေခွာန အနီးဝန်းကျင်ကို ငဲ့ကြည့်မိသေးသည်။ အဖေများ ကျွန်တော့်ဆီကို လာချောင်းကြည့်နေဦးမလားဟု တွေးကြည့်ရှာဖွေမိသေးသည်။သို့သော် မတွေ့။

သည်တစ်ခါတွေ့လျှင်တော့၊ ကျွန်တော် ထွက်ပြေးမိမည် မဟုတ်ပါ။

အဖေ နေကောင်းရဲ့လား။ ရေ တာဖြစ်လို့ မချိုးတာလဲ။ အအိပ်အစားရော မှန်ရဲ့လား။ အဖေ့ကို သား စိတ်မဆိုးပါဘူး ဆိုသည်ဖြင့်သော စကားတွေ တတွတ်တွတ် ပြောဆိုဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင်။

မြန်မာစာပြေဆိုစဉ် နောက်ဆုံးမေးခွန်းနံပါတ်ဖြစ်သော စာစီစာကုံးခေါင်းစဉ်သည် မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သော ခေါင်းစဉ် ဖြစ်နေ၏။ ထိုခေါင်းစဉ်ကို မြင်လျှင်မြင်ချင်း အဖေ့မျက်နှာကို မြင်ယောင်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်ချစ်သော အဖေ့အကြောင်းကို ရေးချ လိုက်မိ၏။

အပေါင်းအသင်းများခဲ့သော အဖေ။ ကွန်မသာဖင်ဟုခေါ်သော တားမြစ်မူးယစ်ထုံထိုင်းဆေးရည်ကို လက်ဖက်ရည်သောက်သလို သောက်ခဲ့သော အဖေ။ ထိုမှတစ်ဆင့် မူးယစ်ထုံထိုင်း ဆေးပြားများကို သောက်သုံးခဲ့သော၊ ဘိန်းဖြူအမှုန့်ကို သွေးကြောထဲ သွင်းသည်အထိ မိုက်မှားခဲ့သော အဖေ၊ ထို့နောက် အပေါင်းအသင်း များတွင် ဥပဒေအရ အရေးယူခံရသူ၊ သေဆုံးသူတွေ ရှိလာသောအခါ ကြောက်လန့်ပြီး မူးယစ်ထုံထိုင်း ဆေးဝါးများအစား အရက်ကို မိုးမွှန်အောင် သောက်ခဲ့သော အဖေ။ ထိုအဖေသည် မိသားစု၏ စား၊ ဝတ်၊ နေရေး၊ လူမှုရေးတို့ကို လှည့်ကြည့်ရကောင်းမှန်း မှသိလောက်အောင်ပင် အရက်ကျွန်ဖြစ်သွားရပုံ၊ မိသားစု၏ ကြောက် လန့်ခြင်းကို ခံရပြီး တစ်ယောက်တည်း ဖြစ်သွားရပုံ။ နောက်ဆုံး လမ်းဘေးတွင် နေထိုင်သွားလာသူတစ်ဦး၏ ပုံစံမျိုး ဖြစ်ပျက် သွားသဖြင့် သားဖြစ်သူကပင်လျှင် ရုတ်တရက် ထွက်ပြေး ထားရစ် ခဲ့မိပုံ။

ထိုကဲ့သို့ မည်သူ့အဖေ မည်သည့်အဖေကိုမျှ မဖြစ်စေချင်





ကြောင်းတွေ ကျွန်တော် ရေးချလိုက်မိသည်။

အဖေ့မကောင်းကြောင်း ရေးခြင်း မဟုတ်ဘဲ၊ မူးယစ်ဆေး ဝါးနှင့် ပတ်သက်မိသဖြင့် ဘာကိုမျှ အမှားအမှန် မခွဲခြားနိုင်တော့သည့် အဖေ့အမှားအကြောင်းတွေကိုသာ ကျွန်တော် ရေးလိုက်မိခြင်းဖြစ် သည်။

ဤ စာစီစာကုံးရေးလိုက်ရသည့်အတွက် **စာစီစာကုံးရမှတ်** မည်၍မည်မျှရမည်ကိုပင် ကျွန်တော် စိတ်မဝင်စားဖြစ်။ အဖေ့ အကြောင်းတွေ စာစစ်မည့်ဆရာ၊ ဆရာမ တစ်ဦးတစ်ယောက်ကို ပြောပြရင်ဖွင့်ခွင့် ရလိုက်သကဲ့သို့ ခံစားနေရသဖြင့် ရင်ထဲမှာ အနည်း ငယ်မျှ ပေါ့ပါးသွားသေးသည်။ သည့်အပြင် စာစီစာကုံး ရေးနေရင်း မျက်ရည်ဝေ့လာသေးသည်။ သို့သော် ကျွန်တော် မျက်ရည်မကျ။

ကျလုလု ကျွန်တော့်မျက်ရည်စက်တိုင်း ပါးပြင်ပေါ်သို့ ရောက်ရှိမလာစေအောင် အဖေ တားဆီးစွမ်းဆောင်နေပါသေး၏။

နောက်ဆုံးဘာသာ ဖြေဆိုပြီး အိမ်အပြန်တွင် ကျွန်တော် တွေးထင်မထားသော သတင်းဆိုးတစ်ခုကို ကြားရလေတော့သည်။ အိမ်သို့ရောက်လျှင်ရောက်ချင်း အမေ့ကို တွေ့သည်။ "ရုံးမတက်ဘူး လား အမေ" ဟု မေးမည်အပြု အဖေ့ညီ ဦးလေးဦးတင်ထွန်းကို အမေ့အနီးတွင် မြင်လိုက်ရ၏။ အဖေ တစ်ခုခုဖြစ်ပြီဟု တွေးမိလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား၊ သားအဖေ ဆေးရုံတင်ထားရတယ်
တဲ့"

အမေ့၏ အသိပေးစကား။

"ဘာရောဂါဖြစ်လို့လဲ"ဟု ကျွန်တော် မမေး။

အရက်နှင့်ပတ်သက်သူတို့၏ ရောဂါတစ်ခုခုကြောင့် ဆေး
တင်လိုက်ရခြင်းဖြစ်မည်ဟု ယူဆလိုက်သည်။

ဦးလေးဦးတင်ထွန်းက

"မင်းက ဖအေကို တွေ့တာတောင် မခေါ်
ဘူးဆို။ ထွက်ပြေးသွားတယ်ဆို"

ကျွန်တော် သက်ပြင်းချလိုက်ပြီး

"ကျွန်တော် ထွက်ပြေးတာ မဟုတ်ဘူး။
ပြေးမိသွားတာ၊ အဖေ့ကို တစ်ခါမှ မမြင်ဘူး
တဲ့ ပုံစံမျိုးနဲ့ တွေ့လိုက်ရတော့ ကျွန်တော့်ကိုယ်
ကျွန်တော် ဘာဖြစ်သွားမှန်း မသိဘူး"

"အင်း၊ ဘာပဲဖြစ်ဖြစ် အဲဒီလို မင်း ထွက်ပြေး
သွားလိုက်လို့ မင်းအဖေ ဆေးရုံပေါ် ရောက်သွား
ရတာ"

"ဗျာ"

"ဟုတ်တယ်။ သူ့ကို ချစ်တဲ့သားကတောင်
သူ့ကို တစ်ယောက်တည်း ထားခဲ့ရုံတင်မကဘူး
လမ်းမှာတွေ့တာတောင် မျက်နှာချင်း မဆိုင်တော့
ဘူးတဲ့။ သူ ငါ့ဆီမှာ လာငိုတယ်၊ မင်းအဖေငိုတာ

ငါ တစ်ခါမှ မမြင်ဖူးဘူးကွ။ ငါ အံ့တောင်
အံ့သြတယ်။

ဒီ အိမ်ကိုလာပြီး သူ မင်းတို့ကို တွေ့ချင်ပုံ
ရတယ်။ ဒါပေမဲ့ ဒီက ဒေါ်ခင်ကြည်တို့နဲ့ သူ
အဆင်မပြေတော့၊ မင်း ကျူရှင်တက်တဲ့နေရာကို
လာတာနေမှာပေါ့။

သူက မင်း စာမေးပွဲဖြေမယ်ဆိုတာ ကြားလို့
ဝမ်းသာတဲ့အကြောင်း လာပြောတာတဲ့။ မင်းက
သူ့ကို တွေ့တွေ့ချင်း ထွက်ပြေးသွားတယ်တဲ့။

အဲဒီအချိန်ကစပြီး သူ အရက်ဖြတ်ဖို့ ဆုံးဖြတ်
လိုက်တယ်တဲ့။ သူ့ဆုံးဖြတ်ချက်ကောင်းပေမယ့်
သူ့ခန္ဓာကိုယ်က မကောင်းတော့ဘူး"

"အခု အဖေဘယ်လိုနေလို့လဲ"ဟု ကျွန်တော် စိတ်လှုပ်ရှား
စွာ မေးလိုက်၏။

"မလှုပ်နိုင်တော့ဘူး"

"အရက်ဖြတ်လိုက်လို့လား ဟင်"

"အဲဒါကြောင့်လည်း ပါတာပေါ့။ ဒါပေမဲ့
သူ့အဆုတ်ကလည်း မကောင်းတော့ဘူးဆိုတော့၊
ပွင့်ပွင့်လင်းလင်းပြောရရင်"

ဦးလေးဦးတင်ထွန်းက စကားရပ်ကာ သက်ပြင်းချပြီးမှ

"အခြေအနေ မကောင်းဘူး"

အမေ့ရှိုက်သံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖိနပ်ကို အလျင်အမြန်စီးလိုက်ပြီး

"ကျွန်တော် အဖေနဲ့တွေ့ချင်တယ် ဦးလေး။ ကျွန်တော် အဖေ့ဆီသွားချင်တယ်။ အမေ… အမေ လိုက်ခဲ့နော်။

အဖေ အရက်သမား မဟုတ်တော့ဘူး… အမေ။

အဖေ အရက်သမား မဟုတ်တော့ဘူး။

အရက်မသောက်ထားတဲ့ အဖေ့ဆီကို သား တို့ သွားရအောင်နော် အမေ"

အမေ မျက်ရည်များကို ဖယ်သုတ်လျက်၊ ခေါင်းညိတ်၏။ ညီမလေးက ကျွန်တော့်နံဘေးတွင် ဖိနပ်လာစီးသည်။



[၁၄]

"သား၊ စာမေးပွဲဖြေနိုင်လား"

လေသံမျှင်းမျှင်းဖြင့် အဖေ မေးသည်။ အဖေ့အသက်ရှူနှုန်း မြန်နေ၏။ လည်ချောင်းနေရာသည် လွန်စွာ လှုပ်ခတ်လျက်ရှိသည်။

"ဖြေနိုင်တယ် အဖေ။ သား အောင်မှာပါ"

အဖေ့မျက်လုံးထောင့်များမှ မျက်ရည်တွေ စီးကျလာ၏။ ကျွန်တော့်ကို မျက်ရည်မကျဖို့ တားဆီးခဲ့သော အဖေ့မျက်ရည်တွေကို ကြည့်မြင်လျက် ကျွန်တော်လည်း ငိုချင်လာပါသည်။ ခန္ဓာကိုယ် တစ်ခွင်လုံးကို တောင့်တင်းထားရ၏။

အဖေ ပါးစပ်ဟသည်။ လျှာသည် တုန်တုန်ယင်ယင်ဖြင့် လှုပ်ခတ်နေ၏။ စကားတစ်ခွန်းကို ကြိုးပမ်း၍ ပြောသည်။

"အဖေ…၊ အဖေ…၊ အရက်ဖြတ်လိုက်တာ။ ဖြတ်လိုက်ပြီ…"

www.burmeseclassic.com

www.burmeseclassic.com



အနီးရှိအမေနှင့် ညီမလေးတို့ကိုပါ မျက်လုံးထောင့်ကပ်ကြည့်လျက် ပြောသည်။ ဖခင်မေတ္တာဟူသော အရာကို ဘယ်တုန်းကမှ မမြင်မတွေ့ဘူးခဲ့ရသူ ကျွန်တော့်အတွက် ယခုမှ အဖေ့မေတ္တာကို တစ်ပွေ့တစ်ပိုက် အကုန်အစင် ရယူပိုင်ဆိုင်လိုက်ရပြီ။ ရင်နင့်စွာ ကြိုးပမ်းပြုံးလျက်...

"သားသိတယ်။ အဖေ လိမ်မှာတယ်။ အဖေ့ကို သားတို့ ကျေးဇူးအရမ်း တင်တာပဲ။

သားလေ အဖေ့ကို လမ်းမပေါ်မှာ တွေ့တုန်းက အဖေရေမချိုးထားလို့ သားက, အဖေရေချိုးအောင် စိတ်ဆိုးပြလိုက်တာ အဖေရဲ့။ အဖေ့ကို သား တကယ်စိတ်မဆိုးပါဘူး။ စိတ်ဆိုးချင်ယောင်ဆောင်လိုက်တာ။ နော် အဖေ"

မျက်တောင်ခတ်လျက် ကြားဟန်ပြုသည်။

"အဖေ့ကို စိတ်မဆိုးလို့ သား သားစာမေးပွဲ ဖြေတာပေါ့ အဖေရဲ့။

အမေ့ကို မေးကြည့်။ သား အဖေ့ကို တကယ်စိတ်မဆိုးဘူး။ စိတ်ဆိုးချင်ယောင် ဆောင်တာ။ ဟုတ်တယ်နော် ညီမလေး"

ညီမလေးလည်း ခေါင်းညိတ်သည်။ အမေလည်း ခေါင်းညိတ်သည်။ အဖေ့ရင်ဘတ်ပေါ်တွင် တင်ရှိနေသော အဖေ့လက်ထဲရှိ ပုတီးကုံးလေးသည် သိမ်မွေ့နူးညံ့စွာ ရွေ့လျားနေ၏။

အမေ့ဘက်သို့ အဖေလှည့်ကြည့်သည်။



"ဘာပြောချင်လို့လဲ ကိုမြတ်သူ။ ပြောလေ။ ဖြည်းဖြည်းပြော။ ကျွန်မ နားထောင်နေပါတယ်"

မျက်ရည်များကို ဖယ်သုတ်လျက် အမေ မေး၏။

အချိန်ကြာမြင့်စွာ အားယူပြီး ပြောရသဖြင့် အဖေ့နှုတ်များမှ တိုးသဲ့သော စကားလေးတစ်ခွန်း ထွက်ပေါ်လာလေသည်။

"မ... ခင်မေ။ ငါ့ကို ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပြီးသားပါ ကိုမြတ်သူရယ်"

"သ...မီး"

အသက်ရှူမြန်ဆန်နေလျက်က အဖေ ညီမလေးကို ခေါ်သည်။ ညီမလေးက အဖေ့အနီးသို့ တိုးကပ်၏။

"လိမ်လိမ်မာမာနေနော်"

ညီမလေး ခေါင်းအညိတ်၊ မျက်ရည်တစ်စက် ပြုတ်ကျသည်။ အဖေ့ရှေ့တွင် မျက်ရည် မကျရန် ညီမလေးကို ကျွန်တော် လက်တို့၍ တားရ၏။

မိသားစု၏ မျက်နှာတွေကို တစ်ယောက်စီ တစ်လှည့်စီ အဖေ ကြည့်နေရှာ၏။ အသက်ရှူနှုန်း မြန်ဆန်နေလျက်က အဖေ မျက်တောင်မခတ်ဘဲ ကျွန်တော်တို့ကို ကြည့်နေ၏။

ထိုသို့ ကြည့်နေရင်း အတန်ကြာသော် အဖေ့လက်ထဲမှ ပုတီးကုံးလေး ရပ်တန့်သွားသည်။ အဖေ့မျက်လုံးသူငယ်အိမ် ငြိမ်သက်သွားသည်။ အဖေ့လည်ချောင်း လှုပ်လှုပ်လေး ရပ်နားသွားသည်။

"အဖေ..."

ကျွန်တော့်ခေါ်သံကို အဖေ မကြားတော့ချေ။ အမေနှင့်ညီမ

www.burmeseclassic.com

www.burmeseclassic.com



လေးတို့ ငိုရှိုက်ကြသည်။ ထို မျက်ရည်စက်များကိုလည်းကောင်း၊ အဖေ့မျက်နှာကိုလည်းကောင်း ငေးကြည့်လျက် ကျွန်တော် မငိုမိအောင် ထိန်းရပြန်၏။ တမလွန်ရောက်အဖေ့စကားကို ကျွန်တော် ဆက်လက် လိုက်နာချင်သေးသည်။

*

လောကဓံလေမုန်တိုင်းသည် အလွန်အမင်း ပြင်းထန်လှချေ၏။ ကျွန်တော့်ဘဝကိုမှ နေရာကွက်ကျားတံဆိပ်ခပ်လျက်၊ ရိုက်နှက်နေချေသည်လားမသိ။ လောကဓံလက်ဝါး ရက်စက်နိုင်အားသည်။

အဖေသေဆုံးပြီး ခြောက်လခန့်အကြာတွင် အမေ သေဆုံးသည်။ မိဘမဲ့သွားပြီဟု သိသိချင်း ကျွန်တော် အားငယ်စိတ်ဝင်လာသည်၊ ကျွန်တော့်လက်မောင်းကို နိုတွယ်ငိုကြွေးနေသည့် ညီမလေး၏ မျက်နှာကြောင့် ငယ်တော့မည့်စိတ်ကို တင်းမာပစ်လိုက်ရပြန်သည်။

အဖေနှင့်အမေ မရှိကြတော့သည့်အခါ ညီမလေးသည် ကျွန်တော့်၏ နှောင်ကြိုး။ ယခုမူ ထိုနှောင်ကြိုးလေးသည်လည်း ကျွန်တော့်အနီးအပါးမှာ မရှိတော့။ နှောင်ကြိုးမဲ့စွာ ကျွန်တော် ပျံသန်းနိုင်လေပြီ။ မျက်ရည်စက်တို့နှင့် ဝေးဝေးကွာကွာ တည်ရှိခဲ့ရချေပြီ။

ဘဝရင်တွင်း၌ မျက်ရည်စက်တို့ ကင်းစင်စ ပြုနေသည့်တိုင် ဘဝဝန်းကျင်၏ လက်တစ်ဆန့်အကွာ။ ခြေတစ်လှမ်းအဝေး၌ ထို မျက်ရည်ရောင်တို့ကို မြင်တွေ့ခဲ့ရသည်ရှိသော် ကျွန်တော့်မှာ နေမထိ





ထိုင်မသာ ဖြစ်ခဲ့ပါသည်။

နှောင်ကြိုးများ ပြတ်တောက်လွင့်စင်သွားခါစ၊ မျက်ရည်များ လွင့်ပါးကင်းစင်သွားကာစ၊ ကျွန်တော့်ကောင်းကင်၌ မြတ်မွန်မွန် ဟုခေါ်သော ငှက်ကလေးတစ်ကောင် ပျံသန်းလှုပနေချင်သည်။ ထိုမြတ်မွန်မွန် ငိုကြွေးနေသည်ပင်လျှင် ကျွန်တော့်ကောင်းကင်၊ မုန်တိုင်းဝင်နေသည့်အလား ကျွန်တော် ခံစားရပါသည်။

သူ ဘာဖြစ်လို့ ငိုသည်ကို ကျွန်တော် မသိချင်။

သူ့မျက်ရည်တွေကိုသာ ရပ်တန့် ကင်းပသွားစေချင်၏။

ကျွန်တော့်ကဲ့သို့သော မျက်ရည်များနှင့် ငှက်တစ်ကောင်တို့ နောက်ထပ်တစ်ဖန်၊ မည်သည့်ပင်ယံတွင်မျှ မခိုနားစေလိုတော့ပါ။ လောကတစ်ခွင်…, မျက်ရည်စက်များ ကင်းစင်စေ…။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဒါကြင်ဆောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

[၁၅]

"မင်းအမေက ဘာရောဂါနဲ့ ဆုံးတာလဲ"ဟု ဘိုဘိုအောင် မေး၏။ ကျွန်တော်က...

"အသည်းခြောက်တယ် ပြောတာပဲကွာ။ ငါထင်တာတော့ အဖေ့စိတ်ကြောင့်လည်း ပါလိမ့်မယ်"

"အမေသေတော့ မင်း ငိုဖြစ်သွားမှာပေါ့နော်"

ကျွန်တော် ခေါင်းခါလျက်...

"ငိုချင်တယ်ကွာ၊ ဒါပေမဲ့ မျက်ရည်မထွက်ဘူး။ ငါ့ညီမလေး လူးလိမ့်ပြီး ငိုနေတာကို သတိထားနေရတော့ ငါ မငိုဖြစ်လိုက်ဘူး။

အဖေသေတော့လည်း အမေ့ညီမလေးနဲ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ငါ မျက်ရည်မထွက်တော့ဘူး။ ငါက သူများတွေလို မျက်ရည်တွေ ရွှဲရွှဲစိုအောင် ငိုပစ်လိုက်ချင်တာ။ ဒါပေမဲ့ ဘဝက ခွင့်မပြုဘူး။ ပြီးတော့ အဖေကလည်း ခွင့်မပြုဘူး"

"မင်း ညီမလေးက ဘယ်ရောက်သွားတာလဲ"ဟု ကျော်ဇင်ထွန်း မေး၏။

"အိမ်ထောင်ကျသွားတာ။ နှစ်နှစ်လောက်ရှိပြီ"

"ဟာ ကျောင်းတောင် မပြီးသေးဘဲနဲ့"

ဘိုဘိုအောင်က

"ကျော်ဇင်ထွန်း၊ မင်းစကားသံကြီးက မမြင်ဘူးလိုက်တဲ့ ဒီကောင့်ညီမကို နမြောနေတဲ့ လေသံကြီး။ ဟင်းဟင်း...မင်းနော်"

ကျော်ဇင်ထွန်းက

"နမြောတာပေါ့ကွ။ မောင်စိတ် နှမစိတ်နဲ့ နမြောတာပါ"

"မသိပါဘူးကွာ။ မဆုံလိုက်ရလေခြင်း ဆိုတဲ့ နမြောပုံမျိုး ဖြစ်မှာစိုးလို့ပါ။ ဟင်းဟင်း"

ကျော်ဇင်ထွန်းက မျက်နှာကို တည်တည်ကြည့်လျက်

"မင်း အဲဒီလို မထင်သင့်ဘူး ဘိုဘိုအောင်။ မင်း ရဲကြီးမယ်။ ငါတို့တွေက သူငယ်ချင်းတွေ။ ညီအစ်ကိုလို ချစ်ကြတဲ့ကောင်တွေ။ ဟုတ်တယ်





မို့လား လှိုင်မျိုး"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ကျော်ဇင်ထွန်းက စကားဆက်၏။

"လှိုင်မျိုးညီမလည်း ငါ့ညီမပဲ၊ ငါ့ညီမလည်း လှိုင်မျိုးညီမပဲ။

ဘိုဘိုအောင့်ညီမလည်း ငါ့မိန်းမပဲ၊ ငါ့ညီမလည်း ဘိုဘိုအောင့် ညီမပဲ၊ အားလုံး ညီအစ်ကိုတွေ"

ဘိုဘိုအောင်က မျက်ခုံးတွန့်ကွေးကာ...

"ကျော်ဇင်ထွန်း၊ မင်း ပြောလိုက်တဲ့စကား အရမ်းမြန်သွားတယ်။ ငါ နားမရှင်းသလိုလိုဘဲ။ ဘာပြောတာလဲ"

ကျော်ဇင်ထွန်းက...

"ခြော်...မင်းကလည်း သေသေချာချာ နားမထောင်ဘူး။ ငါတို့သုံးယောက်က သူငယ်ချင်း ဆိုပေမယ့် ညီအစ်ကိုလို ချစ်ကြတယ်လို့ပြောတာ။

မင်းမှာ...ညီမရှိတယ်။ ငါ့မှာ ညီမရှိတယ်။ လှိုင်မျိုးမှာ ညီမရှိတယ်။ အားလုံး မောင်နှမတွေ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

"မောင်စိတ် နှမစိတ် ထားရမယ်"

"အေး"

www.burmeseclassic.com

www.burmeseclassic.com



"လှိုင်မျိုးညီမ ငါ့ညီမ၊ ငါ့ညီမ လှိုင်မျိုး
ညီမ…။ မင်း…ညီမ ငါ့မိန်းမ၊ ငါ့ညီမ…မင်း
ညီမပဲ မဟုတ်ဘူးလား"

"ဟောကောင်…ကျော်ဇင်ထွန်း၊ ပြန်ပြော
မင်း…ညီမက ဘာဖြစ်တယ်"

ကျော်ဇင်ထွန်းက ရယ်ချင်စိတ်ကို ကြိတ်မှိတ်လျက်…

"ငါ့ညီမက မင်း…ညီမ့လေ"

ဘိုဘိုအောင်က…

"ငါ့ညီမ ကျတော့ရော…"

"မင်းညီမ လှိုင်မျိုးညီမလေကွာ…။ လှိုင်မျိုး
ညီမက ငါ့ညီမပေါ့ကွ"

ကျွန်တော် တဟားဟားရယ်ဖြစ်သည်။ ဘိုဘိုအောင်က ပြုံးလျက် ကျော်ဇင်ထွန်းကို "ခွေးမသား"ဟု ဆဲသည်။ "မင်း…တော်တော်စကားလည်တဲ့ကောင်၊ စကားလုံး မျက်လှည့်ပြတဲ့ကောင်" ဟု ဆို၏။ ပြီးမှ ကျွန်တော့်ဘက်သို့ လှည့်ပြီး…

"မင်းညီမလေးက ဘာဖြစ်လို့ အိမ်ထောင်
စောစောပြုရတာလဲ"

"ငါ့အဖေ၊ဒေါ်တွေ စီစဉ်တာပေါ့ကွာ။ မိဘတွေ
ကလည်း မရှိတော့ဘူးဆိုတော့ သူ့နောင်ရေး
အတွက်ဆိုပြီး…"

စကားလက်စဖြင့် ညီမလေးကို သတိရစိတ် ဖြစ်မိသည်။ ကျော်ဇင်ထွန်းက…



"အဒေါ်တွေ စီစဉ်တယ်ဆိုပေမဲ့ မင်းက
အစ်ကိုပဲ။ မင်းဆုံးဖြတ်ချက်ကို မယူကြဘူးလား"

"ယူတယ်"

"ဟာ…ဒါဆို မင်းခေါင်းညိတ်လိုက်တာပေါ့"

ကျွန်တော် "ဟုတ်တယ်"ဟု ပြောလိုက်သည်။

"ပြောတော့…ညီမကို ချစ်တယ်တဲ့။ စော
စောစီးစီး။ ပေးစားပစ်တယ်။ ငါသာဆိုရင်
ကျွန်တော့်ညီမ ငယ်သေးတယ်၊ ဘာ…ညာဆိုပြီး
ကန့်ကွက်ပစ်လိုက်မှာပဲ"

"ငါလည်း ကန့်ကွက်ချင်ပါတယ်။ အဲလို
ကန့်ကွက်ချင်လို့ ငါ့အဒေါ်တွေ စီစဉ်တယ်ဆိုတဲ့
ကောင်ကို ငါ သွားတွေ့တယ်။

တွေ့ပြီးတော့ လူကြီးတွေရှေ့မှာပဲ အရက်
သောက်တတ်သလားမေးတယ်။ လုံးဝ မသောက်
တတ်ဘူးတဲ့။ နောက်တစ်ခု ငါ ထပ်မေးတယ်"

"ဘာမေးတာလဲ"…ဟု ဘိုဘိုအောင် ဝင်မေး၏။

ကျွန်တော် စကားဆက်သည်။

"ငါ့ညီမကို တစ်သက်လုံး ချမ်းချမ်းသာသာ
ထားမှာလားလို့ မေးလိုက်တယ်"

"မေးတော့…"

"သူတို့ဘက်က ချမ်းသာပြီးသားဆိုတော့
အိုကေပေါ့"

www.burmeseclassic.com



"မင်းညီမလေးက မငြင်းဘူးလား"

"ငါ့ညီမလေးက ငယ်ငယ်ကတည်းက လူကြီးတွေစကားကို နားထောင်ခဲ့တာ။ သူ... မျက်လုံးနဲ့တောင် အစ်ကိုကို မဆန့်ကျင်ခဲ့ဘူး။

မင်္ဂလာဆောင်တဲ့နေ့ကတော့ သူ ငိုတယ်။ အိမ်ထောင်ပြုပြီးရင် မောင်နှမဆိုတဲ့ နှောင်ကြိုး လျော့သွားတော့မှာပါလား...လို့ သူ တွေးမိပြီး ငိုတာ...တဲ့။

အခုတော့လည်း သူ နေတတ်သွားပြီ ထင်ပါ တယ်ကွာ။ အကြောင်းကြီးငယ်ရှိမှ ပေါ်လာတော့ တယ်"

"ဒါဆို...အခု မင်းရင်ထဲမှာ ဘာနှောင်ကြိုးမှ မရှိတော့ဘူးပေါ့၊ ဟုတ်လား"

ကျွန်တော် ခေါင်းယမ်းပြလိုက်၏။ ပြီးနောက်...

"ရှိတယ်"...ဟု ပြောလိုက်သည်။

"ဘာရှိတာလဲ၊ ဘာနှောင်ကြိုးလဲ"

ကောင်းကင်ကို နည်းနည်းမော့ကြည့်လိုက်ပြီး...ပြုံးလျက် ပြောလိုက်သည်။

"မြတ်မွန်မွန်...ဆိုတာ ငါ့ကို နှောင်ဖွဲ့နေတဲ့ ကြိုးလေးတစ်ကြိုးပဲ"



[၁၆]

ထိုနေ့က မိုးဖွဲဖွဲကျနေသည်။

ထမင်းစားချိန်ဖြစ်သဖြင့် စားသောက်ဆိုင်တန်းထဲတွင်လူတွေ ပြည့်နေ၏။

ကျွန်တော်တို့ သုံးယောက်ထိုင်နေရာ စားပွဲသို့ ကောင်မလေး တစ်ယောက် ဝင်ထိုင်သည်။

သူ့ဆံနွယ်စများတွင် မိုးပွင့်မှုံတွေ ခိုသီနေ၏။ ဆောင်းလာ ခဲ့သော ထီးလှလှလေးကြောင့် ခန္ဓာတစ်ခွင်လုံး ရွှဲရွှဲမစို။ လွယ်အိတ်ကို စားပွဲပေါ် တင်သည်။ ထမင်းဘူးကို လွယ်အိတ်နံဘေးတွင် တင် သည်။ စိုနေသော ထီးကို သူ ထိုင်ရာခုံတွင် မှီထား၏။

ထမင်းဘူးကို ဖွင့်သည်။ ဆိုင်အလုပ်သမားကောင်လေးကို အချိုရည်တစ်ပုလင်း မှာ၏။ သူ မှာကြားရာ အအေးပုလင်းရောက်လာ သောအခါ ပလတ်စတစ်ပိုက် သွယ်သွယ်လေးကို နှုတ်ခမ်းလှလှလေး

www.burmeseclassic.com



ဖြင့် ငုံလျက် အအေးသောက်သည်။ ထမင်းစားသည်။ သတိထား ကြည့်မြင်ရသည်မှာ ထမင်းစားတိုင်း ယခုကဲ့သို့ အရည်တစ်ခုခုဖြင့် သောက်, စားနေကျ ဖြစ်ဟန်တူသည်။

ဆိုင်အတွင်းသို့ အဝင်၊ စားပွဲတွင် အထိုင်၊ ထီးအပိတ် ထမင်းဘူးအဖွင့်၊ စားသောက် နေထိုင် ပြုမူပုံတိုင်းသည် ကျွန်တော် တို့သုံးယောက် ထိုင်နေရာစားပွဲတွင် ဖြစ်သည်။ သို့သော် သူ့အမူရာ မျက်နှာထားသည် မည်သူ့မျှ သူ့အနီးတွင် ရှိသည်ဟု မသတ်မှတ် ထားသည့် မျက်နှာထား။

မိန်းကလေးမြင်ရင် အနည်းဆုံးတစ်ခွန်းမျှလောက် နောက် ပြောင်တတ်လေ့ရှိသော ကျော်ဇင်ထွန်းမှပင်လျှင် အရှေ့တည့်တည့်သို့ ရောက်နေသူကို ကြည့်လျက် တအံ့တဩဖြစ်နေချေ၏။ မြင်တွေ့ လှုပ်ရှားနေသမျှသော ကောက်ကြောင်းတို့သည် တည်ကြည်ငြိမ်သက် လွန်းလေ၏။

လှသောမိန်းကလေး တစ်ယောက်၏ မျက်လုံးမဝေ့ မျက်နှာ မရွေ့ဘဲ ပြုမူလှုပ်ရှားဟန်ကို နီးနီးကပ် ကြည့်မြင်ကြုံတွေ့ခွင့်ရသည် မှာ ကျွန်တော့်အဖို့ ဒါ ပထမဆုံးအကြိမ်ဖြစ်သည်။ သို့သော် ရဲရဲရင့်ရင့် စူးစိုက်ကြည့်မြင်နေခြင်းမျိုး မဟုတ်။ နီးကပ်စွာ ရှိနေပါလျက် အရှေ့ တည့်တည့်သို့ ရဲရဲစွာကြည့်ဖို့ ခက်သည်။သူကတော့ သူ့ကို ကွယ်ကွယ် ဝှက်ဝှက်ကြည့်နေမိသော မျက်လုံးတွေကို သိလိမ့်မည်ဟုပင် ကျွန်တော် မထင်။

ကောင်းကင်သည် သူ ဖားလျားချထားသော ဆံနွယ်မိုးဖွဲ့တို့ ကို ပြန်လည်ရုပ်သိမ်းလျက် တိမ်တိုက်အဖြစ်ထုံးဖွဲ့ခါစတွင် ကျွန်တော်



တို့ ရှေ့တည့်တည့်မှ မိုးစက်ပွင့်လေး ထီးမဆောင်းဘဲ လွင့်ပြေးသွား သည်။

"ရဲလှချည်လား"ဟု ကျော်ဇင်ထွန်း မှတ်ချက်ချသည်။ "ရဲတာ မဟုတ်ပါဘူး။ ထိုင်စရာမှ မရှိတာ။ ဒီစားပွဲမှာ တစ်ယောက်စာ နေရာလွတ်လို့ ဝင်ထိုင်တာပါ"ဟု ဘိုဘိုအောင်ပြော၏။ "ဒါပေမဲ့ ငါတို့ကို ထိုင်ခွင့်ပြုပါလို့ မပြောသင့်ဘူးလား"ဟု ကျော်ဇင်ထွန်း ဆို၏။ ဘိုဘိုအောင်က...

"ထိုင်ခွင့်ပြုပါလို့ ပြောရအောင်၊ ဒါ မင်း ကြီးခေါ်ဆိုင်မှ မဟုတ်တာ။ သူ့ဘာသာ ဝင်ထိုင် ချင် ထိုင်မှာပေါ့။ တစ်ဆိုင်လုံး စားပွဲတွေ ပြည့် နေတာကို"

ကျော်ဇင်ထွန်းက...

"မှန်တယ်၊ မင်းပြောတာ။ ဒါပေမဲ့ ဒါ ယောက်ျားလေး သုံးယောက်ထိုင်နေတဲ့စားပွဲ။ သူ နည်းနည်းလောက်တော့ ရှက်ကိုးရှက်ကန်း ဖြစ် သင့်တယ်"

ဘိုဘိုအောင်က...

"ခေတ်ပြောင်းသွားပြီ ကျော်ဇင်ထွန်းရေ။ ကိုး ရှက်ကန်းဖြစ်နေရင် ထမင်းငတ်မယ့်ခေတ်ကို

www.burmeseclassic.com



ရောက်နေပြီ။

စားစရာရှိတာ စား။ သွားစရာရှိတာ သွား လုပ်စရာရှိတာ လုပ်။ ဒါပဲလေ။

ရှက်ရွံ့ရွံ့ဖြစ်နေရင် ခေါ်တော ဆယ်သိန်းအား နဲ့ ကြည့်မယ့် ကောင်တွေရဲ့ မျက်လုံးအောက်မှာ ထမင်းငတ်မယ်''

ပြောပြီး အားလုံးရယ်ဖြစ်ကြ၏။ ဘိုဘိုအောင်က

''လှိုင်မျိုး မင်းရော၊ ဘယ်လိုထင်လဲ။ ခုနက ကောင်မလေးကို''

ကျွန်တော် ပြုံးစစဖြင့် မျက်လုံးစင်းလျက် ဖြေလိုက်သည်

''နန္ဒာလှိုင်နဲ့ တူတယ်''

''ဟာ မင်းကို မေးတာ ဘယ်သူနဲ့တူလဲ မေးတာ မဟုတ်ဘူး။ ဘယ်လို မိန်းကလေး ဖြစ်နိုင်သလဲလို့ မေးတာ''

''ငါ မသိဘူး။ ငါ သိလိုက်တာက ဆံပင်ရှည်တယ်။ တစ်ကိုယ်လုံး လှတယ်။ နန္ဒာ လှိုင်နဲ့တူတယ်။ အဲဒါပဲ သိတယ်''

ကျွန်တော်က

မိုးစဲစ ကောင်းကင်ကို စောင်းငဲ့မော့ကြည့်ပြီး

''နန္ဒာလှိုင်နဲ့ မတူတာ တစ်ခုရှိတယ်''

''ဘာလဲ''

''ခုနက သူ အအေးပုလင်း မှာလိုက်တဲ့



ငါကြားတယ်''

''ဘယ်လို ကြားတာလဲ''

''သူ မှာလိုက်တဲ့အသံက...တစ်ပုလင်းတဲ့။ နန္ဒာလှိုင် မှာမယ်ဆိုရင် တစ်ပုလင်းလို့ အသံပီမှာ မဟုတ်ဘူး။

သပုလင်းလို့ အသံထွက်မှာ။

အဲဒီတော့ နန္ဒာလှိုင်က စကားမပီဘူး။ သူက စကားပီတယ်။ ဟဲဟဲ...''

''မင်း တော်တော်ကဲ့ရဲ့တဲ့ကောင်''ဟု ဘိုဘိုအောင်က

''ကဲ့ရဲ့တာ မဟုတ်ပါဘူး။ မတူတာကို ပြောတာပါ။ နန္ဒာလှိုင် ပရိသတ်တွေက အဲဒီစကား မပီတာလေးကိုဘဲ ချစ်နေကြတာ။ ဒါကဲ့ရဲ့စရာမှ မဟုတ်တာ။

ငါ ဆိုလိုတာက ခုနက ကောင်မလေး နန္ဒာလှိုင်နဲ့ တူတယ်။ ဒါပေမဲ့ စကားသံမတူဘူး လို့ ပြောတာ''

ကျော်ဇင်ထွဋ်က...

''မြင်ဘူးသလိုလို၊ တစ်ယောက်ယောက်နဲ့ တူသလိုလိုတော့ ငါ တွေးမိတယ်။ မင်းလိုတော့ အသေးစိတ် ထိုင်ငမ်းမနေမိပါဘူး''

''ငမ်းတာ ငါ မဟုတ်ဘူးကွ။ ငါ ရင်ထဲကို

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပစ်လိုက်တာ။ သူ့တစ်ကိုယ်လုံးကို အရှ

ကျက်ပစ်လိုက်တာ''

ကျော်ဇင်ထွန်းက...

''တစ်ခုတော့ တိတိကျကျ ဝေဖန်မယ်

စိတ်မဆိုးနဲ့''

''ပြော...။ ဝေဖန်''

''နန္ဒာလှိုင်နဲ့ တူတာတော့ မှန်တယ်။ ဒ

ရုပ်ရှင်မင်းသမီး နန္ဒာလှိုင်က မဟာဆ

လှတာကွ။

မင်း နန္ဒာလှိုင်က ကပိုကရိုနဲ့။ ရုပ်ရှင်မ

နန္ဒာလှိုင် အိမ်နေရင်းအဝတ်အစားနဲ့ ဈေ

လာတက်သလိုပဲ။

စိတ်မဆိုးနဲ့နော်။ နန္ဒာလှိုင်ရဲ့ မဟာဆ

မျက်နှာနဲ့ မင်းရဲ့ နန္ဒာနဲ့ နှိုင်းယှဉ်လိုက်ရင်

နန္ဒာက နည်းနည်းစုတ်ပြတ်တယ်''

''သေနာ''ဟု ကျွန်တော် ဆဲလိုက်မိသည်။

ဘိုဘိုအောင်က...

''မင်းက စိတ်ဝင်စားသွားတာလား''

''စိတ်ဝင်စားသွားတာ မဟုတ်ဘူး။ စိတ်

ထည့်ပစ်လိုက်တာ''

''မေရှာတွေ၊ အခန်းတွေ၊ နာမည်တွေ

လိုအပ်လာပြီ ပေါ့...ဟုတ်လား''



''အဲဒါတွေ သိဖို့ မလိုပါဘူး။ ရင်ထဲမှာ

သူ ရှိနေဖို့ပဲ လိုတယ်''

ကောင်းကင်မှ မိုးဖွဲဖွဲကျလာသည်။

ကောင်းကင် နတ်သမီးက သူ့ဆံနွယ်မိုးဖွဲစတွေကို တိမ်စိုင်

ဖြင့် ရစ်ထုံးထားရာမှ ရုတ်တရက် မိုးစက်မျှင်များအဖြစ် ဖြည်ချ

လိုက်သည်နှင့် တူ၏။ အတွေးထဲတွင်၊ ဆံပင်ရှည်ရှည်နှင့် နန္ဒာလှိုင်၊

ပြုံးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ကျွန်တော်တို့က နန္ဒာလှိုင်နှင့်တူသည်ဟု ထင်မြင်ချက်ပေးခဲ့သော ကောင်မလေး၏ အမည်မှာ မြတ်မွန်မွန်ဟု သိရသည်။ သူနောက်သို့ တကောက်ကောက် လိုက်နေခဲ့ခြင်းမျိုးအော့ မဟုတ်။ ကျွန်တော်တို့ သင်္ချာဆောင်၏ စာသင်ချိန် အားလပ်လျှင် သူရှိရာ သတ္တဗေဒ စာသင်ဆောင်ဘက်သို့ လမ်းသလားနေမိသည်။

မြတ်မွန်မွန်ကတော့ ကျွန်တော်တို့ကို မှတ်မိခြင်းမရှိ။ ကျွန်တော် သတိပြုမိသည်မှာ မြတ်မွန်မွန် သွားလာရာ နေရာအချို့တွင် တချို့သောဖြောင်ကျားလေး၊ မိန်းကလေးများ သူ့အား ကွက်ကြည့် ကွက်ကြည့် လုပ်ကြခြင်းဖြစ်သည်။ ကျွန်တော် ထင်မြင်ချက်ပေးထားသကဲ့သို့ မြတ်မွန်မွန်သည် ရုပ်ရှင်မင်းသမီး နန္ဒာလှိုင်နှင့် ချုပ်ရည်ချင်း ဆင်ဆင်တူသဖြင့် သူ့ကို သတိပြု ငေးကြည့်ကြခြင်းဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်မွန်မွန်၏ အလှအပကို ကျွန်တော် ယစ်မူးနေမိခြင်းမျိုး မဟုတ်ပါ။ သို့သော် သူ့ကိုမြင်လျှင် ကျွန်တော် ခပ်ဝေးဝေးမှ မျက်စိတစ်ဆုံး ငေးကြည့်နေဖြစ်သည်။ ဤသို့ဖြင့် သစ်ပုတ်ပင်အောက် ခုံတန်းပေါ်တွင် သူ ငိုနေသည်ကို မြင်တွေ့ရသောအခါ သူ့အနားသို့ ကျွန်တော် ရောက်သွားဖြစ်သည်။ သူ့မျက်ရည်တွေ ဖယ်သုတ်ပစ်စေခြင်းအလို့ငှာ ကြည်ပြာရောင် မွေးပွလက်ကိုင်ပဝါလေးကို သူ့လက်ထဲသို့ အရောက် ထည့်ဖြစ်သည်။ ထို သတ္တိစိတ်များ ဘယ်ကဘယ်လို ရောက်ရှိလာရသည်ကို ကျွန်တော် ကိုယ့်ကိုကိုယ် မတွေးဆတတ်ချေ။

မျက်ဝန်းတိုင်းတွင် မျက်ရည်များ ကင်းစင်လိုသော ဆန္ဒဇောက သတ္တိတွေကို မွေးဖွားပေးလိုက်လေသလား မပြောတတ်။

"ရှင့်နာမည် ဘယ်သူလဲ"

သတ္တဗေဒ စာသင်ဆောင်အတွင်း လက်တွေ့သင်ခန်းစာပြုလုပ်နေသော မြတ်မွန်မွန်ကို စာသင်ခန်း၏ပြင်ပဝရန်တာမှ ကျွန်တော် ငေးကြည့်နေမိစဉ် စာသင်ချိန်တစ်ချိန် ပြီးဆုံးသွားသည့် လျှပ်စစ်ခေါင်းလောင်းသံကို ကြားရသည်။

ခဏအကြာ၌ ကျွန်တော့်ရှေ့တည့်တည့်သို့ မြတ်မွန်မွန် ရောက်လာသည်။ နံဘေးတွင် သူ့သူငယ်ချင်း နှစ်ယောက်။ ကျွန်တော် ခပ်လှမ်းလှမ်းတွင်လည်း ဘိုဘိုအောင်နှင့် ကျော်ဇင်ထွန်း။





"ကျွန်တော် လှိုင်မျိုးပါ"

"ရော့"

မြတ်မွန်မွန် ကမ်းပေးလိုက်သည့် အရာမှာ ကျွန်တော် သူ့ကို ပေးခဲ့သည့် ကြည်ပြာရောင် မွေးပွ လက်ကိုင်ပဝါလေး။ ထိုလက်ကိုင်ပဝါကို ပြန်မယူသေးဘဲ ကျွန်တော်က…

"ကျွန်တော် အပိုင်ပေးတာပါ"

"ကျွန်မက ငှားတယ်လို့ပဲ ယူဆတယ်။ ကျွန်မ မျက်ရည်သုတ်ဖို့ ရှင် ငှားတာ မဟုတ်လား။ ရှင်ပြောတဲ့အတိုင်း ကျွန်မ အသုံးပြုပြီးပြီ။ ကျေးဇူးပဲ။ ရော့…ပြန်ယူပါ"

အပြုံးရိပ် ပါးပါးလေးဖြင့် ပြောသည်။

ကျွန်တော် လက်ခံယူလိုက်ရ၏။

"စိတ်တော့ မရှိနဲ့၊ ကျွန်မ အဲဒီလက်ကိုင်ပဝါကို မလျှော်ရသေးဘူး"

"ဒါဆို… ဒီလက်ကိုင်ပဝါမှာ ခင်ဗျားရဲ့ မျက်ရည်တွေ ရှိနေသေးမှာပေါ့။ ဟုတ်လား"

"ရှိချင်ရှိနေမှာပေါ့၊ ဒါပေမဲ့ စိုစိုစွတ်စွတ်တော့ ဘယ်ရှိပါတော့မလဲ၊အငွေ့ပျံသွားလောက်ရောပေါ့"

"မျက်ရည်က အငွေ့ပျံတတ်လို့လား"

"ရှင်က ဘာမေဂျာလဲ"

"Math"

"ဟွန့်၊ ဒါဆို ရှင်လည်း သိမှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



Chemistry ကျောင်းသားတွေကို သွားမေးပေါ့။

မျက်ရည်ဆိုတာ အငွေ့ပျံတတ်သလားလို့”

စကားအဆုံးတွင် ပြိုင်တူပြုံးရယ်ဖြစ်ကြ၏။

ပြီးနောက် ကျွန်တော်က

“ဒီ လက်ကိုင်ပဝါကို ကျွန်တော် ပြန်သိမ်းထားလိုက်ပါ့မယ်။

မြတ်မွန်မွန်ရဲ့ မျက်ရည်တွေအားလုံးကို ကျွန်တော် အကုန်လုံး သိမ်းထားလိုက်တယ်လို့ ယူဆပေးပါ”

“ကျွန်မ နားမည်ကို သိထားတယ်ပေါ့”

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ပြီးနောက်

“ကျွန်တော့်ကို တစ်ခုလောက် ကတိပေးပါ့လား”

“ဘာ ကတိလဲ”

“မြတ်မွန်မွန်ရဲ့ ဘဝတစ်လျှောက်လုံးမှာ နောက်ထပ် ဘယ်တော့မှ မျက်ရည်မကျတော့ပါဘူးလို့...ကတိပေးပါလား”

သူ့သူငယ်ချင်းတွေကို သူ လှည့်ကြည့်သည်။ ပြီးမှ ကျွန်တော့်ဘက်သို့ လှည့်ပြီး

“ကျွန်မ သိထားတာ တစ်ခုရှိတယ်”

“ဟုတ်ကဲ့ ပြောပါ”

“လူ့ခန္ဓာကိုယ်ပေါ်မှာ အသည်းနှလုံးနဲ့



မျက်လုံးဟာ အနူးညံ့ဆုံး အင်္ဂါအစိတ်အပိုင်းတွေပဲ။

မျက်ရည်မကျဖို့နဲ့ အသည်းမကွဲဖို့ဆိုတာ တော်တော်ခက်တဲ့ ကိစ္စပဲလို့ ကျွန်မ ထင်တယ်”

“အသည်းကွဲဖူးလို့လား”ဟု ကျွန်တော် မေးလိုက်မိသည်။

ကျော်ဇင်ထွဋ်နှင့်ဘိုဘိုအောင်တို့က ကျွန်တော်တို့ နှစ်ယောက်ကို မသိမသာ ငဲ့ကြည့်နေကြ၏။ မြတ်မွန်မွန်က...

“အသည်းတော့ မကွဲဘူးပါဘူး။ ဒါပေမဲ့ အသည်းကွဲတဲ့ ဝိုင်းတွေတော့ ခဏခဏ ကြားဖူးတယ်”

“အဲဒီ ဘေးဆိုးတွေကနေ မြတ်မွန်မွန်ကို ကျွန်တော် လွတ်မြောက်စေချင်တယ်။

ကျွန်တော့်ကို ကတိပေးပါလား။ မျက်ရည်မကျတော့ပါဘူးလို့။ ဘယ်တော့မှ”

ပြုံးလေ၏။ မျက်ဝန်းတွေ ရွှန်းလဲ့လွန်းသည်။

“ကတိပေးရတာ လွယ်ပါတယ်။ ဒါပေမဲ့ လိုက်နာဖို့က ခက်တယ်”

“ဘာဖြစ်လို့ ခက်တာလဲ”

“ကျွန်မက မျက်ရည်လွယ်တယ်”

ကျွန်တော့်လက်ထဲရှိ ကြည်ပြာရောင် လက်ကိုင်ပဝါလေးကို မသိမသာ ဖိဆုပ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

[၁၈]

အဖေဟူသော သံယောဇဉ်၊ အမေဟူသော သံယောဇဉ်တို့သည် သက်ရှိတဝမှ ကင်းစင်သွားကြရပေပြီ။ ထို့နောက် ညီမဟူသော သံယောဇဉ်သည်လည်း ကင်းပသွားခြင်း မဟုတ်သည့်တိုင် ခပ်ခွာခွာ ခပ်ဝေးဝေးသို့ ရောက်ရှိနေပေပြီ။

ထိုအခါ

ကျွန်တော်သည် သံယောဇဉ် နှောင်ကြိုးတို့၏ ရစ်ပတ်ခြင်းမှ ကင်းလွတ်နေသူတစ်ဦးဟု ကိုယ့်ကိုယ်ကို ထင်မှတ်ပစ်ခဲ့သည်။

အဒေါ်အိမ်တွင် ထမင်းစား။ အစ်မဝမ်းကွဲတွေ၏ ကုန်ဆိုင်တွင် အလုပ်လုပ်။ ကျောင်းတက်။ ပြီးနောက် တစ်ကိုယ်တည်း နေသောအိမ်သို့ တစ်ယောက်တည်းပြန်။ စာကျက်။ အိပ်ရာဝင်။ ဤသို့ နေထိုင်သွားလာရခြင်းအပေါ်တွင် ဝမ်းသာ ဝမ်းနည်း မရှိ။ စိတ်ဓါတ် တက်ခြင်း ကျခြင်းမရှိ။ လူသာမန်တစ်ယောက်၏ သာမန်

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်မှုဖြင့်သာ ထုံပေပေလေး ရှင်သန်ခဲ့ရသည်။

အဖေ အမေဆုံး။ ညီမဖြစ်သူ အိမ်ထောင်ကျ။

ဘာနှောင်ကြိုးမျှ မရှိတော့သူဟု ကိုယ့်ကိုယ်ကို ထင်မြင်ထားချင်ပါလျက် သံယောဇဉ်အသစ် နှောင်ကြိုးရစ်ခဲ့ရပြန်သည်။

တံခါးခေါက်သံ မကြားဘဲ အလိုအလျောက်ဝင်လာသော...ခြေရာ။

လေပြည်ညင်းသံ မကြားရဘဲ အလိုအလျောက်သင်းပျံ့လာသော...ရနံ့။

အိပ်ပျော်ခြင်း မရှိဘဲ အလိုအလျောက် စွဲမက်လာသော...အိပ်မက်။

စိုက်ပျိုးခြင်း မရှိဘဲ အလိုအလျောက်ပေါက်ရောက်လာသော...ပန်းပွင့်။

ထိုခြေရာ၊ ထိုရနံ့၊ ထိုအိပ်မက်၊ ထိုပန်းပွင့်သည် နုနယ်ရစ်နှောင်ခြင်းမှ ရင့်သည်ထက်ရင့် မြင့်သည်ထက်မြင့် လာသောအခါ ရင်မှာ "အချစ်ဆိုသောအရာ" ညင်သာစွာ ခိုဝင်လာလေသည်။

ဘဝခရီးကို သာမန်အသိ သာမန်အမြင်ဖြင့် နေထိုင်လာခဲ့ရင်းမှ လောကဓံဟူသော ဝေါဟာရ၊ ကံတရားဟူသော ဝေါဟာရ၊ ကံကြမ္မာဟူသော ဝေါဟာရတို့ကို ငဲ့ကြည့် ဆင်ခြင်တတ်ခဲ့သည်။

လောကဓံက ပြင်းထန်လိုက်တော၊ ကံတရား ဆိုးရွားလိုက်





တာ၊ ကံကြမ္မာ ရက်စက်လိုက်တာဟု တစ်ကိုယ်တည်း စိတ်ထဲမှ ညည်းညူတတ်ခဲ့သည်။ လောကဓံ၏ အဖိအနှိပ်၊ ကံတရား၏ အထိုးအနှက်၊ ကံကြမ္မာ၏ အလှည့်အပြောင်းတို့သည် တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ကွက်ပြီးတစ်ကွက်၊ (တစ်ခါတစ်ရံ) တပြိုင်နက်တည်း သက်ဖျောက်တစ်ဖျစ်၊ မျက်စိတစ်မှိတ်၊ လျှပ်တပြက်အတွင်း ပြောင်းလဲဖိစီးတတ်ခြင်းကို ရင်ဆိုင်ရဖန်များသောအခါ ထိုအရာတို့ကို ကျော်လွှားအနိုင်ယူခြင်းထက်၊ ရင်ဆိုင်နိုင်စွမ်းကြီးဖို့သာ ဖြစ်နိုင်တာပါလားဟု အလိုလို သိလာသည်။

"ငါ ဘယ်တော့မှ မငိုဘူး"ဟု ဆုံးဖြတ်ထားပါလျက် လောက အန္တအပြားတွင် ငိုချင်လျက် လက်တို့ မျက်ရည်ဆို့ရသည့် အဖြစ်သနစ်တွေကို များပြောင်စွာ တွေ့မြင်ရပြန်သည်။ ထိုအခါ မာန်တင်းလျက် ပြုံးချင်လာ၏။ အံတင်းလျက် ငိုချင်လာသည်။

ဘဝ္ဓအမောတို့ကို တမင်ခေါက်သိမ်းကာ၊ ရင်ခွင်ဟောက်ပက်ဖြင့် နေထိုင်နေရင်းမှ မြတ်မွန်မွန်ဟူသော သံယောဇဉ် မြစ်တစ်စင်းဆီသို့ စိတ်အာရုံတို့ ရောက်ရှိသွားသောအခါ အမောပြေသလိုလို ရှိလာသည်။ ဒုက္ခပင်လယ်အတွင်း ကူးရင်းမျောခဲ့ရသည့် ကံတရား၏ သားကောင်တစ်ကောင်ကို မြတ်မွန်မွန်ကပဲ အလိုအလျောက် ကောက်ယူကယ်တင်လိုက်သလိုလို စိတ်ထဲမှ ပိုမြစ်စွာ ဝေ့ွးမှတ်မိချေသည်။

"အချစ်" ဟူသော ဝေါဟာရကို ကျွမ်းကျင်စွာ ဘာသာ ပြန်တတ်သော်လည်း နှစ်လွှာပေါင်းလျှင်တစ်ရွက်ဖြစ်သည့် စွယ်တော်ရွက်လို ကျွန်တော်နှင့်မြတ်မွန်မွန်တို့ နှစ်ယောက်အတူ ပေါင်း၍ တစ်ယောက်တည်းပမာ ဖြစ်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစက် နှစ်စက်ကို ရောနှောလိုက်သောအခါ ရေစက် တစ်စက်တည်း ဖြစ်တည်လျက်၊ ကျွန်တော်နှင့်မြတ်မွန်မွန် နှစ်ယောက် ပေါင်းကာ တစ်ယောက်တည်းသာ ဖြစ်ချင်သည်။

ထိုအခါ "အချစ်"ဟူသော ဝေါဟာရကို ကိုယ့်အမြင်ဖြင့် ကိုယ်၊ ဘာသာပြန်ကြည့်မိလေသည်။

လူတိုင်းတွင် "အတ္တ"ရှိသည်။

ကျွန်တော့်တွင်လည်း အတ္တရှိသည်။ မြတ်မွန်မွန်တွင်လည်း အတ္တရှိမည်။ ကျွန်တော့်အတ္တနှင့် မြတ်မွန်မွန်၏ အတ္တ။ ထိုအတ္တနှစ်ခု တူညီစွာ ပေါင်းစပ်လိုက်သည့်အခါ တစ်ခုတည်းသော "အတ္တ"ဖြစ်သွားလျှင် ထိုအရာကို အချစ်ဟု ခေါ်ချင်သည်။

လူတိုင်းတွင် "စိတ်"ဟူသော နာမ်သဘာဝ တစ်ခုရှိ၏။ ကျွန်တော့်တွင်လည်း "စိတ်"ရှိသည်။ မြတ်မွန်မွန်တွင်လည်း "စိတ်"ရှိမည်။ ကျွန်တော်၏စိတ်နှင့် မြတ်မွန်မွန်၏စိတ်။ ထိုစိတ်နှစ်စိတ် (ရေစက်နှစ်စက် ရောနှောလိုက်သကဲ့သို့) တူညီစွာ ပေါင်းစပ်လိုက်သည့်အခါ "စိတ်"တစ်ခုတည်းဖြစ်သွားလျှင် ထိုအရာကို အချစ်ဟု ခေါ်သည်။

တစ်ယောက်က တစ်ယောက်ကို လွှမ်းမိုးနေခြင်းမျိုး မဟုတ်ဘဲ၊ အတ္တနှစ်ခုပူးပေါင်းလျက် တစ်ခုတည်းသော "အတ္တ"ဖြင့် လက်တွဲထားကြသူ။ စိတ်နှစ်စိတ် ပူးပေါင်းလျက် တစ်ခုတည်းသော စိတ်ထားဖြင့် ပေါင်းဖက်ထားကြသူများကို "ချစ်သူ"များဟု ကျွန်တော် သတ်မှတ်ချင်ပါသည်။

အတ္တမတူဘဲ ပူးပေါင်းနေကြသူများ၊ စိတ်မတူဘဲ လက်တွဲ





ထားကြသူများသည် ချစ်သူများ မဟုတ်၊ ချစ်နေသူများသာ ဖြစ်ပေသည်။

ကျွန်တော် ပြောပြနေသည်များကို ပြီးလျက် နားထောင်ပြီး ဆောင်ဖင်ထွန်းက…

"မင်းပြောသလိုဆိုရင်၊ တစ်ယောက်အကြိုက် တစ်ယောက် လိုက်လျောနေကြတဲ့ ချစ်သူတွေကရော…တကယ့်ချစ်သူတွေ မဟုတ်ဘူးလား"

ကျွန်တော် ခေါင်းခါလိုက်၏။

"လိုက်လျောရတယ် ဆိုကတည်းက လိုက်လျောသူနဲ့ အလိုက်လျောခံရသူဆိုတဲ့ ဝိသေသနှစ်ခုဖြစ်နေပြီ၊တစ်ယောက်က ဆိုးလို့တစ်ယောက်က လိုက်လိုက်လျောလျော ခွင့်လွှတ်နားလည်ပေးရသလို ဖြစ်နေပြီ။

Valance မညီတော့ဘူး။ မတူညီရင် ချစ်သူအစစ် မဟုတ်ဘူး။

သူ့အကြိုက် ကိုယ့်အကြိုက် လိုက်လျောညီထွေဖြစ်အောင် နေတာထက် သူနဲ့ကိုယ် အကြိုက်ချင်းက တစ်ခုတည်း ဖြစ်နေရမယ်။

ဥပမာ ငါက ဆံပင်ရှည်ရှည်ကို နှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုပါတော့။ ငါချစ်သူက ဆံပင်တို
ရှည်အောင်ထားပေးတာထက်။ နဂိုကတည်း
သူ့စိတ်ကကို။ ဆံပင်ရှည်ရှည်ကို မြတ်နိုးတတ်
သား ဖြစ်နေရင်။ အဲဒါ စိတ်နှစ်ခုတူတာ
အဲဒါမှ ချစ်သူ…အစစ်''

ဘိုဘိုအောင်က…

''စိတ်နှစ်ခုတူတော့ ဘာဖြစ်လဲ''

''စိတ်နှစ်ခုက တစ်ခုတည်းသော စိတ်
တူညီတဲ့ စိတ်ဖြစ်နေရင်၊ ရည်ရွယ်ချက်
မယ်၊ ပန်းတိုင် တူမယ်။ ဘဝအမြင်တူမယ်
အင်အား တူမယ်။

အဲဒါဆိုရင် အရာရာရင်ဆိုင်တဲ့အခါ အပြော
မြောက်ဆုံး ဖြစ်မယ်''

''မင်း အတွေးတွေ လွန်နေပြီ လိုင်မျိုး''ဟု ကျော်ဇင်
ပြောဏ်။

''အတွေးလွန်တာ မဟုတ်ဘူး။
လူတွေ ပြောပြောနေတဲ့ အချစ်ဆိုတာ
ဘာသာပြန်ကြည့်တာပါ''

''ဒါဆို ငါ တစ်ခုမေးမယ်''

''မေး…''

''မြတ်မွန်မွန်နဲ့ မင်းနဲ့ စိတ်တူပါ့မလား''

''မတူနိုင်ဘူး''





''မတူနိုင်ဘဲနဲ့ မင်း သူနဲ့ချစ်သူ ဖြစ်ပါ့မလား''

''လောလောဆယ် သူနဲ့ ချစ်သူဖြစ်ဖို့ထက်။
သူ့ကို ချစ်နေတဲ့ စိတ်တစ်ခုတည်းကိုပဲ ငါ သိမ်း
ထားသေးတယ်''

''မင်းနဲ့ မြတ်မွန်မွန်နဲ့ စရိုက်ချင်းလည်း မတူဘူး''ဟု
ဘိုဘိုအောင် ဝင်ပြောဏ်။ သူ့ပြောစကားကြောင့် ကျွန်တော် ရင်မအေး။
စိတ်မညစ်။ (ချစ်နေရရင် ပြီးရောပေါ့)ဟု တစ်ကိုယ်တည်း ဖြေတွေး
တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com

[၁၉]

"မွန်...ကျွန်တော် မေးတာကို မဖြေသေးဘူး
နော်။

ပြီးတော့ ကျွန်တော် တောင်းတဲ့ ကတိကို
မပေးသေးဘူး"

မျက်တောင်ကော့လေးများ ဝန်းခထားသည့် မျက်လုံးလဲ့လဲ့သားဖြင့် မွန် ကျွန်တော့်ကို ပြုံးလျက်ကြည့်သည်။ ပြီးနောက် ပြုံးပါးပါးလေးဖြင့် လက်ဝဲဘက် ရင်ခုန်ရာ အရပ်သို့ လက်ညှိုး ညွှန်လျက်...

"ဒီအသည်းနှလုံး၊ ပြီးတော့ ဒီမျက်လုံးတွေ
ရှိနေသမျှ မျက်ရည်ဆိုတာ ရှိနေမှာပဲ ကိုမျိုးရဲ့။
ဘယ်တော့မှ မျက်ရည်မကျဘူးလို့ ကတိပေး
ဖို့ဆိုတာ ဘယ်လွယ်ပါ့မလဲ။ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က…

"ကတိမပေးယုံတွင် မဟုတ်ဘူးလေ။ ဟို
တလောက သစ်ပုတ်ပင်အောက်မှာ ငိုနေတဲ့ကို
အဲဒါ ဘာဖြစ်လို့ ငိုတာလဲ။ ဘာကြောင့် ငိုတာလဲ
ဘယ်သူ့ကြောင့် ငိုတာလဲဆိုတာ ကျွန်တော်
အခုထိ မသိရသေးဘူး"

ပါးချိုင့်လေးပေါ်သည်အထိ သူ ရယ်မောသည်။

"ကိုမျိုးကလည်း တွေ့တိုင်း ဒါပဲ မေးနေတာ
အခု မွန်တို့ သူငယ်ချင်းသုံးယောက်နဲ့ ကိုမျိုးတို့
သူငယ်ချင်းသုံးယောက် ခင်ခင်မင်မင် ဖြစ်နေကြ
ပြီ။ မိတ်ဆွေအဲပေါင်းအသင်း ဖြစ်နေကြပြီ။ အဲ
အတိုင်း ပြီးရောပေါ့ ကိုမျိုးရဲ့။

ဘာဖြစ်လို့ ပြီးခဲ့ပြီးသားတွေကို ပြန်ပြန်တွေး
သိချင်နေရတာလဲ"

ကျွန်တော် သက်ပြင်းချ၏။

"မွန့်အနားကို အဲဒီမျက်ရည်စက်တွေကြော
ကျွန်တော် ရောက်လာခဲ့မိတာ။

မွန်နဲ့ကျွန်တော်နဲ့ အခုလို ရင်းရင်းနှီးနှီး စကား
တွေပြောဖြစ်နေအောင် အဲဒီမျက်ရည်တွေ
ဖန်တီးပေးခဲ့တာ မဟုတ်လား။ အဲဒီမျက်ရ
တွေအကြောင်းကို ကျွန်တော် မသိသင့်ဘူးလာ
မွန်ကရော ပြောမပြသင့်ဘူးလား"



"ကိုမျိုး…"

"ပြောလေ…မွန်"

"မွန့်မျက်နှာကို သေသေချာချာကြည့်"

မညွန်ကြားမိက လိုက်နာပြီးသား ဖြစ်နေခဲ့သည်ကို သူ
သိ။

"ကြည့်ပြီးပြီ။ ဘာလုပ်ရမလဲ"

"မွန် လှလား"

ကလေးငယ်တစ်ယောက်က လူကြီးတစ်ယောက်ကိုမေးမြန်း
သည့် အမူအရာ။

ထိုအမူအရာလေးကို မြတ်နိုးစွာငေးကြည့်လျက် မြတ်နိုး
ခြင်း ဖြေလိုက်သည်။

"မွန်…, သိပ်လှပါတယ်"

"အဲဒါဆို ပစ္စုပ္ပန်ကို တည့်တည့်ရှု။
အတိတ်က အကြောင်းတွေ မမေးနဲ့။
မတွေးနဲ့။ မသိချင်နဲ့"

ပြောပြီး မျက်လုံးလေးကို ဖွဖွမှိတ်ကာ ပြုံးလျက် ငြိမ်သက်
လေ၏။

ပါးပြင်နုမှာ ယှက်ဖြာနေသည့် စိမ်းနုနု သွေးကြောမျှင်တို့
သည် မြစိမ်းရောင် မင်းသမီးတစ်ပါး၏ အလှတရားတို့ မြစ်ဖျားခံရာ
ကျောက်ကြောင်းပမာ ရင်မှာ ထင်သာလာသည်။ မျက်နှာပြုံး
လေးကိုက နွေးထွေးစွာ ကြင်နာစရာ။

ထို ပြုံးနုနုမျက်နှာလေးကို တည့်တည့်ငေးကြည့်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"ပစ္စုပ္ပန်ကို တည့်တည့်ကြည့်လိုက်တော့ အရမ်းလှတဲ့ မှုန့်မျက်နှာလေးကို မြင်တယ်လေ အဲဒီမျက်နှာလှလှလေးမှာ ငိုနေတဲ့ မျက်ရည် စက်တွေ ထိမှုခဲ့ဘူးတာကို အတိတ်ဆိုတဲ့ နေ့ တစ်နေ့တုန်းက ကျွန်တော် မြင်ဘူးတယ်လေ"

ကျွန်တော် ပြောသမျှ စကားလုံးတွေကို မှုန်က ပြုံးလျက် မျက်လုံးမဖွင့်သေးဘဲ နားထောင်နေ၏။

"ပစ္စုပ္ပန် မျက်နှာလှလှလေးကို ကြည့်ရင်း အဲဒီမျက်နှာလှလှလေးရဲ့ အတိတ်က အကြောင်း ဆိုတာ နောက်ဆက်တွဲ ပါလာတယ်"

မှုန်က မျက်လုံးမှေးစင်းထားနေဆဲဖြင့်...

"အဲဒီလို မပါလာအောင် ပစ္စုပ္ပန်ကိုပဲ သိနေ ကြည့်နေဖို့ ပြောတာပေါ့ ကိုမျိုးရဲ့"

"ကျွန်တော်က ပုထုဇဉ်ဆိုတော့ ပစ္စုပ္ပန်ကို လည်းသိတယ်၊ အတိတ်ကိုလည်း ရောက်ရောက် သွားတယ် မှုန်"

မှုန်... မျက်လုံးလေး ပွင့်လာ၏။

"ပြီးတော့...

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်။ ကာလ သုံးပါးရှိတယ်ဆိုတာကိုလည်း ကျွန်တော် သိထား တယ်လေ"

မှုန်က ကျွန်တော့်ကို ခေါင်းလေး စောင်းငဲ့ကြည့်ရင်း...



"ဟုတ်တယ်။ ကိုမျိုးပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ပစ္စုပ္ပန်အတွက်ရော အနာဂတ် အတွက်ရော ချမ်းမြေ့စရာမရှိတဲ့ အတိတ်ကာလ မျိုးကိုတော့ မေ့ထားသင့်တယ်လို့ ကိုမျိုး မထင် ဘူးလား"

"ဟင်...ဒါဆို မှုန် ငိုခဲ့တဲ့ မျက်ရည်တွေက ချမ်းမြေ့စရာ မကောင်းတဲ့..."

ကျွန်တော့်စကား မဆုံးခင် မှုန်က...

"သြော်...ကိုမျိုးရယ်၊ ငိုပါတဲ့ မျက်ရည် ကျပါတယ်ဆိုမှ ချမ်းမြေ့စရာကိစ္စတော့ အသေ ဟုတ်ပါ့မလဲ။

ကဲပါ...

တွေ့တိုင်းဆုံတိုင်း ဒီအကြောင်းပဲ မေးမေး နေတဲ့ အလေ့အထကို အနားပေးလိုက်ပါတော့ ကိုမျိုးရယ်။ နော်"

စိတ်မပါတပါဖြင့် ကျွန်တော် ခေါင်းညိတ်လိုက်ရသည်။ "အတိတ်"ဟူသော စကားလုံးလေးထဲတွင် ကျွန်တော့်အဖို့ မျက်ရည်စက်တွေချည်းပါလားဟု တွေးမိရင်းနှင့်ရှုပြန်သည်။ အပေနှင့်အမေ့ကို သတိရဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မွန်သည် အမေမုဆိုးမကြီးနှင့် နေသူဖြစ်ကြောင်း၊ အစ်မ နှစ်ယောက်၊ အစ်ကိုတစ်ယောက်ရှိကြောင်း၊ အိမ်တွင် ထမင်းဆိုင် ဖွင့်ထားကြောင်း၊ မကြပ်မတည်း နေထိုင်နိုင်ပါကြောင်း မိသားစု အကြောင်းကို မွန်ပြောပြသဖြင့် ကျွန်တော် သိခွင့်ရ၏။

မွန်လည်း ကျွန်တော့်ဘဝ ဖြတ်သန်းခဲ့ရသည်များကို အလုံးစုံ သိကြွားထားပြီး ဖြစ်လေသည်။ "ဒေါ် ကိုမျိုးက ဒါ့ကြောင့် မျက်ရည်ကို မုန်းနေတာကိုး" ဟု မွန်ပြောစဉ် ကျွန်တော်က "မုန်းတာ မဟုတ်ဘူး။ မမြင်ချင်တော့တာပါ မွန်" ဟု ပြန်ပြောပြဖြစ်ခဲ့သည်။

"မွန် ငိုနေတုန်းက ကိုမျိုး လာနှောက်နေ တယ်လို့ ထင်တာ။ နောက်တော့ ကိုမျိုးပြောတဲ့ စကားတွေက နောက်တဲ့ပြောင်တဲ့ စကားမျိုး မဟုတ်ဘူး ဖြစ်နေတယ်။

အဲဒါကြောင့်…

ကိုမျိုးပေးခဲ့တဲ့ လက်ကိုင်ပဝါနဲ့ မွန့်မျက်ရည် တွေကို သုတ်ပစ်လိုက်တာပေါ့"

"အဲဒီ့လက်ကိုင်ပဝါလေးကို ကျွန်တော် ကိုယ်နဲ့မခွာ သိမ်းထားတယ်"

"ဘာဖြစ်လို့ ကိုယ်နဲ့မခွာ သိမ်းထားတာလဲ"

"မွန့်ကို ဘယ်တော့မှ မငိုစေချင်ဘူး။ တကယ်လို့များ ငိုတဲ့အခါနဲ့ကြုံခဲ့ရင်…

ကျွန်တော် မျက်ရည်သုတ်ပေးချင်လို့။

မွန့်မျက်ရည်တိုင်းကို ခန်းခြောက်သွားအောင်



လုပ်နိုင်တဲ့သူ ဖြစ်ချင်တယ်"

"တစ်ယောက်မျက်ရည် တစ်ယောက် သုတ်ပေးတာမျိုးတော့ မဖြစ်ချင်ဘူးနော်" ဟု မွန် ကျီစယ်စကားဆိုသည်။

"ကျွန်တော် မငိုချင်တော့ဘူး မွန်"

"လူတိုင်း လူတိုင်း ဘယ်ငိုချင်ပါ့မလဲ ကိုမျိုး ရယ်။

ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုတဲ့ ဝေဒနာတွေ ရှိနေသမျှ ငိုခြင်း ရယ်ခြင်းဆိုတဲ့ ကိစ္စတွေ ရှိနေ မှာပဲ မဟုတ်ဘူးလား"

"ငိုချင်စိတ်ကို ထိန်းထားနိုင်ရမှာပေါ့။ မျက်ရည်မကျအောင် တင်းထားနိုင်ရမှာပေါ့" ဟု ကျွန်တော် ဝင်ပြော၏။ မွန်က…

"တာ ဘယ်လောက်ဖို့ ဆည်ဘယ်လောက် မြင့်မြင့်၊ မိုးကြီးလေကြီးကျရင် တာတမံဆိုတာ ကျိုးသွားတတ်တာပဲ။ ဆည်ပေါက်သွားတတ်တာ ပဲ။

မျက်ရည်ဆိုတာလည်း အဲဒီလိုပါပဲ။ စိတ် ဘယ်လောက်ထိန်းထိန်း၊ မာန်ဘယ်လောက် တင်းတင်း၊ မျက်ရည်မိုးက ကန့်သင်းကျိုးအောင် ရွာရင်၊ မျက်ခမ်းကမ်းစပ်တွေ ပွန်းပဲ့သွားတတ် တာပဲ။ ငိုစရာရှိရင် ငိုပစ်လိုက်တာ အကောင်း ဆုံးပါပဲ ကိုမျိုးရယ်။ ငိုချင်ရက်နဲ့ မျက်ရည်မကျ အောင် ထိန်းထားရရင် ရင်ဘတ်တွေ အောင့်သွား

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်။

'ကိုမိုးရော ငိုစရာရှိတာကို မငိုဘဲနဲ့ ထိန်းထား ခဲ့ရတာ ရင်မအောင့်ဘူးလားဟင်''

ရင်နင့်သည်ဟု ပြောချင်သည်။ ရင်ဆို့သည်ဟု ပြောချင်သည်။ ရင်နာသည်ဟု ဝန်ခံချင်သည်။

သို့သော်

အဖေ မှာကြားဘူးသည့်စကား ကြီးစား၍ လိုက်နာချင်သေးကြောင်း မွန့်ကို ကျွန်တော် ပြောပြဖြစ်ပြန်၏။

[၂၀]

"မင်းနဲ့ မြတ်မွန်မွန် ချစ်သူတွေ မဖြစ်ကြသေးဘူးလား" ဟု ကျော်ဇင်ထွဋ်မှ မေး၏။ ကျွန်တော် ခေါင်းခါပြလိုက်သည်။

ဘိုဘိုအောင်က...

"ဘာလဲ...ချစ်စကားပြောဖို့ အခွင့်ကောင်း စောင့်နေရလို့လား"

ကျွန်တော်က...

"အခွင့်ကောင်း စောင့်တယ်ဆိုတာ၊ အမဲလိုက်တဲ့လူတွေ အလုပ်၊ စစ်တိုက်တဲ့လူတွေ အလုပ်။ အချစ်နဲ့ မဆိုင်ဘူး။

အချစ်ဆိုတာ အခွင့်သာမှ ရှာတဲ့မိုး မဟုတ်ဘူး။ ရှာချိန်တန်မှ ရှာတဲ့မိုး"

ကျော်ဇင်ထွဋ်က...

www.burmeseclassic.com

www.burmeseclassic.com



"ဟား...စကားလုံးတွေ မြောက်လှချည်လား"

"အချစ်က အရာရာကို အလကာ မြောက်စေတယ်"

"အလင်္ကာမြောက်နေလျက်နဲ့ ဘာဖြစ်လို့ မြတ်မွန်မွန်နဲ့ မင်းနဲ့က ချစ်သူ မဖြစ်သေးတာလဲ။ ဘာဖြစ်လို့ မင်း ရင်မဖွင့်သေးတာလဲ"

ကျော်ဇင်ထွဋ်၏စကား အဆုံးတွင် ဘိုဘိုအောင်က ကျွန်တော့်ပခုံးကို စာအုပ်ဖြင့် ပုတ်လျက်...

"မေးနေတာ ဖြေလေ"

ကျွန်တော် သက်ပြင်းချလိုက်ပြီး...

"ပြောရမှာ အားနာလို့"

ဘိုဘိုအောင်က...

"သြော်...အချစ်က အားနာတတ်အောင်လည်း သင်ပေးထားပါလား"

"အချစ်က သင်ပေးတာ မဟုတ်ဘူးကွ။ အချစ်နဲ့ ထိတွေ့လိုက်ရင်ကို အလိုလိုနေရင်း အရာရာဟာ နူးညံ့သိမ်မွေ့သွားတာ" ဟု ကျွန်တော် ပြောလိုက်သည်။

ကျော်ဇင်ထွဋ်က ခေါင်းကို တဖျင်းဖျင်းကုတ်ပြီး...

"မင်း စကားပြောတာ အလင်္ကာတွေ သိမ်မွေ့နေပြီ။ အလင်္ကာတွေ သိပ်များနေရင် စကားတွေအားလုံး မုသာဝါဒတွေ ဖြစ်သွားတတ်တယ်။



လိုရာ မရောက်တော့ဘူး။ အဲဒီတော့ မင်း စကား ပြောရင် လူလို ပြောကြည့်ပါလား"

ကျွန်တော် ကျော်ဇင်ထွဋ်ကို ဝေါက်ခနဲ ခေါက်လိုက်သည်။ ပြီးမှ...

"ငါက လူလို မပြောဘဲ၊ မျောက်လို ပြောနေလို့လား"

ကျော်ဇင်ထွဋ်က ရယ်လျက်...

"မင်း ပြောနေတာ ဇာတ်မင်းသားလို ဖြစ်နေလို့၊ အလင်္ကာတန်ဆာ မဆင်ဘဲ၊ လူ...။ ရိုးရိုး လူလို ပြောခိုင်းတာ"

"ဘာပြောရမှာလဲ"

"ဟော...အခုတွင်၊ မေးခွန်းကို မမှတ်မိတော့ဘူး မဟုတ်လား။ ငါတို့ မင်းကို မေးတယ်လေ။ မင်း မြတ်မွန်မွန်ကို ချစ်စကား ကြိုက်စကား ဘာဖြစ်လို့ မပြောရသေးတာလဲ"

"ဖြေပြီးပြီလေ၊ အားနာလို့ပါဆို"

"အဲဒါ ပြီးစလွယ် ဖြေတဲ့အဖြေ။ သေသေချာချာဖြေတဲ့ အဖြေ မဟုတ်ဘူး"

"ဟာ...ဒုက္ခပဲ။ အားနာလို့ အားနာတယ် ပြောတာ၊ အားနာတာကို ငါက ဘာသာပြန်ပြနေရဦးမှာလား"

ဘိုဘိုအောင်က...

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာကို အားနာတာလဲ"

"အချစ်ကို အားနာတာ"

"ပြောတော့မယ် ပေါက်ကရ" ဟု ကျော့်ဇင်ထွဋ်၏ အသံပြုသည်။

ဘိုဘိုအောင်က…

"အချစ်ဆိုတာ မြတ်မွန်မွန်ကို ပြောတာလား။ မြတ်မွန်မွန်ကို အားနာနေတယ်လို့ ဆိုလိုတာလား"

ညင်သာစွာ ခေါင်းခါပြီး…

"မြတ်မွန်မွန်က အချစ် မဟုတ်ဘူးလေ။ မြတ်မွန်မွန်က ချစ်သူ။

အချစ်ဆိုတာ ချစ်ခြင်းတရားကို ပြောတာ။ ငါ အားနာတယ်ဆိုတာ အဲဒီ ချစ်ခြင်းတရားကို အားနာတာ"

ကျော့်ဇင်ထွဋ်က မျက်နှာရှုံ့မဲ့ကာ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော် စကားဆက်၏။

"မွန်နဲ့ ငါနဲ့က ရင်းနှီးနေကြပြီ။

တစ်ယောက်အကြောင်းတစ်ယောက် 'ချစ်တွင်းချ' သိထားပြီးကြပြီ။

ချစ်တယ်ဆိုတဲ့ စကားကို ပါးစပ်ကပြော လိုမလို ငါ စဉ်းစားနေတာ။ မလိုဘူးလို့ ထင်နေတယ်"

ကျော့်ဇင်ထွဋ်က…



"ပြောဖို့ လိုတာပေါ့ကွ။ စကားမပြောတတ်တဲ့ ခွေးတောင် ချစ်ရင် အမြီးနှံ့ပြသေးတာပဲ။ မုန်းရင် ဟောင်သံ ပေးပြသေးတယ်။

မင်းက စကားပြောတတ်တဲ့ လူပဲ။ နည်းနည်းတော့ အမြီးနှံ့ပြလိုက်ပေါ့"

ဘိုဘိုအောင် တဟားဟား ရယ်လေ၏။ "သေနာ"ဟု ကျော့်ဇင်ထွဋ်ကို ကျွန်တော် ဆဲလိုက်သည်။ ကျော့်ဇင်ထွဋ်က ရယ်ပြီး နောက်…

"ဟုတ်တယ်လေ။ ဘယ်လောက်ပဲ ရင်းနှီး ရင်းနှီး ချစ်နေ ကြိုက်နေတာကိုတော့ ဖွင့်ပြောသင့်တာပေါ့"

ကျွန်တော်က…

"ပြောမှ သိ၊ ထိမှ နာတဲ့အထဲမှာ အချစ် မပါဘူး။

အချစ်ဆိုတာ မပြောဘဲလည်း သိတတ်တယ်။ မထိဘဲလည်း နာတတ်တယ်"

"မပြောဘဲ သိတာတော့ ကောင်းပါတယ်။ မထိဘဲ နာတာတော့ မကောင်းဘူး။

မထိဘဲနာတာ အဲဒါ လေဘက်နာရောဂါရှိနေလို့ ဖြစ်မယ်။ ဪ…တကယ်တော့ အချစ်ဆိုတာ…

လေဘက်နာရောဂါ တစ်မျိုးပါလား ကိုကို

www.burmeseclassic.com

လှိုင်မျိုးရယ်…"

ကျော်ဇင်ထွဋ် နောက်ပြောင်နေပြန်၏။ ဘိုဘိုအောင်က ကျွန်တော့်ဘက်လှည့်ပြီး…

"မင်း ဆိုလိုတာက မြတ်မွန်မွန် သူ့အလိုလို သိနေစေချင်တာလား"

"ဟုတ်တယ်"

"သူ့အလိုလို သိတယ်ပဲထား…။

သိနေတယ်ပဲ ထားပါ။ သူက မိန်းကလေး လေ။ မင်းက ချစ်တယ်လို့ပြောမှ သူ့မှာ ခေါင်း ညိတ် ခေါင်းခါ လုပ်ခွင့် ရမှာပေါ့"

"ချစ်တယ်လို့ မပြောဘဲ ချစ်နေကြတဲ့သူတွေ လောကကြီး ထဲမှာ ရှိမနေနိုင်ဘူးလား"ဟု ကျွန်တော် မေးလိုက်သည်။

ဘိုဘိုအောင်က…

"ရှိချင် ရှိမှာပေါ့"

ကျွန်တော်က…

"အေး…အဲဒီရှိတဲ့အထဲမှာ ငါနဲ့မွန်နဲ့ ပါချင် တယ်။ ချစ်တယ်လို့ မပြောဘဲ အခုလိုပဲ ရင်းရင်း နှီးနှီး သွားသွားလာလာ နေနေရတာကိုပဲ ချစ်သူ တွေလို့ ငါ ယူဆချင်တယ်"

ကျော်ဇင်ထွဋ်က…

"အလကားပါ၊ မင်း ကြောက်။ ချစ်တယ်လို့ ဖွင့်ပြောလိုက်ရင် မြတ်မွန်မွန်က ဟင့်အင်းလို့



ငြင်းလိုက်မှာကို မင်း ရင်မဆိုင်ရဲလို့ သူငယ်ချင်း လိုလို ဘာလိုလိုနဲ့ မင်း မှိန်းနေတာ မဟုတ်လား"

"ဟာ အဲဒီလိုတော့ မဟုတ်ဘူးပေါ့ကောင်"

"အေး…၊ အဲဒီလို မဟုတ်ရင် တစ်ခုခုဟုတ် အောင် မင်း လုပ်သင့်တယ်။

ချစ်သူဆိုတဲ့ ဝိသေသဖြစ်ဖို့။ ချစ်တယ်ဆိုတဲ့ ဝေါဟာရတော့ လိုအပ်တယ် လှိုင်မျိုး။ မဟုတ်ရင် မိန်းကလေးဘက်က ထိခိုက်တတ်တယ်။

သူတို့နှစ်ယောက်က ဘာလိုလိုပေါ့လို့ အဝေဖန် ခံရရင်၊ ယောကျ်ားလေးဘက်က ဘာမှ မထိခိုက်ဘူး။ မိန်းကလေးဘက်က မဟုတ်ဘဲနဲ့ အဝေဖန်ခံရရင် ဣန္ဒြေသိက္ခာ ထိခိုက်တယ်"

ကျွန်တော့်ရင်ခေါင်း တောင့်သွား၏။

အချစ်ဆိုသော စိတ္တဇနာမ်ကို လူ့လောကကြီးက ဝေါဟာရ ဝိသေသတွေ၊ သတ်မှတ်ချက်တွေဖြင့် ဝိုင်းဝန်း လှောင်ပိတ် ကြတာပါလားဟု ကျွန်တော် သိလိုက်၏။ ကျွန်တော့်ကြောင့် သိက္ခာ မကျစေရ။

www.burmeseclassic.com

[၂၁]

## ကျောက်ပါချက်

မှင့်ပြေမှ
သိမှာလား။
လွင့်မျောခဲ့တာ
ကိုယ်ပါကွယ်။
မင်းရှေ့ကို ရောက်လာတဲ့
သစ်ရွက်ခြောက်လေးပါ။
ဖွဖွလေး ကောက်ပြီး
ရေကြည်တစ်စပေါ်ကလောက်
တိုက်လွှင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မှင့်ပြေမှ သိမှာလား . . . ။
လောင်ကျွမ်းခဲ့တာ ကိုယ်ပါကွယ်။
မင်းရှေ့ကို ရောက်လာတဲ့,
မီးတောင်ရှိကကြာ
ပြာမှုန်လေး တမှုန်ပါ။
ပွပွလေး ကောက်ပြီး
လေပြည်အေးနဲ့,
နွေးထွေးပါ။

မင်း
ကောက်ယူလိုက်တာနဲ့,
နှစ်ယောက်အတူ အေးမြပါရစေ။ ။

"ကဗျာလေးက၊ ဖတ်လို့ကောင်းသားပဲ"ဟု ပြုံးလျက် ပြောသည်။ ပြီးနောက်၊ ကဗျာစာရွက်ကို ခေါက်လိုက်ပြီး

"ဘယ်က၊ ကူးလာတာလဲ"

"ကျော်ဖင်ထွင့်ဆီက"

"ဘာလုပ်ဖို့ ကူးလာတာလဲ"

"မှန်ကို ဖတ်ခိုင်းဖို့လေ"

"အင်းလေ။ ဘာဖြစ်လို့ ဖတ်ခိုင်းတာ

ကျွန်တော် ပြုံးလျက် ခေါင်းငုံ့ထားမိသည်။ ရင်ခုန်နေ

"ပြောလေ"



"ပြောချင်တယ်"

"ပြော"

"ပြောမယ့် စကားက တစ်ခွန်းတည်း။ ဒါပေမဲ့ ပြောရမယ့် အကြောင်းအရာတွေ၊ စကားလုံးတွေက၊ များတယ်"

"များရင်၊ အကျဉ်းချုပ်ပြောပေါ့"

အသက် တစ်ဝရှူကာ၊ အင်အားမွေးရသည်။ ပြီးမှ

"ကျွန်တော် မှန့်ကို စတွေ့ဖူးတာ၊ ကန်တော်(နှ) မှာနော်"

"ဟုတ်တယ်လေ။ အဲဒါ မှန်သိပြီးသားလေ"

"အဲဒီလိုစတွေ့ပြီး မှန် ဘယ်သူ ဘယ်ဝါ ဘယ်အတန်းက ဆိုတာတွေ၊ ကျွန်တော် စုံစမ်းမိတယ်။

အဲဒီနောက်၊ မှန်ငိုနေတာတွေ့။

လက်ကိုင်ပဝါလာပေး။ ပြီးတော့ မှန်က ကျွန်တော့်ကို လက်ကိုင်ပဝါ ပြန်လာပေး။

နောက် အခုလို ရင်းနှီးခင်မင်သွားကြတယ်"

"ဟုတ်တယ်လေ။ အဲဒါ ဘာဖြစ်လဲ"

ကျွန်တော်၊ လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ် ထုတ်ယူလိုက်သည်။ ထိုစာအုပ်အတွင်းမှ၊ ဓာတ်ပုံများစွာကို မှန့်အား ထုတ်ယူ လိုက်၏။ ထိုဓာတ်ပုံများကို မြင်သောအခါ မှန်က ပြုံးလျက်

"ဟယ် နန္ဒာလှိုင်ဓာတ်ပုံတွေ၊ အများကြီးပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ သိမ်းထားတာလဲ''

''သူနဲ့ မှန်။ ရုပ်ချင်းဆင်တယ်''

နှုတ်ခမ်းနှစ်လွှာမဖွင့်ဘဲ မှန် ပြုံးလေသည်။ ပြီးနောက်

''မှန်က ဘယ်အနုပညာမှ ဝါသနာမပါဘူး

နော်''

''ကျွန်တော်လည်း ဝါသနာမပါဘူး''

''သြော် အနုပညာ ဝါသနာမပါဘူး။ နန္ဒာ

လှိုင့်ကိုတော့ နှစ်သက်တယ်ပေါ့။ အဲဒါကြောင့်

သူ့ဓာတ်ပုံတွေကို သိမ်းထားတာ၊ ဟုတ်လား။

ဟုတ်တယ် မဟုတ်လား''

မှန်က လက်ညှိုးလေး ထောင်လျက် မေးသည်။

''မဟုတ်ဘူး မှန်။ မှန့်ဓာတ်ပုံကို ပိုင်ဆိုင်ခွင့်

မရတော့ မှန်နဲ့တူတဲ့ နန္ဒာလှိုင်ပုံတွေကို သိမ်းထား

ရတာ''

''သိမ်းထားရတဲ့၊ ရည်ရွယ်ချက်က''

ကျွန်တော် ခေါင်းကုတ်လိုက်ပြီး

''ကျွန်တော် မှန့်ကို ချစ်တယ်။

မှန့်ကို ကျွန်တော် ချစ်နေလို့''

နှုတ်ခမ်းမှ ပြုံးရယ်ဟန် လျှော့ပေါ့လိုက်သည်။ မျက်လုံးလေး တွေက ရီဝေဝေဖြင့် အပြုံးလက်ကျန် ချန်ထားသေး၏။ ထိုမျက်လုံး လေးတွေဖြင့် ကျွန်တော့်ကို တည့်တည့်ကြည့်လျက်…

''ချစ်တယ်ဆိုတာ ဘာလဲဟင်''





အနီးအပါးတွင် ကျော်ခင်ထွန်းနှင့် ဘိုဘိုအောင်၊ တစ်ယောက် ယောက်ရှိလျှင် ကောင်းပေမည်။

"ဖြေလေ"

"ကျွန်တော် သိပ်မဖြေတတ်ဘူး"

"ဖြေတတ်သလောက် ဖြေကြည့်ပေါ့။

မှန် နားထောင်ချင်လို့"

စာအုပ်နှင့် ဓာတ်ပုံတွေကို လွယ်အိတ်ထဲသို့ ထည့်လိုက်သည်။

"မှန်နဲ့ ကျွန်တော်။

စိတ် တစ်စိတ်တည်း ဖြစ်ချင်တယ်"

"နှစ်ကိုယ်တစ်စိတ်ပေါ့ ဟုတ်လား"

ကျွန်တော် ခေါင်းခါပြီး

"နှစ်ကိုယ်တစ်စိတ် မဟုတ်ဘူး။ စိတ်နှစ်ခုကို

တစ်စိတ်တည်း ဖြစ်ချင်တယ်"

"စိတ်တူ ကိုယ်တူပေါ့"ဟု မှန် စကားထောက်၏။

"ဟုတ်တယ်၊ စိတ်တူ ကိုယ်တူ၊ ခွဲမရအောင်

ညီတူတဲ့စိတ်နဲ့ ဘဝကို ဖြတ်သန်းချင်တယ်။

အဲဒါ ချစ်တယ်ဆိုတဲ့ ကျွန်တော့်စကားရဲ့

အဓိပ္ပါယ်ပါပဲ၊ မှန် လက်ခံရဲ့လား"

"အဓိပ္ပါယ်ကို လက်ခံပါတယ်။ ဒါပေမဲ့"

"ဒါပေမဲ့ဘာဖြစ်လဲ မှန်"

"မှန် အချစ်ကို မယုံကြည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အချစ်ကို"

"ကိုမျိုးရဲ့အချစ်ကို မယုံကြည်တာ မဟုတ်

ဘူး။ ချစ်တယ်ဆိုတဲ့ သဘောတရားကို မယုံကြ

တာ"

ဘာဖြစ်လို့လဲဟု ကျွန်တော် မမေးဝံ့။

သို့သော်

မွန့်စကားထဲတွင် အဖြေပါနေသည်။

"မွန့်မှာ အစ်မနှစ်ယောက်၊ အစ်

တစ်ယောက် ရှိတယ်။ သူတို့က အိမ်ထောင်သ

တွေ။ သူတို့ရဲ့ အိမ်ထောင်ဖက်တွေကို သူ

ချစ်ခဲ့ကြသလို၊ သူတို့ရဲ့ အိမ်ထောင်ဖက်တွေ

လည်း သူတို့ကို ချစ်ခဲ့ကြတယ်။

ဒါပေမဲ့နောက်တော့ သူတို့တွေ တစ်ယော

နဲ့တစ်ယောက် သိပ်မချစ်ကြတော့ဘူး။ ပြဿ

ခဏခဏဖြစ်ကြတယ်၊ အဓိကကတော့ စီးပွား

ပြဿနာပဲ။

အဲဒါတွေကို မြင်ရ တွေ့ရ ကြားရဖန်

တော့ မွန့်လေ…၊ အဲဒီ ချစ်တယ်ဆိုတဲ့ သဘော

တရားကြီးကို မယုံကြည်ချင်တော့ဘူး"

"ကျွန်တော့်ကိုတော့ယုံပါမွန်ရယ်။ ကျွန်တော်

ဘဝမှာ မိသားစု သံယောဇဉ်တွေ ပျက်စီးပြီး

နောက်၊ ရင်ထဲမှာ နှောင်ဖွဲ့နေမိတာဆိုလို့



တစ်ယောက်တည်းပဲ ရှိတာပါ"

"အဲဒါကို မွန်ယုံပါတယ်။ ကိုမျိုးပြောတဲ့

ချစ်တယ်ဆိုတဲ့ စကားက မွန်နဲ့ ကိုမျိုးနဲ့ ချစ်သူ

တွေ ဖြစ်ကြရဖို့ပဲ မဟုတ်လား"

"ဟုတ်တယ် မွန်၊ လောလောဆယ် ချစ်သူ

တွေ ဖြစ်ချင်တယ်"

စာသင်သော ဆရာမတစ်ဦးက သူ့ရှေ့တွင် စာအံနေသည့်

တပည့်တစ်ယောက်ကို ပြုံးလျက်ကြည့်သော ဟန်ပန်မျိုးဖြင့် မွန်

ကျွန်တော့်ကို ကြည့်ရင်း

"လက်ထပ်ပါရစေလို့ ဘာဖြစ်လို့ မပြော

တာလဲဟင်"

မြတ်နိုးစွာ ငေးကြည့်လိုက်ရင်း

"မွန့်ရဲ့ ကောင်းမွေဆိုးမွေဟူသမျှကို ပခုံးပေါ်

တင်ထားနိုင်တဲ့ အခြေအနေ၊ ပြီးတော့ မွန့်ရဲ့

ဘဝတစ်ခုလုံးကို တာဝန်ယူနိုင်တဲ့ အခြေအနေမျိုး

ရောက်မှ လက်ထပ်ပါရစေလို့ ကျွန်တော် ပြောရဲ

မှာပါ မွန်"

"အဲဒီအခြေအနေရောက်ဖို့ အချိန်တွေ အများ

ကြီး လိုဦးမှာပေါ့နော် ကိုမျိုး"

ဝန်ခံခြင်းအဖြစ်၊ နှုတ်ဆိတ်လျက်သာ ကျွန်တော် နေလိုက်

သည်။

မွန့် ရင်ဘတ်လေး မြင့်တက်သွား၏။ ပြီးနောက် ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



နှိမ့်ဆင်းသွားသည်။ သူ သက်ပြင်းချလိုက်သည်ဟု ကျွန်တော်သိ၏။

"မွန် သစ်ပုတ်ပင်ကြီးအောက်မှာ ဘာဖြစ်လို့ ငိုရတာလဲလို့ ကိုမျိုး ခဏခဏမေးတယ်နော်"

ကျွန်တော် ခေါင်းညိတ်သည်။

"မွန် အခု ပြောပြမယ်"

နှလုံးသားဖြင့် နားစွင့်ထားသည်။

"မွန့်မှာ ချစ်သူတစ်ယောက် ရှိဘူးတယ်။ အရပ်ထဲက သူလို ကိုယ်လို အဆင့်အတန်းပေါ့နော်။ အိမ်က သိသွားတယ်။ ဖြတ်နိုင်းတယ်။ မွန် အဆက်ဖြတ်လိုက်ရတယ်"

"အဲဒါကြောင့် မွန် ငိုတာလား" ဟု ကျွန်တော် မေးမိသည်။

"မဟုတ်ဘူး။ သူ့ကို အဆက်ဖြတ်လိုက်ရတဲ့အတွက် မွန် သိပ်မခံစားရပါဘူး။ မွန် ဖြတ်နိုင်ပါတယ်။ အချစ်ကို သိပ်ယုံကြည်မထားတဲ့အတွက် မျက်ရည်ကျတာတို့၊ ရင်ကွဲရတာတို့ မဖြစ်ခဲ့ရပါဘူး။ အမေတို့၊ အစ်မတို့၊ အစ်ကိုတို့က ဘာကြောင့် အဲဒီချစ်သူကို အဆက်ဖြတ်နိုင်းတာလဲ သိလား"

ကျွန်တော် ခေါင်းခါပြရသည်။

"သူတို့အဆက်ဖြတ်ခိုင်းရတဲ့ အကြောင်းပြချက်က သိပ်နိုင်လုံတယ် ကိုမျိုးရဲ့"

"ဘာအကြောင်းပြချက်လဲ အကျင့်စရိုက်





မကောင်းလို့လား"

"မဟုတ်ဘူး။ ဆင်းရဲလို့တဲ့"

သူတစ်ပါးကို ချိန်ရွယ်လျက် ပစ်လွှတ်လိုက်သည့် မြားတစ်စင်းက အခြားနံရံတစ်ခုကို ထိမှန်ကျိုးပဲ့ပြီး ထိုမြားဦး၏ အကျိုးအပဲ့က ကျွန်တော့် ရင်နံရံသို့ လာရောက် ထိုးစိုက်လေသည့်ပမာ လှပ်ခနဲ ခံစားလိုက်ရသည်။

"အဲဒီ ဆင်းရဲတဲ့ချစ်သူကို အဆက်ဖြတ်လိုက်ရလို့ မွန် ဘာမှမဖြစ်ပေမဲ့ မွန် ဒီနှစ် ကျောင်းပြီးရင် သူဌေးတစ်ယောက်နဲ့ လက်ထပ်ရမယ်လို့ အိမ်က အသိလည်းပေးရော မွန် နေ့စဉ်ရက်ဆက် ငိုနေခဲ့ရတယ်။

ကိုမျိုး တွေ့တဲ့အချိန်က သူငယ်ချင်းတွေကို မွန်ပြောပြပြီး ငိုနေတာ။ ချစ်သူနဲ့ ခွဲရတာ ဘာမှ မဖြစ်ဘဲ၊ မချစ်တဲ့သူနဲ့ ပတ်သ ရတော့မယ် လို့လည်း သိလိုက်ရော ကိုယ့်ကိုကိုယ် အသက် တောင် မရှင်ချင်တော့ဘူး"

ပြောသူ၏ စကားသံ တုန်ယင်လာ၏။ နားကြားရသူ ရင်နင့်သည်။

"မွန် တွေးခဲ့သေးတာပေါ့နော်။ နိုးရာလိုက်ပို့တို့၊ အိမ်က ထွက်ပြေးဖို့ တို့။ မွန်လေ ဦးနှောက်ကို အများကြီး အလုပ်လုပ်ခဲ့ရတယ်။ ကျောင်းပညာ တစ်ပိုင်းတစ်စပါလား။ မိ[illegible] မောင်ဘွား



www.burmeseclassic.com

www.burmeseclassic.com



တွေက နှောင်ရှေးစိတ်အေးရအောင် စေတနာ
မေတ္တာနဲ့ စီစဉ်ထားကြတာ နေမှာပါ။

အချစ်ဆိုတာ ဆင်းရဲခြင်းနဲ့တွေ့ရင် အင်အား
သိမ်ငယ်သွားတတ်တာပါလား ဆိုတာတွေ တွေး
ပြီး အခု မွန် အရုပ်လေးတစ်ရုပ်လို လှုလှုကြွကြွ
လေး နေပစ်လိုက်တော့တယ်"

မွန်က ကျွန်တော့်အနားသို့ တိုးရပ်ရင်း မျက်ရည်ဝေ့ဝေ့တို့
ဖြင့်...

"မွန် ငိုနေတဲ့အချိန်မှာ ကိုမျိုးက လက်ကိုင်
ပဝါလေး လာပေးပြီး ပေးရတဲ့အကြောင်းကို ပြော
ပြသွားတော့ ရင်ထဲမှာ ငိုချင်တဲ့စိတ် ပျောက်
သွားတယ်။ ကိုမျိုးရဲ့ လက်ကိုင်ပဝါလေးနဲ့ ငို
လက်စမျက်ရည်တွေကို မွန် ချက်ချင်းသုတ်ပစ်
လိုက်တယ်၊ ပြီးတော့ နောက်နေ့တွေမှာ မွန်
ကိုမျိုးကို လိုက်ရှာပါတယ်။

ရှာနေတုန်းက မတွေ့ဘူး၊ မရှာတဲ့နေ့ကျမှ
အတန်းအပြင်ဘက်မှာ ကိုမျိုးကို တွေ့လိုက်ရတာ။
အဲဒီတုန်းက မွန် အရမ်း ဝမ်းသာသွားတယ်
သိလား"

မျက်ရည်ဝေတို့ကို ကင်းပအောင် ပြုံမှုရင်း ပြုံးလျက်ပြော
လေသည်။

"မွန်"



"ပြောလေကိုမျိုး"

"မွန်က ဒီ ဒီနှစ် စာမေးပွဲပြီးရင်..."

ကျွန်တော့်ပါးစပ်ကို မွန့်လက်ဝါးလေး လာပိတ်သည်။ ကျန်
...တ်တစ်ဖက်ထဲရှိ ကဗျာစာရွက်ခေါက်လေးကို သူ့လွယ်အိတ်ထဲသို့
...ည့်ပြီး

"ကိုမျိုး၊ မွန် လှလား"

ကျွန်တော် ခေါင်းညိတ်ရပြန်သည်။ တမင်ပြုံးလျက်

"ပစ္စုပ္ပန်ကို တည့်တည့်ကြည့်၊ အတိတ်ကို
လည်း ပြန်မတွေးနဲ့၊ အနာဂတ်ကိုလည်း ကြို
မတွေးနဲ့။ နော် ကိုမျိုး။

အခုလောလောဆယ် မွန် ဗိုက်ဆာတယ်။
လာ မုန့်သွားစားကြမယ်"

ကျွန်တော့်လွယ်အိတ်ကိုင်းကို သူ ဆွဲခေါ်၏။

ပစ္စုပ္ပန်ကို တည့်တည့်ရှုမြင်လိုက်သည့်အခါ မွန် ခေါ်ရာသို့
...န်တော် ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## [၂၂]

"အဲဒါဆို သချောတာက ကျောင်းပြီးတာနဲ့ မြတ်မွန်မွန် လက်ထပ်ရတော့မှာပေါ့။ ဟုတ်လား" ဟု ဘိုဘိုအောင် စိတ်မကောင်းစွာ မေးသည်။

"ဟုတ်တယ်။

ဟုတ်မယ် ထင်တာပဲ။ ဟုတ် မဟုတ်၊ ငါ သေသေချာချာ မမေးချင်တော့ဘူး။ မမေးရဲတော့ဘူး"

ကျော်ဇင်ထွန်းက...

"သချာအောင် မေးလိုက်ရောပေါ့ကွာ"

"မေးလိုက်လို့ ဟုတ်တယ်လို့ ဖြေလိုက်ရင် ငါ ဘာလုပ်ရတော့မှာလဲ ဘာလုပ်လို့ ရတော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညှိနှိုင်းရမှာပေါ့ကွ။ မင်းကို သူ ချစ် မချစ် မေးရမယ်။ ချစ်တယ်ဆိုရင် မင်း သူ့ကို လက်ထပ်ဖို့ ကြိုးစားမယ် ဘာညာပေါ့"

"ငါ ကြိုးစားမယ်ဆိုတဲ့ ကာလကို သူ စိတ်ဝင်စားမှာ မဟုတ်ဘူး" ဟု အားငယ်စွာ ပြောမိသည်။

ဘိုဘိုအောင်က...

"မင်းကိုချစ်တယ်ဆိုရင်၊ ကြိုးစားချိန်တော့ သူ ပေးမှာပါ"

ကျွန်တော် ခေါင်းခါလိုက်ပြီး...

"သူ ပြောပြီးပြီ၊ အချစ်ကို မယုံကြည်ဘူးတဲ့"

ကျော်ဇင်ထွဋ်က...

"အချစ်ကို မယုံကြည်ရင် သူ ဘာကို ယုံကြည်တာတဲ့လဲ"

ကျွန်တော် လက်ညှိုးနှင့်လက်မကို ဝိုင်းပြလိုက်သည်။

"ဘားနွပ်ရှောက ပြောတယ်။ စည်းစိမ်ဥစ္စာအတွက်သက်သက် အိမ်ထောင်ပြုခြင်းသည် ပြည့်တန်ဆာလုပ်ခြင်းနှင့် အတူတူပင်ဖြစ်၏...တဲ့။ မင်း အဲဒါကို မြတ်မွန်မွန်ရှေ့မှာ ရွတ်ပြလိုက်ပါလား"

"ငါ ရွတ်မပြရက်ဘူး။ ငါ သူ့စိတ်ကို နားလည်တယ်။ သူ့ကို သဘောပေါက်တယ်။ သူလည်း ငါ့စိတ်ထဲကို သဘောပေါက်ပုံရပါတယ်။



ငါ့အပေါ် စိမ်းစိမ်းကားကားမပြုမူဘူး။ ရင်းရင်းနှီးနှီး ရှိနေတုန်းပါပဲ"

ဘိုဘိုအောင်က

"မင်းကို၊ သူ ပြန်ချစ်မချစ်၊ မင်းအပေါ်မှာ သူ ချစ်တဲ့စိတ် ဖြစ်မဖြစ်၊ မင်း မမေးတော့ဘူးလား"

ကျွန်တော် ခေါင်းခါလိုက်သည်။ ပြီးမှ

"အချစ်ကို မယုံကြည်တဲ့ သူ့ရင်ထဲမှာ ငါ့ကို ချစ်တဲ့စိတ် ဘယ်ရှိပါ့မလဲ"

ဘိုဘိုအောင်က ပြုံးလျက်

"မြတ်မွန်မွန်က အချစ်ကို မယုံကြည်တာ လေ။ မင်းက သူ့ကိုချစ်တဲ့ အချစ်စိတ်ကို မယုံကြည်တာမှ မဟုတ်တာ။

သူ့မှာ ခံစားတတ်တဲ့ နှလုံးသားရှိတာပဲ။ ဗေဒင်ကို မယုံကြည်ဘူးလို့ ဘယ်လောက်အော်အော် မှန်အောင်ဟောပြောနိုင်တဲ့ ဗေဒင်ဆရာနဲ့ တွေ့ရင် နည်းနည်းတော့ ငဲ့ကြည့်ရမှာပဲ။

အဲဒီလိုပေါ့။ အချစ်ကို မယုံကြည်ဘူးလို့ မြတ်မွန်မွန် ဘယ်လောက်ပြောပြော၊ သူ ယုံကြည်အောင် ချစ်တဲ့သူကို တွေ့ရင်တော့၊ နည်းနည်းလေး ငဲ့ကြည့်ချင်လိမ့်မယ်"

"မင်း ငါ့ကို စိတ်ဓာတ်မကျအောင် အားပေး

www.burmeseclassic.com

www.burmeseclassic.com



နေတာလား"

"အားပေးစကားမဟုတ်ဘူး သူငယ်

တူးဖော်ကြည့်ဖို့ အကြံပေးတာ"

အချစ်ကို တူးဖော်ရန်အတွက် မည်သည့်လက်နက်ကိုရိယာ

အသုံးပြုရပါသနည်း။ ကျွန်တော့်မှာ အသစ်စက်စက် အချစ်သက်

နှလုံးသားတစ်ခုသာ မရေမရာ ရှိပါသည်။

"ကိုကို"

"ဘာလဲ ညီမလေး"

"ညီမလေးရဲ့ သားက ကိုကို့တူ တော်

နော်"

ကျွန်တော် ပြုံးလျက်

"အင်းလေ။ အဲဒါ ဘာဖြစ်လဲ"

"ညီမလေးရဲ့သားကို ကိုကိုမချစ်ဘူး

ဟင်"

ကျွန်တော် မဖြေရက်။

နံရံတွင် ချိတ်ဆွဲထားသည့် အဖေနှင့်အမေဓာတ်ပုံကို

မော့ကြည့်နေဖြစ်သည်။ တစ်နှစ်သားအရွယ် ကျွန်တော့်တူလေး

အိမ်ကြမ်းပြင်တွင် ဆော့ကစားနေ၏။

"ဖြေလေ ကိုကို။ သားကို မချစ်ဘူးလား





"ဘာဖြစ်လို့ မေးတာလဲ ညီမလေးရယ်"

ညီမလေး၏ အမျိုးသားကိုလည်း ကျွန်တော် တရင်းတနှီး

နေခဲ့။ ညီမလေး မီးဖွားစဉ်က မွေးခန်းထဲမှ သတင်းကောင်း

ကြားရမချင်း။ ကျွန်တော် နေမထိ ထိုင်မသာ။ သားယောက်ျား

သားမွေးသည်ဟု ကြားကြားချင်း သက်ဆိုင်ရာ ဆရာမတစ်ဦးကို

ညီမလေး၏ အခြေအနေကို ကျွန်တော်မေးသည်။ ကလေးရော

ဆိုရော နေကောင်းကြောင်း သိရသည်။ ကျွန်တော့်အမေးစကား

တွင် ကလေးအကြောင်း မပါဝင်ခဲ့။

ညီမလေး နေကောင်းသည်၊ ကျန်းမာသည်ဟု သိလျှင်သိရ

ချင်း ကျွန်တော် မည်သူကိုမျှ နှုတ်မဆက်ဘဲ အိမ်ပြန်ခဲ့သည်။

အိမ်သို့ရောက်သော် အဖေနှင့်အမေဓာတ်ပုံတွေကို မော့ကြည့်ရင်း

ဘ်ရည် ဝေ့မလိုလို ဖြစ်ရသေး၏။

ထိုနောက်ပိုင်းရက်လများတွင် ညီမလေးသည် ကျွန်တော်ရှိရာ

အရောက်အပေါက်နည်း၏။ ရောက်လာသည့်အခါတိုင်း သူ့သား

ပါ ပါလာသည်။ ထိုကလေးကို ကျွန်တော် မချော့မမြူ မချီ

"သားလေးကို ကိုကို တစ်ခါမှ မချီဘူး။

ညီမလေးကို ချစ်တယ်ပြောပြီး၊ သားလေးကို

ကျတော့ ကိုကို မချစ်ဘူး။ အဲဒါ ဘာဖြစ်လို့လဲ"

မျက်ရည်လဲ့လဲ့လေးတွေကို မြင်ရပြန်သည်။

"ကိုကို့ကို ခွင့်လွှတ်ပါ ညီမလေးရယ်။

ကိုကို့ဘဝမှာ ကိုကိုချစ်တဲ့ အဖေရော အမေ



www.burmeseclassic.com

www.burmeseclassic.com



ရော မရှိတော့ဘူး။ ညီမလေးကလည်း ကိုယ့်တ
နဲ့ကိုယ် ဖြစ်သွားပြီ။ ကိုကို့တဝမှာ ဘာနှောင်ကြိုး
မရှိတော့ဘူး။

အဒေါ်တွေ ဦးလေးတွေ အစ်မတွေ
လည်း၊ ဆွေးမျိုးတော်တယ် ဆိုတာလော
သဘောထားပစ်လိုက်တယ်။ သံယောဇဉ်တွေ
ကင်းအောင် နေပစ်လိုက်ပြီ။ နောက်ထပ် ဘ
သံယောဇဉ်ကိုမှ ကိုကို မခင်တွယ်ချင်တော့ဘူး

သံယောဇဉ် နှောင်ကြိုးတွေက ပူတယ်
ညီမလေး။ ဒီကလေးကို ကိုကို ချီလိုက်ရင် ချ
သွားမယ်။ ချစ်မိရင် ထိမှာ ခိုက်မှာ နာ
ကျင်မှာကို ကိုကို ပူပင်ရတော့မယ်။ စိုးရိမ်
ရတော့မယ်။

အဲဒီ သောကမျိုးတွေကို ကိုကို မခံစား
ချင်တော့လို့ ကိုကို အရုပ်တစ်ရုပ်လို နေခဲ့တာ
ကိုကို့ကို နားလည်ပေးပါ ညီမလေးရယ်။ ကို
ဘာအတွက်မှ မပူလောင်ချင်တော့ဘူး"

ညီမလေးခမျာ သားငယ်ကို မ,ချီလိုက်ရင်း၊ မျက်ရည်စက်တွေ
ကို ဖယ်ထုတ်၏။ ပြီးနောက်

"သွေးက စကားပြောတယ်တဲ့။ ကိုကို့သွေး
ထဲမှာ ဘာသံယောဇဉ်ကမှ မရှိတော့ဘူးလား
စကား မပြောတော့ဘူးလား"



ကျွန်တော့်တူလေးကို ကျွန်တော် မကြည့်မိအောင် နေရ၏။

"ကိုကို ရက်စက်တယ်"

"ရက်စက်တာမဟုတ်ဘူး ညီမလေး။ ကိုကို
ကသာ အရက်စက်ခံခဲ့ရတာပါ။ လောကဓံက
ကိုကို့ကို အရမ်းရက်စက်ခဲ့တာ။

အဖေရယ် အမေရယ် ညီမလေးရယ် ဒီ
သံယောဇဉ်တွေကြားမှာတွင် ကိုကို တော်တော်
လေး လှူးလိမ့်ခံစားခဲ့ရတယ်။ နောက်ထပ် ဘယ်
သွေးသားကိုမှ သံယောဇဉ်မထားချင်တော့လို့ပါ"

ညီမလေး မဲ့ပြုံး ပြုံး၏။

"ကိုကို့ကို ညီမလေး တစ်ခုမေးမယ်"

"မေးပါ ညီမလေး"

"ကိုကို အိမ်ထောင်မပြုတော့ဘူးလား။

အိမ်ထောင်ပြုပြီးရင် ရလာမယ့် သားတွေ
သမီးတွေကိုရော ကိုကို မချစ်တော့ဘူးလား"

ကျွန်တော် ညီမလေးမျက်နှာကို သေသေချာချာ ကြည့်လိုက်

"ဒီတစ်သက်"

စကားမဆက်သေးခင် မှုန်မှိုင်းမျက်နှာလေးကို မြင်ယောင်
နိုင်မှာ စကားဆက်လိုက်ရသည်။

"ဒီ တစ်သက် အိမ်ထောင်ပြုဖြစ်တော့မယ်
မထင်ဘူး"

www.burmeseclassic.com



"တကယ်"

ခေါင်းကို သတ်ခနဲ ညိတ်လိုက်၏။ ဦးနှောက်ပုံမှန် မဟုတ်သူ တစ်ဦးကို ကရုဏာသက်စွာ ကြည့်သော မျက်လုံးမျိုးဖြင့် ညီမလေး ကျွန်တော့် ကို ငေးကြည့်နေရှာသည်။

[၂၃]

"စာမေးပွဲ နီးပြီနော်" ဟု မွန်က ခပ်ဝေးဝေးသို့ ငေးမျှော်ရင်း ငေးလျက် ပြောသည်။ ကျွန်တော် ခေါင်းညိတ်ရုံသာ ညိတ်လိုက်၏။

"အဲဒီစာမေးပွဲပြီးရင် မွန် လက်ထပ်ရတော့မယ် မဟုတ်လား" ဟု မမေးဖြစ်အောင် ကျွန်တော်နေသည်။

"မွန်ကို ကျွန်တော် သိပ်ချစ်ပါတယ်" ဟု အနားမှာ တစ်ဖော်မခွာဘဲ တစ်ရုံမလပ် ပြောနေချင်သည်။ သို့သော် မပြောဖြစ်အောင် ကျွန်တော် နေဖြစ်သည်။

သူ့အား စိတ်နှလုံးအတွင်း...မှ ချစ်မြတ်နိုးစွာ ဘဝသွင်း ပို့ခဲ့ပါသည်... ဆိုသည့်အကြောင်း၊ သူ...သိ,ကြားမြင်သာအောင် ကျွန်တော် မှုသားကောင်းစွာ ပြောပြီးခဲ့ပြီဖြစ်၏။ ကျွန်တော့်ရင်ထဲက ချစ်ခြင်းထုထည် ကို၊ သူ... ပိုသိ ပိုကြား ပို၍ မြင်သာစေဖို့ တစ်ရုံမကွာ၊ နာရီမလပ်၊ ချစ်ခြင်းသဘော ရင်အခေါ်ကို ပြောပြနေရမို

www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် မလိုလား။

တစ်ဘဝစာအတွက် နှလုံးအသည်းတစ်ခုလုံးစာ၊ တစ်ခါတည်း သာ ပြောတတ်ချင်သည်။ ယောက်ျားတန်မဲ့ ချစ်စကားသံသဲ့သဲ့ဖြင့် မိန်းမသားတစ်ဦး၏ နှလုံးသည်းတိုင်ကို ယိုင်နဲ့အောင် မန္တန်ခွေချင်။ ချစ်နေသည်ကို သူ သိထားပြီ ဖြစ်သကဲ့သို့ သူ့ ခံယူချက်ကိုလည်း ကျွန်တော် သိထားခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် သူ့အာရုံစိတ်နှလုံးကို ကျွန်တော်ဘက်သို့ ယိုင်နဲ့ လာစေဖို့အတွက် မည်သည့်အမှုအရာ မည်သည့်စကားလုံးကိုမျှ ကျွန်တော် ခွန်းဟာလိမ့်မည် မဟုတ်ပါ။ ချစ်ခြင်းဟူသည် လိုရာသို့ သဲ့ယူသွယ်ဖောက်ရုံဖြင့် စီးဆင်းရာလမ်းကြောင်း ပြောင်းလဲ တတ်သည် တမံ...ကတုတ်...ချောင်းစုပ်...မြောင်းပုတ် မဟုတ်ပါ။ ချစ်ခြင်းဟူသည်ကား နှလုံးသားရင်ပြင်၌ သူ့လိုရာ သူ့အရပ်သို့ သူ့ဘာသာ စီးဆင်းနေတတ်သည့် စိမ့်စမ်း ချောင်းလေးတစ်ခုသာ ဖြစ်လေသည်။ ထို့ကြောင့် မွန်နှင့်တွေ့ဆုံရ သည့်အခါတိုင်း ကျွန်တော့်အပေါ် ကရုဏာသက်စေရာစကား၊ သူနှင့်ဝေးလျှင် လူ့ဘဝ လူ့ပတ်ဝန်းကျင်မှ လွင့်စင်ထွက်ပြေးကာ အဖန်ငါးရာ ငါးကမ္ဘာကျင်လည်မည်၊ လမ်းဆိုးကိုပင် ရွေးချယ်မိ လောက်အောင်၊ ခံစားရမည်ဆိုသည့် စကား၊ "မချစ်တဲ့သူကို လက်ထပ်ဖို့အတွက် ချစ်နေရစ်ခဲ့သူကို မထားခဲ့ပါနဲ့လား မွန်ရယ်"ဟု ရင်နင့်စွာ တောင်းပန်ရမည့် ဆန္ဒစကား၊ "မွန်က ကျွန်တော့် အချစ်ဦးပါ။ မွန်ကမှ ကျွန်တော့်အရင် ချစ်သူတစ်ယောက် ထားဖူးခဲ့ သေးတယ်၊ တခြားသူတစ်ယောက်ကို ချစ်သူအဖြစ် သဘောထားခဲ့





ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ ပြောလိုက်ရတာ ကျွန်တော့်မှာ ရုပ်ရှင်ရုံထဲကို နောက်ကျမှ ဝင်လာမိတဲ့ လူလိုပဲ။ ရှေ့က ဇာတ်ဝင်ခန်းတွေကို ဘယ်လို စိတ်အရှုန်နဲ့ တွေးကြည့်ရမှန်း မသိတော့ဘူး" ဆိုသည့် နှမြောတသ၊ စကား၊ စသည့် စသည့် ရင်ခွင်ကိန်းခို၊ လည်ချောင်းအရပ်တွင် တစ်ဆို့ဆို့ဖြင့် မျိုထားရသည့် စကားများစွာကို သည်တစ်သက် မွန် သိကြားဖို့ ကျွန်တော် ပြောပြ ဖြစ်လိမ့်မည် မဟုတ်ပါ။

အချစ်ကို မယုံကြည်သူ မွန့်အား၊ ချစ်ခြင်းနှင့်ယှဉ်ရာ စကားများကို ပြောပြနေလျှင် ကျွဲပါးစောင်းတီး အချည်းနှီး ဖြစ်ရှေမည်ဟူသည့် အတွေးမျိုးဖြင့် မျိုသိပ်နှုတ်ဆိတ်လိုက်ခြင်း မဟုတ်ပါ။

ကျွန်တော့်ချစ်ခြင်းကို ကျွန်တော်ပြောမှ သိ၊ ကျွန်တော် ပေါက်ကွဲပြမှ မြင်၊ ကျွန်တော်ကြွေကွဲပြမှ ခံစားသွားရသည်မျိုး မလိုလားခြင်းကြောင့် မည်သည့် ဘာသာစကား၊ မည်သည့်ဝေါဟာရ တို့ကိုမျှ ကျွန်တော် မပြောဆို မသုံးနှုန်းတော့ခြင်း ဖြစ်၏။

"စာမေးပွဲနီးပြီလို့ ပြောနေတာ မကြားဘူး လားလို့"

ကျွန်တော်ချစ်သော အမူအရာ၊ ကျွန်တော်မြတ်နိုးသော နှုတ်ခမ်းစူစူလေးဖြင့် မွန် ပြောသည်။ ကျွန်တော် ပါးလှပ်စွာ ပြုံးလျက်

"ကြားပါတယ် မွန်ရဲ့။ ကျက်ပြီးသား စာ တစ်ပိုဒ်၊ ပြန်စဉ်းစားနေလို့"

နှုတ်ခမ်းစူစူ အမူမပျက်သေးဘဲ

"ဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ္ပါတယ္"

မုသားစကားတို႔သည္ တစ္ခါတစ္ရံ ျပံဳး၍ေျပာလွ်င္ ပို၍ ပီျပင္တတ္ေလ၏။

"ကိုမ်ိဳး"

"ဗ်ာ"

"ဘာျဖစ္ေနတာလဲဟင္"

ကၽြန္ေတာ္ျပံဳးလ်က္

"ဘာမွ မျဖစ္ပါဘူး မွန္ရဲ႕။ ဘာျဖစ္ေနတယ္လို႔ မွန္ ထင္လို႔လဲ"

"စကားနည္းေနသလားလို႔ပါ"

"ေက်ာင္းျမန္ျမန္ၿပီးခ်င္တယ္ မွန္။ ေနာက္ဆံုးႏွစ္ စာေမးပြဲကို အေႏွာင့္အယွက္မရွိ ေျဖႏိုင္ခ်င္တယ္။ အဲဒါေၾကာင့္ အခါတိုင္း ႏွစ္ေတြထက္၊ စာေတြ ပိုက်က္ထားတယ္ေလ။ က်က္ၿပီးသားစာေတြ ေမ့သြားမွာ စိုးလို႔ တြက္ၿပီးသားေတြ မမွတ္မိေတာ့မွာ စိုးလို႔။ ျပန္ျပန္ၿပီး စဥ္းစားၾကည့္ေနမိတာပါ"

ရိုးဝင္းေမ်ာက္လံုးေလးျဖင့္ မွန္ ကၽြန္ေတာ့္ကို ဖ်တ္ခနဲ တစ္ခ်က္ၾကည့္သည္။





"ကိုမ်ိဳး"

အၾကည့္မေရႊ႕ဘဲ အမည္ကို ေခၚသည္။

"ခ်စ္သူဆိုတာ ဘယ္လိုလူေတြကို ေခၚတာလဲဟင္"

"မွန္ ဘာျဖစ္လို႔ ေမးတာလဲ"

"အခ်စ္ဆိုတာကို မယံုၾကည္ဘူးဆိုေပမဲ့ ခ်စ္သူဆိုတာ ဘာလဲလို႔ေတာ့ သိခ်င္တာေပါ့"

"ကၽြန္ေတာ္ သိပ္မသိဘူး မွန္"

"သိပ္မသိဘူးဆိုတာ နည္းနည္းေတာ့ သိတယ္ဆိုတဲ့ သေဘာေပါ့။ အဲဒီ သိသေလာက္ေလးပဲ ေျပာျပပါလားဟင္"

"ကၽြန္ေတာ္ေျပာတာ ကၽြန္ေတာ့္အထင္ပဲ ျဖစ္ေနမွာပါ မွန္။ မွားေနရင္၊ မေကာင္းဘူး"

"ကိုမ်ိဳးရဲ႕ ထင္ျမင္ခ်က္ကိုပဲ မွန္ သိခ်င္တာပါ။ မွန္႔ကို ေျပာျပပါ"

ေျမျပင္သို႔ ကၽြန္ေတာ္ မ်က္ႏွာမူလိုက္သည္။ ၿပီးေနာက္ မွန္႔မ်က္ႏွာကို တစ္ခ်က္မွ်သာ ၾကည့္လိုက္ၿပီး ဟိုး ေဝးေဝးသို႔ ေမွ်ာ္ေငးကာ

"လူတိုင္းမွာ အတၱရွိတယ္။ အဲဒီ အတၱေတြေၾကာင့္ တစ္ေယာက္နဲ႔ တစ္ေယာက္၊ တစ္မ်ိဳးနဲ႔ တစ္မ်ိဳး၊ တစ္ႏိုင္ငံနဲ႔ တစ္ႏိုင္ငံ အႏိုင္အရံုးေတြ အမွန္အမွားေတြ ကြဲျပားေနၾကတာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့များ ကမ္ဘာပေါ်မှာရှိတဲ့ လူတွေအားလုံးဟာ သူတို့ရဲ့ အတ္တတွေကို အတ္တတစ်ခုတည်းဖြစ်အောင် ဖန်တီးနိုင်ကြရင် ကျွန်တော်တို့ နေထိုင်တဲ့ ကမ္ဘာလုံးကြီးဟာ ကလေးကစားတဲ့ ဘောလုံးလေးတစ်လုံးလို ချစ်စရာကောင်းသွားမယ်။

အဲဒီလိုပဲ၊ လူယောက်ျား တစ်ယောက်ရဲ့ အတ္တနဲ့ လူမိန်းမတစ်ယောက်ရဲ့ အတ္တ။ အဲဒီ အတ္တနှစ်ခု ပေါင်းယှက်လိုက်တဲ့အခါ အတ္တတစ်ခုတည်း ဖြစ်သွားရင် အဲဒီ နှစ်ယောက်ဟာ ချစ်သူပဲ။ သူတို့နှစ်ယောက်ရဲ့ စိတ်နှစ်ခုဟာလည်း တစ်ခုတည်းသောစိတ် ဖြစ်သွားရင်၊ အဲဒါ ချစ်သူတွေပါပဲ မွန်။

နှစ်ယောက်ရဲ့ အတ္တဟာ၊ တစ်ခုတည်းသော အတ္တ၊ နှစ်ယောက်ရဲ့ စိတ်ဟာ၊ တစ်ခုတည်းသော အာရုံဖြစ်သွားတဲ့အတွက် နှစ်ယောက်ပေါင်းပြီး ဘယ်အလုပ်ကို လုပ်လုပ်၊ တိုးတက်အောင်မြင်နိုင်လိမ့်မယ်။

အနည်းဆုံး နှစ်ယောက်ရဲ့ တစ်ခုတည်းသော အာရုံနဲ့ ဘဝတစ်ခုကို ထူထောင် တည်ဆောက်နိုင်ကြမယ်''

ကျွန်တော့်စကားအဆုံးတွင် မွန်က တွေတွေလေး ငေးကြည့်



''ဒါဆို အိမ်မှာ မွန်ရဲ့ အစ်ကို အစ်မတွေ၊ သူတို့ အိမ်ထောင်ဘက်တွေနဲ့ တကျက်ကျက်ဖြစ်နေကြရတာ၊ ဘာကြောင့်လဲ။ ငွေကြေးကြောင့် မဟုတ်ဘူးလား။ စီးပွားရေး အဆင်မပြေကြလို့ မဟုတ်ဘူးလား''

''ဟုတ်ချင် ဟုတ်မှာပေါ့ မွန်၊ ဒါပေမဲ့ သေသေချာချာစဉ်းစားကြည့်ရင်တော့ အဲဒါ ငွေကြေးကြောင့် မဟုတ်ဘူး၊ အတ္တအဲချင်းချင်း မပေါင်းစပ်ဘဲ၊ ပြိုင်နေကြလို့ ဖြစ်မယ်။

အတ္တမတူ၊ စိတ်မတူ၊ အာရုံမတူတဲ့အတွက် နင့်ကြောင့် ငါ့ကြောင့် ဆိုတဲ့ ခွဲခြားမှုတွေ၊ ပဋိပက္ခတွေ ဖြစ်ဖြစ်နေကြတာ။

အတ္တတူရင်၊ စိတ်တူရင်၊ အာရုံတူရင်၊ ဆင်းရဲတာကိုလည်း အတူတူရင်ဆိုင်နိုင်လိမ့်မယ်။ စိတ်အာရုံမတူညီသမျှ ချစ်သူ မဟုတ်ဘူးလို့၊ ကျွန်တော်ထင်တယ် မွန်''

စကားအဆုံးတွင် မွန်က

''ယောက်ျားက၊ မိန်းမကို နိုင်နေတာမျိုး၊ မိန်းမက ယောက်ျားကို အနိုင်ယူနေတာမျိုးကိုရော ကိုမျိုးဘယ်လိုထင်လဲ၊တချို့ဇနီးမောင်နှံတွေ တချို့ ချစ်သူရည်းစားတွေမှာ တစ်ယောက်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း အနိုင်ယူနေတတ်ပြီး၊ တစ်ယော
ယောက်က၊ အမြဲတမ်း အလျှော့ပေးနေတတ်
တယ်လေ၊ သူတို့ကရော ချစ်သူတွေမဟုတ်
လားဟင်"

"ကျွန်တော့် အထင်ပေါ့နော်"

မွန် ခေါင်းညိတ်၏။

"တစ်ယောက်အတွက တစ်ယောက်
လွှမ်းမိုးနေသမျှ၊ အဲဒါ ချစ်သူအစစ်မဟုတ်
အနိုင်ယူတဲ့သူရဲ့ အတွက ပိုကြီးပြီး၊ အနိ
အလျှော့ပေးတဲ့သူနဲ့ အတွက၊ ပိုငယ်နေလိမ့်
အလျှော့ပေးတဲ့သူက၊ ပိုချစ်လို့ပဲဖြစ်ဖြ
အခြေအနေကို မပျက်ပြားစေချင်လို့ပဲဖြစ်ဖြစ် သူ
ကြီးပမ်းပြီး ချစ်နေရတာဆိုတော့၊ အဲဒါ တစ်
နေတဲ့ အချစ်မျိုးပဲ။

ကျွန်တော် ဖြစ်စေချင်တာက အတ
တူတူညီညီ ပူးပေါင်းကြတာမျိုးပဲ ဖြစ်စေချင်
လေ။ တစ်ယောက်အတွက၊ တစ်ယော
လွှမ်းမိုးနေတာမျိုး မလိုလားဘူး။ အဲဒါ အ
မဟုတ်ဘူး။ ချစ်သူ မဟုတ်ဘူး၊ ကြိုးပမ်း
ချစ်နေကြရသူတွေပဲ ဖြစ်လိမ့်မယ်"

မွန်က မျက်စိသူငယ် နားသူငယ်နှင့် ကြားနာ နားထော
နေရသည့် ကလေးတစ်ယောက်ပမာ။



"ဒါဆို ချစ်တယ်လို့ ပြောဆိုပတ်သက်ခဲ့ကြတဲ့ သူတွေ နောက်မှ ပြဿနာတွေ မပြေလည်မှုတွေ ဖြစ်ကြတာဟာ၊ ဆင်းရဲတာနဲ့ မဆိုင်ဘူးပေါ့။ ဟုတ်လား ကိုမျိုး"

"ဟုတ်တယ်"ဟု ကျွန်တော်ပြောလိုက်ချင်သည်။ သို့သော် ချသွားရန် ရည်ရွယ်သည့် ခရီးလမ်းအတွက်၊ ကျွန်တော် ခလုတ် တန်းသင်း မဖြစ်လို။

"ဟုတ်လားလို့"

"ကျွန်တော် သေသေချာချာ မပြောတတ်ဘူး မွန်။ ဘာပဲ ဖြစ်ဖြစ်လေ၊ လူတိုင်း လူတိုင်း။ အများစုက ဆင်းရဲနေကြတာဆိုတော့၊ ဆင်းရဲ မှာကို ကြောက်ကြတာ။ ဆင်းရဲဒဏ်ကို မခံနိုင်ကြ တာ မမှတာပါပဲ"

စကားကို ပေါ့လျှော့စွာဖြင့် ကျွန်တော် ပြောလိုက်သည်။

"ဘယ်ဟာမှ ဘယ်ဆင်းရဲကိုပဲဖြစ်ဖြစ်၊ နှစ်ယောက်ရဲ့ စိတ်အာရုံ ရှုတူညီညီနဲ့ ရင်ဆိုင်ရင်၊ အဆင်ပြေတာ မပြေတာ အပထား၊ ဟာကို ဒုက္ခလို့ မထင်တော့ဘူး။ ပြဿနာကို ပြဿနာလို့တောင် ထင်တော့ဘူး။ ချမ်းသာပြီး စိတ်အာရုံမတူကြရင်၊ အတွေးစိတ်ခု ညှိမပြိုင်နေရင် အဲဒီ ချမ်းသာခြင်းဟာ၊ မီးလို တောက်လောက်နေတဲ့ အရောင်လှဲ့လှဲ့ ချမ်းသာခြင်းပဲ ဖြစ်လိမ့်မယ်"ဟု ကျွန်တော် ပြောပြ ချင်သည်။ သို့သော်...

ကျွန်တော်ချစ်သော မွန့်အား ကျွန်တော့်ဘက်သို့ ဆွဲခေါ်ချင်သည့်လို

www.burmeseclassic.com

www.burmeseclassic.com



ငဲ့ကြည့်ငြား။ ယိမ်းယိုင်လို ယိမ်းယိုင်ငြား။ စကားအရိပ်ဖြင့် မမျှား-- မချိုတ် မိစေလို။

"မွန်က ဆင်းရဲမှာ သိပ်ကြောက်တာ"

"ကျွန်တော်လည်း ကြောက်တာပါပဲ မွန်

"လူ့ဘဝဆိုတာ ခဏလေးတဲ့။ အဲဒီ ခဏ

လေးရတဲ့ ဘဝမှာတောင် သူများတတ်သ

မတတ်မှာ သူများသိသလို မသိမှာ သူမျာ

ချမ်းသာသလို၊ မချမ်းသာမှာ မွန် စိုးရိမ်တယ်

အသိဉာဏ်ရှိသောသူတိုင်း စိုးရိမ်ကြရသည့်ကိစ္စဟု ကျွန်တော် နားလည်သည်။

"ဘယ်ကိုသွားသွား၊ ဘယ်ကိစ္စပဲဖြစ်ဖြစ်

ဆင်းရဲတဲ့လူက တစ်နေရာ၊ ချမ်းသာတဲ့လူက

တစ်နေရာ၊ အဲဒီလို ခွဲခွဲခြားခြား ဖြစ်နေတာမျိုး

မွန် မနှစ်မြို့ဘူး။

အဲဒါကြောင့် ချစ်တယ် ချစ်တယ်ပြောပြီး

ဆင်းရဲတဲ့ဘဝထဲမှာပဲ ရုန်းကန်နေကြရတဲ့ လူတွေ

ထဲမှာ မွန် မပါရဲတော့တာ။ အချစ်ကို မယုံကြည်

ရဲတော့ဘူး။ အချစ်လေ့စီးပြီး ဒုက္ခပင်လယ်ထဲ

နစ်နေရမယ့် ဘဝကို မွန် တကယ်ကြောက်တာ"

"ချမ်းသာခြင်းမှာလည်း အချစ်ရှိတတ်တာပဲ မွန်"ဟု ကျွန်တော် စကားပုံပိုးဖြစ်သည်။

"မွန်က ဖြစ်နိုင်ရင် ချမ်းသာတဲ့ချစ်သူကို လိုချင်တယ် ဆို



တော့"ဟု ကျွန်တော် နောက်နောက်ပြောင်ပြောင် ပြောချင်သည်။ နောက်ပြောင်ရက်။

ကိုယ်တိုင် ချမ်းသာအောင်လုပ်လိုသည့် မာန်မာနများ၊ မွန့် အသိဉာဏ်ထဲသို့ ကိန်းဝပ်သွားစေချင်သည်။ သို့သော် သူလျှောက် ညွှန်လမ်းသည် ခပ်လုမ်းလုမ်းတွင် အထင်းသားတွေမြင်နေပြီဖြစ်သဖြင့် ထမ်းလွဲသို့ မလျှောက်စေလိုတော့။

အရင်ရောက်လိုသူအား

ခရီးမဖင့်စေချင်တော့ပါ။

❦❦❦

www.burmeseclassic.com

www.burmeseclassic.com

## [၂၄]

"မင်းမှာ ကြီးကြီးကျယ်ကျယ် လုပ်ငန်းကြီး မရှိပေမဲ့ မင်းအစ်မဝမ်းကွဲတွေရဲ့ ကုန်စုံဆိုင်မှာ အလုပ်ကူလုပ်နေရတဲ့အတွက် ပုံမှန်ဝင်ငွေရှိတယ်။ ကျောတစ်ခင်းစာ အိမ်တစ်အိမ်ရှိတယ်။ အချမ်းသာကြီး မဟုတ်ပေမဲ့ လူတန်းစေ့နေနိုင်အောင်၊ ကြိုးယမ်းနိုင်ပါတယ် ဆိုတာမျိုး မြွတ်မွန်မွန်ကို မင်း မပြောမပြဘူးလား"ဟု ဘိုဘိုအောင် မေးသည်။

"မပြောချင်ဘူး"ဟု ကျွန်တော် ဖြေလိုက်၏။

ကျော့်ဖင်တွင်မူက

"သူ့အိမ်က သဘောတူထားတယ်ဆိုတာ ဘယ်သူနဲ့လဲ"

"မသိဘူး။ ငါ မေးမကြည့်ဘူး။ ချမ်းသာတယ် ဆိုတာလောက်ပဲ ငါသိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုကြည့်ရတာ ထုံပေပေနဲ့၊ ဘယ်လိုဖြစ်နေတာလဲ။ ဘာဖြစ်နေတာလဲ"

ကျွန်တော် သက်ပြင်းချမိသည်။

"ငါ မှန်နဲ့ မတွေ့ချင်တော့ဘူးကွာ"

"ဟင် မင်းကလည်း မတွေ့ချင်တော့ဘူးသာ ပြောတယ်။ မင်းကို တွေ့လိုက်ရင် မြတ်မွန်မွန် ဘေးနားမှာချည်းပဲ"

ဘိုဘိုအောင်က

"မတွေ့ချင်တော့ရင်၊ မသွားနဲ့တော့ပေါ့ကွ"

"မတွေ့ချင်တော့တာ အမှန်ပါကွာ။ ဒါပေမဲ့ မတွေ့ဘဲ မနေနိုင်ဘူး။ မဖြစ်နိုင်တော့ဘူးဆိုတာ သိနေရက်နဲ့ ငါ သူနဲ့ မတွေ့ဘဲ မနေနိုင် ဖြစ်နေတယ်"

ဘိုဘိုအောင်က

"သံယောဇဉ်စိတ်လို့ပဲ သဘောထားလိုက်ပေါ့ကွာ။ ချစ်နေတဲ့စိတ်ကို မင်း ဖျောက်ဖျက်ပစ်သင့်တယ်"

"အချစ်ဆိုတာ လွယ်လွယ်ကူကူနဲ့ ခုတ်ပစ်နှုတ်ပစ်လို့ရတဲ့ သစ်ပင်တစ်ပင် မဟုတ်ဘူး"

ကျော်ဇင်ထွန်း တဟားဟားရယ်လေ၏။

"ဘာရယ်တာလဲ"

"မင်းက လူကသာ ဗုန်းဗုန်းလဲနေတယ်။



စကားကြီး စကားကျယ်တော့ ပြောတုန်းပဲ"

ဘိုဘိုအောင်က

"အချစ်ဆိုတာ လွယ်လွယ်ကူကူနဲ့ ခုတ်နှုတ်ပစ်လို့ရတဲ့ သစ်ပင်တစ်ပင် မဟုတ်ဘူးဆိုတာ မြတ်မွန်မွန်ရှေ့မှာ မင်း ပြောသင့်တယ်"

"ပါးစပ်က ပြောမှ အမူအရာနဲ့ ပြမှ၊ ရင်ထဲကို မြင်တာမျိုး၊ ငါ မဖြစ်စေချင်ဘူးလေ"

ကျော်ဇင်ထွန်းက မဲ့ပြုံးပြုံးလျက်…

"ဘာလဲ။ ပြောမှ သိ၊ ထိမှ နာတဲ့အထဲမှာ အချစ်မပါဘူးလို့ ပြောဦးမလို့လား"

ကျွန်တော် စကားမတုံ့ပြန်။

"ဖြေလေကွာ"

ရင်မောရသည်။

သက်ပြင်းချမိရုံဖြင့် ရင်အမော မပြေ။

"ငါ မင်းတို့ကို ရင်ဖွင့်ချင်တယ်ကွာ"

"ဖွင့်"

"ငါလေ ရင်ထဲမှာ မဆန့်တော့လောက်အောင် ခံစားနေရတာ"

"အဲဒီလောက်အထိ မဖြစ်သင့်ဘူး"ဟု ကျော်ဇင်ထွန်း ဝင်ပြော

"မဟုတ်ဘူး ကျော်ဇင်ထွန်း မှန်တယ်။ ဒါပေမယ့် တည်းအတွက် ငါ့ရင်ထဲမှာ ဖြည့်ကြမ်းနေခဲ့ရတာ

မဟုတ်ဘူး။

ငါ့အမေအတွက် ငါ့အမေအတွက် ငါ့ရင်ထဲမှာ ပြည့်ကြပ်ခဲ့ရတာ။ ပြီးတော့ ငါ့ညီမလေးနဲ့ ငါ ခွဲရတဲ့ဒဏ်။ အဲဒါကိုလည်း ငါ မျိုသိပ်ခဲ့ရတာ။

အဲဒီလို ပြည့်ကြပ်ခဲ့ရပေမဲ့ ငါ မျက်ရည် မကျဖြစ်ခဲ့ဘူး။ နောက်ထပ် ခံစားရမယ့်ကိစ္စ ဘာမှ မကြုံအောင် နေထိုင်ခဲ့တယ်။

နောက်ဆုံးကွာ၊ ငါ့တူလေးကိုတောင် ငါ ဒီနေ့အထိ မချိမပိုးဖြစ်အောင် နေခဲ့ရတယ်။ သံယောဇဉ်အသစ်တွေနဲ့ မထိတွေ့ချင်တော့လို့။ ဘာကိုမှ မခင်တွယ်အောင်၊ နေပစ်ခဲ့တာ။

အခု မှန်ကို ငါ တွယ်မိနေပြီ။ တွယ်မိတဲ့ အရာကလည်း ကွေကွင်းမယ့်ကိစ္စ ဖြစ်နေပြန်တယ်။ အားလုံးပေါင်းလိုက်ရင် ငါ့ရင်ထဲမှာ မဆန့်တော့ဘူး။

ငါ ဖုံးပေပေဖြစ်နေတာ မဟုတ်ဘူး။ မလှုပ်နိုင် မရှုနိုင်အောင် ဖြစ်နေတာ။

မှန်နဲ့ ချစ်သူဖြစ်ရင်၊ ရှိခဲ့ပြီးသား ဝေဒနာတွေ သက်သောင့်သက်သာ ဖြစ်လေမလားလို့ ငါ တွေးမိသေးတယ်။ ဒါပေမဲ့ တစ်ပူပေါ် နှစ်ပူဆင့် ဆိုသလိုပဲကွာ။ လူနဲ့ ခံစားရတာနဲ့ မျှတော့ဘူး”

စကားလုံးများသော ပွင့်ထွက်သွားသည်။



တင်းကြပ်နင့်နာရသမျှ ဝေဒနာအခင်းအား မလျှော့ပါ။

ကျော်ဇင်ထွန်းက ကျွန်တော့်ပခုံးကို ဖက်ရင်း

“အဲဒီတော့၊ မင်းဘာလုပ်ချင်လဲ။ ငါတို့ ဘာလုပ်ပေးရမလဲ”

“ငါ ကျောင်းကို မသွားတော့ဘူးကွာ။ အိမ်မှာ ပဲနေပြီး စာကျက်တော့မယ်။ မင်းတို့ ငါ့အနားမှာ နေပေးပါ”

ကျော်ဇင်ထွန်း ခေါင်းညိတ်သည်။ ဘိုဘိုအောင်က

“တစ်ခုတော့ ပြောချင်တယ် လှိုင်မျိုး။ လူက မြတ်မှန်မှန်ဆီ မသွားတော့ဘူးလို့ ကြိတ်မှိတ် ဆုံးဖြတ်ပေးမယ်၊ စိတ်က ရောက်နေရင် ဘာမှ ထူးမှာမဟုတ်ဘူးနော်။ စိတ်ကိုပါ ရောက်မသွား အောင်...”

“အေးပါကွာ။ မင်းတို့ အနားမှာရှိရင် စာကျက်လိုက် စကားပြောလိုက်နဲ့ စိတ်လွင့်တော့ မှာ မဟုတ်ပါဘူး”

“ကောင်းပြီ။ ငါတို့ နှစ်ယောက်၊ မင်းအနား မှာ လာနေပေးမယ်။ တစ်ခု ထပ်ပြောချင်သေး တယ်”

ဘိုဘိုအောင့်စကားကို ကျွန်တော် နားစွင့်သည်။

“မင်း ညီမရဲ့ သားလေး။ မင်းရဲ့ တူလေးကို မင်း မခင်တွယ်မိအောင် နေတယ်ဆိုတာတော့

www.burmeseclassic.com



နည်းနည်းများနေတယ် ထင်တယ်။ မင်း ညီမလေးကို မင်း ချစ်တယ်မဟုတ်လား''

ကျွန်တော် ခေါင်းညိတ်သည်။

''ညီမကို ချစ်လျက်နဲ့ ညီမရဲ့ ကလေးကို မချစ်သလို နေတယ်ဆိုတော့၊ မင်းညီမလေး စိတ်ကောင်းပါမလား။ သူ့သားလေးကို သူချစ်သလို၊ မင်းကိုလည်း ချစ်စေချင်မှာပေါ့''

''ချစ်ရင် ပူရတော့မယ်ကွာ။ နေကောင်းရဲ့လား။ ကျန်းမာရဲ့လား ဆိုတာက အစပေါ့ကွာ။ နောက် ကြီးလာပြန်တော့ ရန့်ဖြစ်မလား။ တော်ပါ့မလား။ လူပေလူတေများ ဖြစ်သွားလေမလား ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ပူနေရတော့မယ်။

အဲဒီအပူတွေကို ငါ မယူချင်ဘူး။ အဲဒါကြောင့် ကြိုတင်ကာကွယ်ထားရတာ''

''အဲဒါ ကိုယ့်ကိုကိုယ် ချစ်တဲ့လူတွေရဲ့ စိတ်မျိုးကွ။ မင်းစိတ်ထားက နူးညံ့သလိုလိုနဲ့ ကြမ်းလွန်းတယ်''

''ဟုတ်လို့လား''

''ဟုတ်တယ်။ မြတ်မွန်မွန်ကို မင်း ရှောင်တော့မယ် ဆိုတာလည်း၊ မင်း ခံစားရမှာစိုးလို့ ကွေကွင်းမယ့်ဒဏ်ကို ကြိုတင်ကာကွယ်တာပဲ မဟုတ်ဘူးလား။



(တကယ် ချစ်တယ်ဆိုရင် ကိုယ်ချစ်တဲ့သူရဲ့ ကောင်းမှုဆိုးမှုတိုင်းကို မကြေ့မရှောင်ဘဲ ရင်ဆိုင်ရဲရမယ်)'

ကျွန်တော် ငြိမ်သက်သွားရသည်။

နေထိုင်ရှင်သန်ရသည်မှာ မလွယ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

[၂၈]

မျက်လုံး၏ မျက်ခွံတွေကို ကျွန်တော် ဖိညှစ်လိုက်မိသည်။ ဦးမှ မြင်ရသော မြင်ကွင်းကို မယုံကြည်စွာ ထပ်မံ၍ ကြည့်၏။ မြင်ကွင်း၏အနေအထား ပို၍ နီးကပ်လာလေလေ၊ အံ့ဩစိတ်က ရှိလေလေဖြစ်သည်။ ကျွန်တော့်ရှေ့တည့်တည့်သို့ အိပ်မက်ဝန်းချိုကား တစ်ချပ် သက်ဝင်လျှောက်လှမ်းလာသည်ဟု ထင်မြင်မိပြန်၏။

သူငယ်ချင်းနှစ်ယောက်နှင့်အတူ အိမ်တွင်းအောင်းခဲ့သည်မှာ နှစ်ရက်တာ ကုန်လွန်ခဲ့သည်။ ဖြေလျက်မပြေသည့် အလွမ်းစိတ်၊ ဆေးလျက် မပျောက်သည့် သတိရစိတ်၊ ဖြတ်လျက်မပြတ်သည့် သံယောဇဉ် အချစ်စိတ်တို့ကို အိမ်ဝိုင်း၏ အပြင်အပသို့ ထွက်စေ

www.burmeseclassic.com

www.burmeseclassic.com



ရန် ကိုယ်ကိုယ်ကို ခြံခတ်ထားခဲ့ရခြင်းဖြစ်၏။

သူငယ်ချင်းနှစ်ယောက်နှင့် အတူနေကာ စာကျက်လိုက်၊ စကားပြောလိုက်၊ ကြိုးစားရယ်မောလိုက်ဖြင့် ခန္ဓာကိုယ်ကို ခြံခတ်ထားသော်လည်း ခြံစုန်ချင်လေ့ရှိသည့် နွား၊ ခြံစုန်မြဲဖြစ်သကဲ့သို့ ကျွန်တော့် စိတ်အစဉ်သည် ခြံစုန် ကစုန်ပေါက်ကာ၊ အိမ်၏ပြင်ပသို့ လွင့်ပါးပြေးလွှားလျက် ချစ်သောမွန့်အနားသို့ ကြိုကြားကြိုကြား ရောက်ရှိသွားတတ်သည်။ စိတ်သွားရာ ကိုယ်မပါသော်လည်း ကိုယ်ခန္ဓာ ငြိမ်သက်သက်ကြီးကို ကြည့်ရင်း၊ သူငယ်ချင်းနှစ်ယောက်က ကျွန်တော့်ကို ရယ်ပွဲဖွဲ့ခဲ့ကြသေးသည်။

သည်နေ့မနက် သူတို့ မရောက်သေး။

အိမ်အဝင်ဝတွင် လူရိပ်တွေကို တွေ့သဖြင့် အိမ်တံခါးကို ဖွင့်လိုက်စဉ် ကြိုတင်မြင်မက် မထားမိသည့် အိပ်မက်ပမာ အလကာ မြင်ကွင်းလေးကို မဝေးမကွာ မြင်လိုက်ရသည်။ ထိုအခါ ကျွန်တော် ကိုယ့်ကိုကိုယ် အိပ်မက် မက် မမက် သေသေချာချာဆန်းစစ်လိုက်ရ၏။

"မွန်"

မွန်နှင့်အတူ သူ့သူငယ်ချင်း အေးအေးမူနှင့် သက်သက်ခင်တို့လည်း ပါလာ၏။ မွန့်ကို မြင်လျှင်မြင်ချင်း၊ နှစ်ရက်တာကာလကို နှစ်ကမ္ဘာ ကာလ,မက ဝေးကွာလွမ်းမောခဲ့ရသူပမာ၊ ရင်မှာ ခံစားရသည်။ ဖြတ်လျက်မပြတ်သော သမုဒ္ဒယာကြိုးသည် မြတ်နိုးခြင်းများကို ချိတ်ယူလျက် ရင်ခွင်နှာကို ပိုမိုတွယ်ငင်စေခဲ့ပြီ။

"မွန်"



"... ... ..."

မွန့်မျက်ဝန်းနက်နက်တို့သည် မျက်ရည်မကျဘဲ အငိုရိပ်သန်းနေ၏။ မိုးစက်တို့ မရွာသွန်းဘဲ အုံ့မှိုင်းမှုံရီနေသည့် ကောင်းကင်ပမာ။

"မွန် ကျွန်တော့်ဆီ လာတာလားဟင်"

မွန်... စကားမဆို။

နှုတ်ခမ်းဖူးဖူးလေးနှစ်လွှာကို တင်းကပ်စွာ ဖိထား၏။ နှုတ်ခမ်းစူသည်လည်း မဟုတ်။ အံကြိတ်ထားခြင်းလည်း မဟုတ်။ ငိုချင်စိတ်ကို ဖိပိတ်ထားဟန် တူလေ၏။

"ကျွန်တော့်အိမ်ကို လာလည်တာလား။
ကျူရှင်က လာတာလား"

အဖြေစကား မကြားရ။

မွန့်သူငယ်ချင်း အေးအေးမူက

"ကဲပါ၊ အိမ်ထဲကို ဝင်ထိုင်မယ်။ မေးစရာ
ရှိရင် အိမ်ထဲကျမှ မေးလေ"

နေရာထိုင်ခင်းကို ကျွန်တော် အလျင်အမြန်ပြင်ဆင်ပေးရသည်။ မွန်က ကျွန်တော်ခင်းပေးသော ဖျာပေါ်တွင် ထိုင်လျှင်ထိုင်ချင်း မျက်ရည်တွေ ရွဲနစ်စွာ ငိုချလိုက်လေသည်။

"မွန်"

ချစ်သော မွန်၏ မျက်ရည်များစွာကို နီးကပ်စွာ မြင်ရပြီး ချစ်သောမွန်၏ ငိုရှိုက်သံကို နီးကပ်စွာ ကြားလိုက်ရသဖြင့် ကမ္ဘာ ပျက်မိုးတစ်ခု ကျွန်တော့်ရေ့တည့်တည့် ရွာသွန်းသည်ကို မြင်နေရသည့်

www.burmeseclassic.com

www.burmeseclassic.com



ပမာ ရင်ထဲမှာ မြိုးထေန်စွာ နာကျင်ရချေ၏။

"မွန်ရယ် ဘာဖြစ်လို့ငိုတာလဲဟင်။ ကျွန်တော် တောင်းပန်ပါတယ်။ မွန် မငိုပါနဲ့"

ကျွန်တော် စာကြည့်စားပွဲရှိရာသို့ ထသွားလိုက်သည်။ စားပွဲပေါ်ရှိ ကျောင်းလွယ်အိတ်ထဲမှ မွန့်မျက်ရည်တွေ ပေကျံမှုသော လက်ကိုင်ပဝါကို ထုတ်ယူလိုက်ပြီး မွန့်လက်ထဲသို့ ထည့်လိုက်၏။ အေးအေးမှုနှင့် သက်သက်ခင်တို့က အိမ်၏အပြင်ဘက်ရှိ ခုံတန်းလျား တွင် သွားထိုင်ကြသည်။ မွန် ငိုနေသဲဖြစ်၏။ ကမ္ဘာပျက်မိုး သွန်းပြီးနေ သေးသည်။

"မွန် မငိုပါနဲ့ မငိုနဲ့တော့နော်။ ဘာကြောင့်ပဲ ငိုငို အဲ အဲဒီ လက်ကိုင်ပဝါနဲ့ မွန့်မျက်ရည်တွေကို သုတ်လိုက်ပါနော်"

ကျွန်တော့်စကားကို လိုက်နာသဖြင့် ရင်တစ်ဝက်ပေါ့ရသည်။ ကြည့်ပြာရောင် လက်ကိုင်ပဝါငယ်ဖြင့် မျက်ရည်တွေကို ဖယ်သုတ်ပြီး သည့်အခါ မွန့်မျက်နှာသည် မိုးရေတို့ စီးဆင်းပြီးနောက် ခြောက် သွေ့စ သဲသောင်ပြင်လေးကဲ့သို့ မထိတို့ရက်စရာ နုညက်၍ လှနေ ပြန်သည်။

မိုးရွာသွန်းပြီးလျှင် သစ်ခက်သစ်ရွက်တို့အပေါ်၌ မိုးရည်စက်တို့ တင်ကျန်ရစ်သေးသည်။ ငိုပြီးစ မွန့်မျက်ဝန်း၏ မျက်တောင်များတို့ အပေါ်၌ မျက်ရည်လက်ကျန်တို့ စိုစွတ်ထင်ကျန် နေသေး၏။

မိုးရွာပြီးစ မနက်ခင်း၌ တိမ်တိုက်တို့ကင်းစင်ကာ၊ နေခြည် ဖြာထွက်လာပါက ပို၍ တောက်ပလှပနေတတ်သည်။ ဝမ်းနည်းခြင်း



တို့ ကုန်စင်အောင် ငိုရှိုက်ပြီးသည့်အခါ ကျွန်တော့်ကို ငေးကြည့် လိုက်သည့် မွန့်မျက်ဝန်းလေးသည် ယခင်အခါများစွာတို့ထက် ပို၍ တောက်ပစွာ လှနေပြန်သေးသည်။

"ဘာဖြစ်လို့ ကျောင်းကို မလာတာလဲ"

"စာကျက်နေလို့ပါ မွန်"

ငိုဟန်မျက်နှာထားဖြင့် ဝမ်းနည်းစွာ ပြောလေ၏။

"လိမ်တယ်"

ရွာတော့မည့် မိုးကို အအုပ်အဆောင်းတစ်ခုခုဖြင့် ကမန်း ကတန်း ကာရံလိုက်သကဲ့သို့

"မငိုပါနဲ့ မွန်ရယ်၊ ကျွန်တော် မလိမ်ပါဘူး။ ကျွန်တော်"

"လိမ်တယ်၊ လိမ်တယ်။ အခု ကျော်ဇင်ထွန်းကို ဖုန်းဆက်ပြီးမှ ဒီကိုလာတာ"

မငိုတော့သော်လည်း မျက်ရည်လက်ကျန်တို့ကို လက်ကိုင်ပဝါ ဖြင့် ဖိတို့နေသေး၏။

"ကျော်ဇင်ထွန်းက ဘာပြောလိုက်လို့လဲ"

"မွန်နဲ့ မတွေ့ချင်တော့လို့ ကိုမျိုး ကျောင်းကို မလာတော့တာတဲ့"

"ဟာ"

"ဟာ" တစ်လုံးတည်းသာ ကျွန်တော် အသံထွက်နိုင်၏။ ထို "ဟာ"ဟု အသံပြုမိသည့် အချိန်ငယ်အတွင်းမှာပင် "ကိုကို ထိခိုက်ရာ ထိခိုက်ကြောင်းတော့ ကျော်ဇင်ထွန်း ပြောမိုက်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး''ဟု ကျွန်တော် ခိုင်မာစွာ တွေးတောလိုက်သေး၏

"ဘာ ဟာတာလဲ"

"ကျော်ဇင်ထွဋ်နဲ့ နောက်လိုက်တာ နေမှာပါ။ ကျွန်တော်ရော ဘိုဘိုအောင်ရော ဒီကောင်ရော ဒီမှာ စာကျက်နေကြတာ''

"ဟိုနေ့တွေတုန်းက၊ အာ–စီထဲမှာ သွားကျက်နေကြတာ မဟုတ်ဘူးလား။ အခုမှ အိမ်မှာ ကျက်ကြတာပေါ့။ ဟုတ်လား" ဟု မွန် မေးခွန်းပြုသည်။ ကျွန်တော် ချက်ချင်းမဖြေရှင်းနိုင်။

ကျော်ဇင်ထွဋ်ဆီသို့ ချက်ချင်းဖုန်းဆက်ချင်သည်။ ကျော်ဇင်ထွဋ် ဘာအဓိပ္ပါယ်နှင့် ဘယ်လိုပြောလိုက်သလဲ ဆိုသည်ကို ကျွန်တော် မခန့်မှန်းတတ်။

"နင်နဲ့ မတွေ့ချင်တော့လို့ လိုင်မျိုး နင့်ကို ရှောင်နေတာ" ဆိုသည့် စကားမျိုးတော့ ဒဲ့တိုးကြီး ပြောလိမ့်မည်ဟု ကျွန်တော် မထင်။

"အာ–စီထဲမှာ ကျက်ရင်၊ မွန်တို့အုပ်စုနဲ့ ကျွန်တော်တို့နဲ့ ဆုံပြီး စာအကျက်ပျက်မှာ စိုးလို့ပါ''

မမဲ့မပြုံးဘဲ မွန် ကျွန်တော့်ကို ကြည့်၏။

"ကိုမျိုး"

"ပြောပါ မွန်"

"ခဏနေရင် ကျော်ဇင်ထွဋ်လာလိမ့်မယ်။ ဘိုဘိုအောင်ကို ဝင်ခေါ်ခဲ့မယ်တဲ့။ မွန် မေးချင်တာ ကို သူတို့ရှေ့မှာ မေးရမလား။ အခု မေးရမလား''

"မွန်က ဘာမေးချင်တာလဲ''

"မွန့်ကို သံယောဇဉ် ဖြတ်ချင်လို့ ကိုမျိုး ကျောင်းကို မလာတော့တာတဲ့၊ ကျော်ဇင်ထွဋ် ပြောတယ်။ အဲဒါ ဟုတ်လားဟင်''

ကျွန်တော် စကား မပြင်ဆင်ရသေး။

''လုပ်ရက်လိုက်တာ ကိုမျိုးရယ်''

အပြစ်သင့်သူကို အပြစ်မတင်ချင်ဘဲ အပြစ်တင်စကား ပြောလိုက်ရသည့် မချိတင်ကဲ ဝမ်းနည်းသံ။

''ကျော်ဇင်ထွဋ်ဘာတွေ ပြောလိုက်လို့လဲ မွန်။ ကျွန်တော့်ကို ပြောပြပါ''

အေးအေးမူက အိမ်တံခါးဝတွင် လာရပ်ပြီး

''နင်တို့သုံးယောက် နှစ်ရက်ပျောက်သွားတယ်။ အဲဒီနှစ်ရက်စလုံးမှာ မြတ်မွန်က နင့်ကို လိုက်ရှာတယ်။ တစ်ကျောင်းလုံး အနှံ့ပဲ။ ငါတို့ပါ လိုက်ရှာရတာ။

ဒီနေ့မနက် ကျော်ဇင်ထွဋ်ဆီကို ဖုန်းဆက်ပြီး မေးတယ်။ ကျော်ဇင်ထွဋ်က ပြောတယ်။ မြတ်မွန် ကိုတဲ့ နင်က မတွေ့ရင်မနေနိုင်အောင် ဖြစ်နေတာတဲ့။ ဒါပေမဲ့ မြတ်မွန်က နင့်ကို ပြန်ချစ်မှာလည်း မဟုတ်၊ ကျောင်းစာမေးပွဲပြီးရင် တခြားသူကို ယူမှာဆိုတော့ သံယောဇဉ်ကို အခုကတည်းက ကြိုဖြတ်ထားမှ ခံနိုင်ရည်ရှိမယ်ဆိုပြီး ကျောင်းကို

www.burmeseclassic.com



မလာတော့တာတဲ့။ အဲဒီစကားကြားကြားချင်း မြတ်မွန် ကျော်ဇင်ထွန်းဆီက နှင့်လိပ်စာကိုတောင်း ပြီး ဒီကိုရောက်လာတော့တာပဲ”

ပြောပြီး အိမ်တံခါးဝမှ အေးအေးမူ ပြန်ထွက်သွားလေ၏။ ကျွန်တော် မွန်မျက်နှာကို မဝံ့မရဲဖြင့် ကြည့်လိုက်မိသည်။

မွန်က

“ကျော်ဇင်ထွန်းကို မွန် ဖုန်းထဲကနေ သေသေချာချာမေးတယ်။ ဒေါ်နဲ့မောနဲ့ မေးတယ်။ အဲဒီစကား သေချာသလားလို့။

ကျော်ဇင်ထွန်းက သေချာတယ်တဲ့။ ပိုပြီး သေချာချင်ရင် ကိုမျိုးဆီကို သွားမေးတဲ့။ သူ ဘိုဘိုအောင်ကို ခေါ်ပြီး လိုက်ခဲ့မယ်တဲ့”

ပြောလျက် စကားသံ တုန်ယင်လာ၏။

“သူပြောတာ ဟုတ်လာဟင် ကိုမျိုး”

ဝန်ခံဖို့လည်း ခက်ရသည်။ ငြင်းဖို့ကွယ်ဖို့လည်း ခက်ပြန်၏။

“ကိုမျိုး”

“... ... ... ...”

“မွန် အချစ်ကို မယုံကြည်ဘူး။ ဒါပေမဲ့ ကိုမျိုးရဲ့အချစ်ကို မယုံကြည်ဘူးလို့ မွန် မပြောခဲ့ဘူး နော်”

ဦးခေါင်းလှုပ်ရုံသာ ညိတ်နိုင်သည်။

“မွန် ဆင်းရဲမှာ ကြောက်တာအမှန်ပဲ။ မဆင်း



ရဲချင်ဘူး။ ဆင်းရဲရင် ဘာမှကို လုပ်လို့ မရတော့ ဘူး။ အဲဒါကြောင့် အိမ်က ဖြတ်ခိုင်းတဲ့ ရည်းစား ကိုလည်း ဆင်းရဲလို့ လွယ်လွယ်ကူကူ ဖြတ်ပစ် လိုက်တာ။

အိမ်က ပေးစားမယ့်လူက မွန်ထက် အသက် ကြီးတယ်။ အရမ်းချမ်းသာတယ်။

အချစ်ကို မယုံဘူးဆိုပေမဲ့ မချစ်တဲ့သူနဲ့ နေရ မယ့်ဒုက္ခကြီးကိုတော့ ကြောက်တယ်။ ဒါပေမဲ့ ငါချမ်းသာရင် ပြီးရောလေဆိုပြီး လူကြီးတွေကို ခေါင်းညိတ်ပစ်လိုက်တာ။ အားရပါးရ ငိုပြီးတော့မှ ခေါင်းညိတ်ပစ်လိုက်တာ။ ခေါင်းညိတ်ပြီးတဲ့အထိ အဲဒီအကြောင်းကို တွေးမိတိုင်း အမြဲတမ်းငိုရတယ်။

ကိုမျိုးနဲ့တွေ့ပြီးတဲ့နောက်ပိုင်း အဲဒီအကြောင်း ကို ခေါင်းထဲကို မထည့်ထားတော့ဘူး။ ကိုမျိုးနဲ့ စကားပြောနေရရင်း မွန် စိတ်ချမ်းသာတယ်”

“ကျွန်တော်လည်း အတူတူပါပဲ မွန်”

“မတူဘူး ကိုမျိုး၊ ကိုမျိုးက ပိုပြီး မွန်မြတ် ပါတယ်။ မွန်က ဆင်းရဲမှာကြောက်တဲ့ အကြောင်း တွေ အချစ်ကို မယုံကြည်တဲ့ အကြောင်းတွေပဲ ပြောနေမိတာ။

ဒါကို ကိုမျိုးက အပြစ်မတင်ဘူး။ ကိုယ့်တက် ပါမယ့်စကားမျိုးတွေ မပြောဘဲ မျက်လုံးလေး

www.burmeseclassic.com

www.burmeseclassic.com



ကလယ်ကလယ်နဲ့ ကြည့်ပြီး။ ဘာမှ မပြောတော့တာ မွန် သတိထားမိတယ်။ ကိုမျိုး ကျောင်း နှစ်ရက်မတက်တာ၊ ကိုမျိုးနဲ့ နှစ်ရက် မတွေ့လိုက်ရတာ၊ မွန်…''

စကားချင့်ချိန်တန်တူသည်။

''မွန့်ဆီက တစ်ခုခု ပျောက်သွားသလိုပဲ''

မျက်ရည်တွေ ဝေ့တက်လာလေသည်။

''တစ်ကျောင်းလုံးအနှံ့ ကိုမျိုးကို လိုက်ရှာတယ်။ မတွေ့ဘူး။ အိပ်မပျော်ဘူး။ အိပ်မပျော်တော့ တွေးဖြစ်တယ်။

ငါ အချစ်ကို မယုံကြည်တာလား။ ချစ်ပြီးတဲ့နောက် ဖြစ်ပျက်လာမယ့် အခြေအနေကို မယုံကြည်တာလား။ ကိုယ့်ကိုကိုယ် မေးကြည့်လိုက်တော့မှ မွန် ကိုယ့်ကိုကိုယ် သဲသဲကွဲကွဲ သိလိုက်ရတယ်။ မွန်က အခြေအနေကို မယုံကြည်တာဖြစ်မယ်၊ အချစ်ကို မယုံကြည်တာ မဟုတ်ဘူး။

မွန်လေ အခု ဆင်းရဲမှာ မကြောက်တော့ဘူး။ ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်လို့ မဆင်းရဲအောင် ကြိုးစားဖို့ မွန် ဆုံးဖြတ်လိုက်ပြီ''

မျက်ရည်တွေ သွယ်တန်းစွာ စီးကျလာ၏။

''မွန် မဆင်းရဲချင်တဲ့အတွက် ချမ်းသာအောင် ကြိုးစားဖို့ အနားမှာ ကိုမျိုးရှိဖို့ လိုတယ်''





''မွန်ရယ်''

မွန့်လက်ဖျားလေးကို ကျွန်တော် ဆုပ်ကိုင်လိုက်မိသည်။

''ကိုမျိုး''

''ပြောပါ မွန်''

''မွန်လေ ကိုမျိုးနဲ့ စိတ်တစ်ခုတည်း ဖြစ်သွားပြီ''

ဝမ်းနည်းခြင်းကင်းစွာ ငိုကြွေးသော မျက်ရည်ရှိုက်သံကို ကျွန်တော့်ရင်ခွင်ထဲတွင် ကြားရသည်။ ရင်ခွင်သို့ နိုဝင်သော မွန့်မျက်နှာလေးကို ကျွန်တော် အလိုက်သင့် ဖေးမ,လိုက်၏။

''မငိုပါနဲ့တော့ မွန်ရယ်''

နှစ်ယောက်သည် တစ်ယောက်တည်း ဖြစ်သွား၏။

မျက်ရည်ကျလေ့ မရှိခဲ့သော ကျွန်တော့်ကိုယ်စား မွန် ပို၍ ရှိုက်နေခြင်း ဖြစ်ပေမည်။ ဆို့နင့်ခဲ့သည်များ၊ ရင်ဖွင့်ခွင့်ကြုံရသည့်အခါ မျက်ရည်ကျ၍ ပေါ့ပါးနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

[၂၆]

"လှိုင်မျိုး ဘာဖြစ်လို့ ဖျော့ချောင်းမလာတာလဲတဲ့။ ငါလည်း တိုပြောဒီပြော မပြောချင်တော့တာနဲ့ အမှန်အတိုင်းပဲ ပြောလိုက်တယ်။ မျက်နှာချင်းဆိုင်ဆိုရင် ငါပြောဖြစ်မှာ မဟုတ်ဘူး။ ဖုန်းထဲက ဆိုတော့ မျက်နှာမမူရတော့ဘူးဆိုပြီး အကုန်လုံးပြောပြဖြစ်လိုက်တာ"ဟု ကျော်ဖင်ထွဋ် ရယ်မောလျက်ပြော၏။

"အဲဒီအတွက် ငါ မင်းကို ကျေးဇူးတင်ပါတယ်ကွာ"ဟု ကျွန်တော် ပြောလိုက်သည်။

ဘိုဘိုအောင်က...

"မင်းနဲ့ မြတ်မွန်မွန်နဲ့ ချစ်သူဖြစ်သွားကြပြီ ဆိုတော့ မင်းစကားအရ ပြောရရင် နှစ်ယောက် က စိတ်တစ်ခုတည်းဖြစ်သွားပြီပေါ့။ ဟုတ်လား"

"ဒါပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သိပ်တော့မကောင်းဘူး"ဟု ကျော်ဇင်ထွန်း ဝင်ပြောသည်။

"ဘာဖြစ်လို့ မကောင်းရမှာလဲ"

"စိတ်တူကိုယ်တူဆိုတာ တကယ်တမ်း စဉ်းစားကြည့်ရင် နားထောင်လို့သာ ကောင်းတာနော်။ တကယ့်လက်တွေ့ကျရင် အခက်အခဲတွေ အများကြီး ရင်ဆိုင်ရလိမ့်မယ်"

"ဘာကိုရင်ဆိုင်မှာလဲ"ဟု ကျွန်တော်မေး၏။

ကျော်ဇင်ထွန်းက

"ဥပမာကွာ မြွတ်မွှန်မွှန်နဲ့ မင်းနဲ့ တစ်အိမ်တည်း အတူနေကြပြီ ဆိုပါတော့။ မနက်အိပ်ရာထ၊ အိမ်သာတက်ချင်စိတ် တပြိုင်တည်းဖြစ်ရင် ဘယ်လိုလုပ်ကြမလဲ။ အိမ်တစ်အိမ်တည်းမှာ အိမ်သာနှစ်လုံး ဆောက်ထားမှ ဖြစ်မှာပေါ့"

ဘိုဘိုအောင်က

"ဘာဖြစ်လို့ အိမ်သာနှစ်လုံးဆောက်ရမှာလဲ။ နှစ်ယောက်တစ်စိတ်ပဲဟာ။ အိမ်သာတစ်လုံးတည်းမှာ အတူတူ ဝင်ပါမှာပေါ့။ နော် လှိုင်မျိုး"

စကားအဆုံးတွင် တဟားဟားရယ်ဖြစ်ကြသည်။

ကျော်ဇင်ထွန်းက အရယ်ရပ်လျက်

"အတူတူဝင်ပါလို့ မဖြစ်ဘူး ထင်တယ်"

"ဘာဖြစ်လို့လဲ"



"ဒီကောင်က၊ ဝမ်းပျော့တယ်ကွ။ သေးလူကို စင်ကုန်မှာပေါ့"

"တော်ပါတော့ကွာ"ဟု ပြောရင်း ကျွန်တော့်မှာ ရယ်ချင်စိတ်ကို ထိန်းမရ။

စာမေးပွဲဖြေဖို့ တစ်ပတ်ခန့် လိုသည့်နေ့က၊ အဖေနှင့်အမေကို ရည်စူး၍ အိမ်မှာ ဘုန်းကြီးငါးပါး ဆွမ်းကပ်သည်။

ထိုအလှူနေ့က ညီမလေး နွေးနွေးတို့ မိသားစု လာသည်။ ကျော်ဇင်ထွန်းနှင့် ဘိုဘိုအောင် လာသည်။ မွန်နှင့်အတူ အေးအေးမူနှင့် သက်သက်ခင်တို့လည်း လာကြသည်။ ထိုနေ့တွင်ပင် မွန်နှင့် ညီမလေးတို့ ရင်းနှီးခင်မင်သွားကြ၏။ မွန်က ညီမလေး၏သားကို လက်ကမချ။

ကျွန်တော့်အဒေါ်နှင့် ကျွန်တော့်အစ်မဝမ်းကွဲနှစ်ယောက်က မွန့်ကို ကြည့်ပြီး ကျွန်တော်နှင့် လိုက်ဖက်သည်ဟု တီးတိုးစကား ဆိုကြသည်။ အဖေနှင့်အမေကို ရည်စူးသောအလှူအတွက် ရေစက်ချစဉ် ညီမလေး ငိုရှိုက်ပြန်သည်။ မွန်က ကျွန်တော်ပေးထားသော ကြည်ပြာရောင် လက်ကိုင်ပဝါလေးဖြင့် မျက်ရည်သုတ်နေ၏။

ကျွန်တော်လည်း ငိုချင်စိတ်ကို ထိန်းထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မွန်"

"ပြောလေ မောင်၊ ဘာပြောမလို့လဲ"

"မွန့်အမေနဲ့ အစ်ကိုအစ်မတွေကို မောင် လာတွေ့ချင်တယ်"

မွန့်မျက်လုံးလေး ဝိုင်းသွား၏။

"ဘာအတွက်လဲ မောင်"

"မောင့်မှာ မိဘတွေမရှိတော့ပေမဲ့ အဒေါ်တွေ ဦးလေးတွေ ရှိတယ်။ သူတို့ကို အုပ်ထိန်းသူနေရာထားပြီး၊ မွန့်အမေဆီမှာ မောင် မိသားဖသားပီပီ လာတောင်းချင်တယ်။ ဖြစ်နိုင်မလား"

ညင်သာစွာခေါင်းခါ၏။

"နောက်ကျနေပြီ မောင်ရဲ့၊ မောင့်အစီအစဉ်ကို အမေ လက်ခံရင်တောင် အစ်ကိုနဲ့ အစ်မတွေက လက်ခံမှာ မဟုတ်ဘူး"

"ဒါဆိုရင် မောင် ဘယ်လိုလုပ်ရမှာလဲ"

မွန်က ခေါင်းလေးငုံ့ကာ ပြုံးလျက်

"မောင်က မွန့်ကို လက်ထပ်ချင်စိတ် ပေါက်နေပြီလား"

"လက်ထပ်ချင်စိတ်ထက် သူတစ်ပါးနဲ့ လက်ထပ်သွားမှာ စိုးရိမ်နေတာပါ မွန်။ ဖြစ်နိုင်ရင် လက်ထပ်ဖို့ အချိန်ယူချင်သေးတာ အမှန်ပဲ။ ဒါပေမဲ့ အခြေအနေက အဲဒီလောက်အထိ အချိန်



ပေးမှာ မဟုတ်တော့။ မွန်နဲ့ မဝေးရအောင် မောင် တစ်ခုခု အမြန်ဆုံးစီစဉ်ချင်တာပါ"

"မောင် ဘာလုပ်ချင်လဲ ပြော၊ မွန့်မိသားစုကတော့ စာမေးပွဲပြီး တစ်လလောက်နေရင် စီစဉ်ကြတော့မှာ၊ ဒါပေမဲ့ မွန်လည်း မောင်နဲ့ ခွဲနိုင်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် တောင်းရမ်းနားဖောက်တဲ့ ကိစ္စကလွဲရင် မောင် ဘာလုပ်ချင်လဲ"

ချစ်သူမျက်နှာလေးကို နီးကပ်စွာ ငုံ့ငေးကြည့်ကာ အားနာသနားစိတ် ဝင်လာသည်။

"မွန်"

"… … …"

"ဆင်းရဲမှာ ကြောက်နေသေးလားဟင်"

ခေါင်းခါလျက်…

"မောင်နဲ့ ဝေးမှာပဲ ကြောက်တော့တယ်"

"မောင် မွန့်ကို လက်ထပ်ထားချင်တယ်"

နောက်ပြောင်ကျီစယ်ဟန်ဖြင့်

"အဆင်သင့် ဖြစ်သေးလို့လား"

"ကျောင်းတစ်ခင်းစာ နေရာတစ်ခုရှိတယ်လေ။ ပြီးတော့ အလုပ်တစ်ခုခုက အဆင်သင့်ရှိနေတာပဲ။ ပြီးတော့ မွန့်ရဲ့ ကောင်းမွေ ဆိုးမွေ အကုန်လုံးကို ပခုံးပေါ်တင်ထားနိုင်လောက်တဲ့ မြတ်နိုးစိတ် ရှိနေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မွန်က ကားစီးချင်တယ်ဆိုရင်ရော"

"ကြိုးပမ်းရှာဖွေချိန်၊ ချွေတာစုဆောင်းချိန် အထိုက်အလျောက်တော့ မွန် စောင့်ဆိုင်းပေးဦး ပေါ့"

"မွန်က မင်္ဂလာ အခမ်းအနားကို အကြီး အကျယ်ဆုံး၊ အခမ်းအနားဆုံး ဖြစ်စေချင်တယ် ဆိုရင်ရော"

"ချစ်သက်တမ်း ဆယ်နှစ်ပြည့်တဲ့အချိန်မှာ အကြီးအကျယ် အခမ်းအနားဆုံး၊ ညေ့ခံပွဲကြီး တစ်ခုကို မောင် ကျင်းပပေးပါ့မယ်။ ကတိပေးပါ တယ် မွန်"

ကလေးငယ်တစ်ယောက်ကဲ့သို့ မွန် ရယ်မော၏။ ပြီးမှ

"အလကားစတာပါ မောင်ရယ်၊ မွန် မောင့် ဆီက ဘာဥစ္စာပစ္စည်းမှ မလိုချင်ပါဘူး။ အသိ ပညာ အတတ်ပညာ ချမ်းသာဖို့ပဲ မွန် ကြိုးစား ချင်တော့တယ်။ ဥစ္စာပစ္စည်းကြွယ်ဝချင်ရင်တော့ မွန်နဲ့ မောင်နဲ့ နှစ်ယောက်အရည်အချင်းနဲ့ပဲ ကြိုးပမ်းကြည့်ချင်တယ်၊ တခြားဘယ်အခွင့်အရေး ကိုမှ မွန် စိတ်မဝင်စားတော့ဘူး"

"ကျေးဇူးတင်ပါတယ် မွန်ရယ်၊ မွန့်ကို မောင် တစ်ခုမေးမယ်နော်"

"မေး"



"မွန်နဲ့ သဘောတူထားတယ်ဆိုတာ၊ ဘယ် သူလဲဟင်။ မောင် သိခွင့်ရှိမလား"

"မွန်က တစ်ခါတည်း မြင်ဖူးတာ မောင်ရဲ့။ အဲဒီလူက သဘော်သား။ အသက်သုံးဆယ် လောက် ရှိမယ်။ နာမည်က အောင်ဝင်းမြင့်တဲ့ လူကြီးတွေ စပ်ကြပ်ဟပ်ကြတာနဲ့ တူပါတယ်။ မောင်နဲ့ မတွေ့ခင်အထိတော့ အမေ့စကားကို မျက်လုံးစုံမှိတ်ပြီး နားထောင်လိုက်ရတော့ မလို့တဲ့၊ ဒါပေမဲ့ မောင် ကျောင်းကို နှစ်ရက်မလာတဲ့ နေ့ကတည်းက အဲဒီစိတ်ကြီး ပျောက်သွားပြီ"

"နောက်တစ်ခု မေးဦးမယ်"

"မေး"

"မွန့် အဆက်ဖြတ်လိုက်တဲ့ ချစ်သူဆိုတာက ရော ဘယ်သူလဲ"

"ခင်မောင်ဝင်းတဲ့။ အိမ်တွေမှာ လျှပ်စစ်မီး သွယ်ပေးတဲ့အလုပ် လုပ်တယ်။ မွန်တို့ ထမင်းဆိုင် မှာ ထမင်းလာစားရင်း ရည်းစားဖြစ်သွားတာ"

"မောင်နဲ့ မွန် လက်ထပ်ရင် သူက လာ နှောင့်ယှက်ဦးမှာလား"

"သူက နောက်ထပ်ရည်းစားတောင် နှစ်ယောက်လောက် ပြောင်းပြီးပြီ"ဟု မွန် ဖြေ၏။

"ဒါဆို မွန်ဘက်က နောက်ကြောင်းရှင်းပြီပေါ့"ဟု ကျွန်တော်

www.burmeseclassic.com



နောက်ပြောင်၏။ မွန်က

"အမယ် မောင်ကရော နောက်ကြောင်းရှင်းတာ သေချာလို့လား"

"သေချာတာပေါ့။ တစ်သက်လုံးမှာ ချစ်တယ်လို့ မွန်တစ်ယောက်တည်းကိုပဲ ပြောဖူးတာ"

"ယုံပေးလိုက်ပါတယ်"ဟု မွန်ပြော၏။ ပြီးနောက်

"ဩော် မောင့်ကို မွန် မေးစရာရှိသေးတယ်"

"ဘာလဲ၊ မေး"

"မောင့်တူလေးကို မောင် မချစ်ဘူးလား"

"မွန် ဘာဖြစ်လို့ မေးတာလဲ"

"ကလေးကို မောင် တစ်ခါမှ မချီဖူးဘူးတဲ့ နွေးနွေး ပြောပြတယ်။ အဲဒါ ဘာသဘောလဲ"

"သံယောဇဉ် မထားမိချင်လို့ပေါ့ မွန်ရယ်"

"သံယောဇဉ်ဆိုတာ ဖြတ်လို့ လွယ်ပါ့မလား မောင်ရဲ့"

"မလွယ်ဘူး။ အဲဒါကြောင့် မတို့မထိမိအောင် နေရတာပေါ့"

"နွေးနွေးက စိတ်မကောင်းဖြစ်နေတယ် မောင်"

"သူ နားလည်အောင် မောင်ပြောထားပြီးပါပြီ။ ကဲပါ စကားတွေ လမ်းလွှဲကုန်ပြီ။ မွန် မောင့်ကို လက်ထပ်မှာလား"





"ဘယ်တော့လဲ"

"စာမေးပွဲပြီးတဲ့နေ့ နောက်တစ်နေ့ပေါ့"

"ခိုးရာလိုက်ရမှာလား"

"မဟုတ်ဘူး။ တရားရုံးမှာ လက်ထပ်မှာ။ မွန့်ဘက်က အေးအေးမှူနဲ့ သက်သက်ခင်ကို ခေါ်လာခဲ့၊ မောင်က ကျော်ဇင်ထွန်းနဲ့ ဘိုဘိုအောင်ကို ခေါ်လာခဲ့မယ်။

တရားရုံးမှာ လက်ထပ်ပြီး တစ်ပတ်ကြာရင် မွန် မောင့်အိမ်မှာလာနေတော့။ အိမ်မှာ မင်္ဂလာဆွမ်းကျွေးမယ်၊ ဘယ့်နှယ်လဲ။ မွန် လက်ခံရဲ့လား"

"မောင်က စီစဉ်ထားပြီးသားကိုး။ သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီးပြီပေါ့။ ဟုတ်လား"

ကျွန်တော် ခေါင်းခါသည်။

"ချစ်သူကို ချစ်တဲ့သူက လက်ထပ်မယ့်ကိစ္စ၊ ဘယ်သူနဲ့မှ မတိုင်ပင်ရသေးဘူး။ အခု တစ်ထိုင်တည်း မောင့်ဘာသာ စီစဉ် ဆုံးဖြတ်လိုက်တာ။ မွန် သဘောတူရဲ့လား"

ချစ်သူ၏ ခေါင်းတစ်ညိတ်က ရင်ခွင်တစ်ခုလုံး အေးမြသွားစေ၏။

"ရော့"

မွန်က ကြည်ပြာနုရောင် လက်ကိုင်ပဝါလေး လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်တာလဲ"

"မောင် ပြန်ယူထားတော့လေ။ မောင်နဲ့ နီးရ တော့မှာ။ မှန် ငိုစရာ မလိုတော့ဘူးပေါ့"

"သိမ်းထားပါ မှန်ရယ်။ မှန် မျက်ရည်လွယ် တယ်ဆို။ မောင်နဲ့အတူ နေတဲ့အခါ မောင်နဲ့ ရန်ဖြစ်လို့ မှန်ငိုရင် အဲဒီ လက်ကိုင်ပဝါလေးကိုပဲ အသုံးပြုပေါ့"

မှန် မျက်စောင်းထိုး၏။

"လက်တောင်မထပ်ရသေးဘူး ရိုက်ဖို့ နှက်ဖို့ ဝါးရင်းတုတ်များ ဝယ်ထားပြီးပြီလား မသိဘူး"

တူညီရယ်မောမိကြ၏။

ရယ်သံများ အင်အားဖြစ်စေပြီ။

[၂၇]

စာမေးပွဲဖြေဆိုပြီးသည့်အချိန်တိုင်း မှန်နှင့် စကားပြောခွင့် ကြုံသည်။

"စာမေးပွဲဖြေပြီးပြီးချင်း တစ်ခါတည်းဆိုးပြေး။ ပြီးရော" ဟု ကျော်ဖင်ထွန်း နောက်ပြောင်ပြောဆိုသည်။

"မှန်တို့တက်က အပူတပြင်းစီစဉ်တာမှ မဟုတ်ဘဲ။ ခိုးပြေးဖို့ လိုပါဘူး။ ဖြစ်နိုင်ရင် နှစ်ဦးနှစ်ဖက် ပြေပြေလည်လည် ပြောဆို လက်ထပ်ချင်တာ။ မဖြစ်နိုင်တော့လို့သာ၊ နှစ်ဦးသဘောတူ လက်မှတ် ထိုးကြမှာ" ဟု ကျွန်တော်ရှင်းပြတတ်သလောက် ရှင်းပြဖြစ်၏။

မှန်က

"မောင် နွေးနွေးကို အသိပေးထားသေးလား ဟင်"

ကျွန်တော် ခေါင်းခါ၏။ ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဒီအစီအစဉ်ကို မောင်တို့နှစ်ယောက်အပြ
ကျော်ဇင်ထွဋ်ရှိရယ်၊ ဘိုဘိုအောင်ရယ်၊ အေးအေး
ရယ်၊ သက်သက်ခင်ရယ် ဒါပဲသိတယ်။
တခြားဘယ်သူ့မှ အသိပေးမထားဘူး
ညီမလေးကို အသိပေးရင်လည်း သူ လိုက်ချ
တယ်ဆိုတာမျိုး၊ ပူဆာမှာ စိုးတယ်"

"မွန်နဲ့ သဘောမတူဘူးလို့ ပြောမှာစိုးလို့
မဟုတ်ဘူးလား"

မွန်က နောက်ပြောင်စကားဆိုသည်။

"မဟုတ်ပါဘူး မွန်ရဲ့၊ မွန့်ကို ပတ်သက်မယ့်
သူက သဘောကသားဆို။ ညီမလေးရဲ့ အမျိုးသား
ဘက်က လူတွေကလည်း အဲဒါမျိုးတွေများတယ်
တစ်ခွန်း၊ နှစ်ခွန်း၊ တစ်ယောက်၊ နှစ်ယောက်
စကနေ သတင်းပေါက်ကြားသွားမှာလည်း စိုး
သေးတယ်"

"အပြောကောင်းတယ်"ဟု မွန် ပြုံးလျက်ပြော၏၊ အေးအေး
နှင့် သက်သက်ခင်ကို တစ်လှည့်၊ ကျော်ဇင်ထွဋ်နှင့် ဘိုဘိုအောင်
တစ်လှည့် ကျွန်တော် ငဲ့ကြည့်ပြီး

"အရေးကြီးတဲ့ ဘောလုံးပွဲစဉ်ရှိရင် အသင်း
အုပ်ချုပ်သူတွေက ဘောလုံးသမားတွေကို ကမ့်(ပ)
သွင်းထားသလိုမျိုး၊ မင်းတို့ လေးယောက်
လည်း ငါ ကမ့်(ပ) သွင်းထားလိုက်ချင်တယ်



စာမေးပွဲရှိနေလို့သာ အဲဒီ အစီအစဉ် ဖျက်လိုက်
တာ"

မွန်နှင့် သူ့သူငယ်ချင်းနှစ်ယောက် ပြုံးကြ၏။
ကျော်ဇင်ထွဋ်က…

"စာမေးပွဲကို ငဲ့မနေပါနဲ့ကွာ၊ မင်းကိစ္စ
အရေးကြီးနေတယ်။ မင်းပြောတဲ့ အစီအစဉ်
ကောင်းပါတယ်။

ငါတို့လေးယောက်ကို ကမ့်(ပ)သွင်းပစ်လိုက်
တော့။ တစ်ခုတော့ ရှိတယ်၊ လေးယောက်စလုံး
ကို တစ်ခန်းတည်း၊ အတူတူထားရမယ်နော်"

ပြောပြီး ရယ်လေ၏။ သက်သက်ခင်နှင့် အေးအေးမူက
ကျော်ဇင်ထွဋ်ကို ပေတံပါးပါးလေးဖြင့် လှမ်းရိုက်သည်၊ အတွေးများစွာ
ဖြင့် အင်အားသစ်စွာ ကျွန်တော် ပျော်နေ၏။

"စာမေးပွဲကို သေသေချာချာမှ ဖြေခဲ့ရဲ့လား မောင်"
ဟု မွန် စိုးရိမ်တကြီးမေး၏။

"ဖြေခဲ့ပါတယ်"ဟု ကျွန်တော်ပြောသည်။

မွန်က

"မောင့်ကြည့်ရတာ အောင်ချင်
ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ မွန်ရဲ့၊ အောင်ရင်ပြီးရော ပေါ့"

"မဟာတွေ ဘာတွေ ဆက်တက်ဖို့ အားသွန်ခွန်စိုက် မပြေခဲ့ဘူး မဟုတ်လား"

"ဩော် မွန်ရယ်။ မနက်ဖြန်ဆိုရင်ပဲ စာရွက်ပေါ်မှာ အိမ်ထောင်ကျတော့မယ်။ နောက်တစ်ပတ်တိတိပြည့်ရင် ပုဆိုးတန်းတင် အိမ်ထောင်ရှင်ဖြစ်တော့မယ်။

အိမ်ထောင်ကျပြီးမှတော့ စာမကျက်ချင်တော့ဘူး။ ချစ်သူမျက်နှာကိုပဲ စာကျက်သလို ထိုင်ကျက်နေချင်တော့တယ်။ မိသားစုအတွက် ရှေ့ကနေ ဦးဆောင်ပြီး မဟာ့ မဟာ၊ မဟာ အဆင့်ရောက်အောင် မောင်ကြိုးစားချင်တယ်မွန်။ ကျောင်းကပေးမယ့် မဟာဘွဲ့ကိုတော့ မမျှော်မှန်းချင်တော့ဘူး"

"မွန်ကတော့ မဟာဆက်တက်ခွင့်ရရင် ဆက်တက်ဦးမှာနော်"

"အဲဒီလောဘအတွက် မောင် ဝမ်းသာပါတယ် မွန်"

"မောင်"

"ပြောလေ မွန်၊ ဘာပြောမလို့လဲ"

"မညာတမ်း ပြောရရင် မနက်ဖြန်အတွက်





မွန် ကြောက်နေတယ်"

"ဘာဖြစ်လို့ ကြောက်စိတ်ဝင်ရတာလဲ မွန်ရယ်။ အားလုံး စနစ်တကျ စီစဉ်ထားတာပဲ။

နေ့ခင်း ဆယ့်တစ်နာရီတိတိ တရားရုံးအရောက် ချိန်းထားပြီးပြီပဲ။ ဘာလဲ--- မွန်အိမ်က ထွက်ဖို့ ခက်နေလို့လား"

"မခက်ပါဘူး၊ အေးအေးမူနဲ့ သက်သက်ခင်တို့က အလှူသွားစရာရှိတယ်ဆိုပြီး၊ အိမ်တို့ လာခေါ်မှာ"

"အင်းလေ အဲဒါ အဆင်ပြေသားပဲ။ မွန်က ဘာကို ကြောက်နေရတာလဲ"

မျက်တောင်ကော့များကိုစင်းစင်းလေးပိတ်မှိတ်လျက် ကျွန်တော့်ရင်ခွင်တွင် မျက်နှာအပ်သည်။ ပြီးနောက် မျက်တောင်ကော့များ မော်ပင့်လျက်

"ရှင်ပြုတဲ့အချိန်တို့ မင်္ဂလာရှိတဲ့ကိစ္စ ဆောင်ရွက်ချိန်တွေမှာ အနှောင့်အယှက်ဝင်တတ်တယ်တဲ့။ မမျှော်လင့်တဲ့ အနှောင့်အယှက်တစ်ခုခုဝင်ပြီး မောင်နဲ့ လက်မထပ်ဖြစ်မှာ မွန် ကြောက်နေတယ်"

ကျွန်တော် ပြုံးလျက်

"ကြားလေသွေ့လို့၊ ဝေးမှာစိုးတယ်ဆို ဟုတ်လားမွန်"



www.burmeseclassic.com

www.burmeseclassic.com



ကျိုစယ်စကားဆိုသည်။

"မနောက်နဲ့ မောင်၊ မွန် တကယ်ကြောက်နေတာ။ တကယ်စိုးရိမ်နေတာ။

မနေ့ညက မွန့်အမေက မွန်ကို ပြောတယ်။ သမီး ကျန်းကျန်းမာမာနေနော်တဲ့။ စာမေးပွဲပြီးတာနဲ့ မျက်နှာဖောင်းဖောင်းလေးဖြစ်အောင်နေ။ ဒါမှ မင်္ဂလာဆောင်တဲ့နေ့ လှလှပပဖြစ်မှာတဲ့"

"အဲဒီတော့ မွန်က ဘာပြန်ပြောလိုက်လဲ"

"စာကျက်နေတုန်း စိတ်ရှုပ်တဲ့ မျက်နှာနဲ့ မွန်က အမေတို့ အရမ်းမလောနဲ့နော်လို့ ပြောလိုက်တာ။ အမေရော အစ်မတွေရော ဝုန်းဆိုင်းကျဲတော့တာပဲ။

ငါတို့ကို မလောနဲ့လို့ ပြောရအောင် နင့်မှာ တခြားလောစရာ ဘာရှိနေလို့လဲတဲ့။ အစ်မက မေးတယ်။ အဲဒီလိုလည်း မေးရော မွန့်ရင်ထဲ ထိတ်သွားတာပဲ။

စာမေးပွဲထက် ဘယ်ဟာကိုမှ ခေါင်းထဲထည့်မထားချင်ဘူး။ စာမေးပွဲ ဖြေနေတဲ့ရက်ဆိုတာလည်း သတိထားပေးကြပါဦးလို့ ပြန်ပြောလိုက်တော့မှ ငြိမ်သွားကြတာ။

မွန့်ကိုများ သူတို့ နောက်ယောင်ခံပြီး လိုက်



ကြည့်နေမလား မပြောတတ်ဘူး။ နော် မောင်"

"တရားရုံးမှာ လက်မှတ်ထိုး အားလုံးကို မနက်စာကျွေးပြီးတာနဲ့ ခိုးပြေးဆိုရင် အပြေးအလွှားကြီး ဖြစ်နေမယ် မွန်ရဲ့။

အဲဒါကြောင့် ခိုးပြေးတာ ဘယ်အချိန်ခိုးပြေးပြေး ရတယ်။ အရေးကြီးတာက တရားဝင်လက်ထပ်ထားဖြစ်ဖို့ပဲ။

စာချုပ်စာတမ်းနဲ့ မောင်တို့နှစ်ယောက် တရားဝင်လက်ထပ်ထားဖြစ်ပြီးရင်၊ ဘယ်သူကမှ ခွဲလို့မရတော့ဘူးလို့ မောင် ယုံကြည်ထားတယ် မွန်။

မွန် သိပ်စိုးရိမ်နေရင် မနက်ဖြန်တရားရုံးမှာ လက်ထပ်ပြီး သန်ဘက်ခါ မွန့်ကို မောင်လာခိုးရမလား"

ခေါင်းငွေ့ခိုမှိုရာမှ ရယ်မောပုံလေး နွဲ့လွန်းသည်။

"ကဲ ယုံပါတယ်မောင်ရယ်။ မောင်စီစဉ်ထားတဲ့အတိုင်း တစ်ပတ်ကြာမှ မောင့်နောက်ကို လိုက်ပါ့မယ်။

မောင်က ဘာဖြစ်လို့ တစ်ပတ်ခြားရတာလဲဟင်"

"အဒေါ်နဲ့ အစ်မတွေကို ပြောမယ်။ ဦးလေးတွေကို အသိပေးမယ်။ သူတို့ဆီက ဘာအကူအညီမှ ယူဖို့မဟုတ်ဘူး။ အုပ်ထိန်းသူတွေအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဦးဆောင်ပေးဖို့ပေါ့။

ပြီးရင် မင်္ဂလာဆွမ်းကျွေးမယ်။ အဲဒီအတွက် လေးငါးခြောက်ရက် အချိန်ယူတဲ့ သဘောပါ။ လက်ထပ်ပြီးမှ ပြောရင် ပိုပြီးအနှောင့်အယှက် ကင်းမလားလို့ တွေးပြီး လူကြီးတွေကို နောက်မှ အသိပေးမှာ''

''အရာရာအဆင်ပြေပါရစေ မောင်ရယ်''ဟု ပြောပြီး မွန် ကျွန်တော့်ပခုံးပေါ် မှီသည်။ သူ့ကေသာ မြပိတုန်းထက်သို့ ကျွန်တော် ခေါင်းငွေ့ ခိုလှုံပစ်လိုက်၏။

[၂၈]

အိပ်ရာနိုးနိုးချင် ကျော်ဇင်ထွဋ်နှင့်ဘိုဘိုအောင်ဆီသို့ ဖုန်းဆက်ပြီး သေချာအောင် ထပ်မံမှာကြားဖို့ စဉ်းစားမိသေးသည်။ လမ်းထိပ်ရှိ ဖုန်းဆက်ရမည့်နေရာက ဝေးလွန်းသဖြင့် သေသေချာချာ ချိန်းထားကြ ပြီးသားပဲ။ နောက်မကျတန်ကောင်းပါဘူးလေ...ဟု ဖြေတွေးရ၏။

ကျော်ဇင်ထွဋ်နှင့် ဘိုဘိုအောင်တို့ကို တရားရုံးသို့ နံနက်ဆယ် နာရီခွဲအရောက် ကျွန်တော် ချိန်းဆိုထားခဲ့သည်။ မွန်နှင့် မွန့်သူငယ်ချင်း များဖြစ်ကြသော အေးအေးမူနှင့် သက်သက်ခင်တို့က ဆယ့်တစ်နာရီ တိတိမှာ တရားရုံးသို့ အရောက်လာကြလိမ့်မည်။

နံနက်ခင်း တစ်ချိန်လုံး အိမ်၏ ဘုရားစင်၊ ညည့်ခန်း၊ အိပ်ခန်း၊ မီးဖိုဆောင်တို့ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ရှင်းလင်းနေလိုက်သည်။ ညီမလေးနွေးနွေးထံ အကြောင်းကြားချင်စိတ် ဖြစ်သေး၏။ ကိစ္စဝိစ္စ ပြီးမှပဲ အသိပေးတာကောင်းပါတယ်ဟု ဆုံးဖြတ်၏။ အခ်ကိုဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုမည့်ကိစ္စကို နှမတစ်ယောက်အနေဖြင့် နှမြောဝမ်းနည်းကာ ငိုယိုဟန့်တားလေမည်ကို ကျွန်တော်စိုးရိမ်သေး၏။ အားလုံးပြီးတော့မှ အသိပေးကာ ကျေနပ်နားလည်အောင် ရှင်းပြ ချော့မော့လိုက်တော့မည်။

အိမ်ရှေ့ခန်းနံရံရှိ အဖေ့ဓာတ်ပုံ၊ အမေ့ဓာတ်ပုံ ကျွန်တော်နှင့် ညီမလေး၏ဓာတ်ပုံ၊ မိသားစုဓာတ်ပုံတွေကို ပိုမိုသန့်စင်လိုက်သေးသည်။ နှလုံးစိတ်ဝမ်း၏ အလိုဆန္ဒကို ပြုမူဆောင်ရွက်ဖို့ ပြင်ဆင်နေစဉ်အတွင်း ထိုနှလုံးစိတ်ဝမ်းအတွင်းမှပင် ညီမလေးနှင့်ကျွန်တော် ဘဝခရီးလမ်း၌ တစ်ကမ်းစီ တစ်ကွဲစီ ဖြစ်နေတော့မှာပါလားဟု တွေးမိခံစားရပြန်သည်။

လူ(သတ္တဝါ)တို့၏ ဘဝတို့သည် မည်မျှပင် ချစ်ခင်တွယ်တာစေ၊ သေမတူ ရှင်မတူတွေချည်းပါပဲလားဟု အင်အားမဲ့စွာ တွေးမောရလေ၏။

တိုက်ပုံအင်္ကျီအဖြူကို လက်တွင်တင်ပြီး လက်မှနာရီကို ကျွန်တော် ကြည့်သည်။ နံနက် ဆယ်နာရီတိတိ။

အိမ်တံခါးကို သော့ခပ်လိုက်သည်။

"ကျွီ"

အိမ်အဝင်တံခါးနားမှ ကားဘရိတ်အုပ်သံတစ်ခု ကြားသည်။ ကြားကြားချင်းငဲ့အကြည့် ကားပေါ်မှ ပြေးဆင်းလာသော ညီမလေးကို





တွေ့သည်။

"ကိုကို"

ကျွန်တော့် ရင်ခွင်ထဲတွင် ညီမလေးငို၏။ ရင်ထိတ်ရသည်။

"ကိုကို။ ကိုကို။ ...ကိုကို"

"ညီမလေး။ ဘာဖြစ်လာတာလဲ ညီမလေး"

အိမ်ထောင်ရေးပဋိပက္ခတစ်ခုခု ဖြစ်လာတာများလားဟု တွေးမိသည်။ ရှိုက်ကြီးတငင် ငိုကြွေးနေသော ညီမလေးကို

"ညီမလေး ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့ ဘာဖြစ်လာလို့လဲ၊ ကိုကို့ကို ပြောစမ်း"

ညီမလေးစီးလာသော ကားပေါ်တွင် သူ့အမျိုးသားကို မတွေ့ရ။ ကားမောင်းသူကိုသာ တွေ့ရ၏။

"ပြောလေ"

ကျွန်တော့်ကို မျက်ရည်များဖြင့် မော့ကြည့်ပြီး ညီမလေးက

"သားလေး ဆေးရုံပေါ်မှာ ကိုကို။ ကလေး ဆေးရုံမှာ သတိမရတော့ဘူး။ မျက်ဖြူလန်နေပြီ"

ရင်ထဲတွင် ထိတ်ခနဲ ဖြစ်ရ၏။

ကျွန်တော် စိုးရိမ်တကြီး မေးလိုက်သည်။

"ဘာဖြစ်တာလဲ၊ ဘယ်လိုဖြစ်လို့လဲ"

"ဖျားတာ သုံးရက်ရှိပြီ၊ ကိုယ်ပူမကျဘူး။ ဒီမနက် မျက်ဖြူလန်သွားလို့ ကလေးဆေးရုံကို တင်လိုက်ရတယ်"

"အိမ်မှာ ဘာမှ လုပ်မပေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးဆေးကုခန်း သွားတယ်။ သွေးလွန်တုတ်ကွေး ဖြစ်နိုင်တယ်လို့ ပြောတယ်။ ညတွင်းချင်း ဆေးရုံတင်နိုင်းတာ။ အိမ်မှာ သက်သာလိုသက်သာငြား စောင့်ကြည့်ရင်း၊ ဒီမနက်မှ ဆေးရုံကို ပို့လိုက်ရတယ်"

"ညီမလေး အမျိုးသားရော"

"ဆေးရုံမှာ။ သားလေးကိုမကြည့်ရက်လို့ ကိုကို့ဆီကို ပြေးလာတာ။ ညီမလေး ဘာလုပ်ရမှန်း မသိလို့ ကိုကို့ဆီကိုလာတာ။ သားလေးကို ကယ်ပါဦး ကိုကိုရယ်"

လက်မှနာရီကို မကြည့်မိအောင် ကျွန်တော်နေလိုက်တော့သည်။

"ကဲ လာ ဆေးရုံကို ကိုကိုလိုက်ခဲ့မယ်။ သိပ်မစိုးရိမ်ပါနဲ့ ညီမလေးရယ်။ ကောင်းသွားမှာပါ။ ဆေးရုံမှာ ကျွမ်းကျင်တဲ့ဆရာဝန်တွေ ရှိတာပဲ"

မစိုးရိမ်ပါနှင့်ဟု ပြောရသော်လည်း ကျွန်တော့်ကိုယ်တိုင်က စိုးရိမ်စိတ် မကင်း။

ညီမလေးကို ကားပေါ်သို့ တွဲတင်လိုက်သည်။ ကားဘီးအရှေ့တွင် မှန်မျက်နှာကို မြင်ယောင်၏။



နေ့ခင်းဆယ့်တစ်နာရီအထိ ကလေး၏အခြေအနေ မကောင်းသေး။ ငိုနေသော ညီမလေးကို အားပေးချော့သိပ်နေရစဉ် ကျွန်တော်ကိုယ်နှိုက်ကား ကျွန်တော့် တူလေးအတွက် စိတ်မကောင်းဖြစ်ရ၏။ ညီမလေး၏ အမျိုးသားသည်လည်း မျက်နှာမကောင်း။ ပစ်လိုက်ရတော့မည်ဟု ကျွန်တော်ထင်သည်။

ငိုကြွေးနေသည့် ညီမလေးကို ဖယ်ခွာပြီး ဆေးရုံ၏ တယ်လီဖုန်းမှ ကျော်ဇင်ထွန်းနှင့် ဘိုဘိုအောင်တို့အိမ်ကို အကျိုးအကြောင်း မှာကြားဖို့ စဉ်းစားသည်။ သို့သော် တူလေးထံမှလည်းကောင်း၊ ညီမလေးနံဘေးမှလည်းကောင်း၊ တစ်ဖဝါးမျှ မခွာဖြစ်။ မခွာရက်။

လက်မှ နာရီကို မသိမသာ ငုံ့ကြည့်လိုက်သောအခါ ချစ်သူနှင့် နှီးစပ်ပေါင်းဖော်ဖို့ သတ်မှတ်ထားခဲ့သည့်အချိန်နာရီများ လွန်စွာကျော်လွန်သွားလေပြီ။

ညနေ သုံးနာရီတွင် ကျွန်တော့်တူလေး ဆုံးပါးသည်။ လူ့လောကသို့ ခဏတာ အလည်လာသူပါလားဟု တွေးတောရင်းနှင့် ရှုမိ။

"သား။ သားလေး။
ကိုကို သားလေးကို ကယ်ပါဦး။ သားလေးရေ"

ယခုအချိန်အထိ မျက်ရည်ဝန်းကျင်နှင့် ကင်းစင်ခွင့်မရှိသေးပါလားဟု ကျွန်တော် ကိုယ့်ကိုကိုယ် သုံးသပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ငိုချင်ပါသည်။ ညီမလေး၏ ရင်သွေး ကျွန်တော်၏ တူလေးအတွက် ငိုကြွေးရမလား။ ချစ်သောမွန်နှင့် လွဲချော်နေပြီဟူသော စိတ်ကြောင့် ချစ်သူနှင့် ကွေကွင်းရမည့် သောကအတွက် ငိုကြွေးရမလား။ ကိုယ့်ကိုကိုယ် မမေးမြန်းတတ်တော့။

တစ်ရံတစ်ခါမျှပင် ချီမ ပွေ့ဖက်ခဲ့ဘူးခြင်းမရှိသော ကျွန်တော့် တူလေး၏ ရုပ်အလောင်းငယ်ကို ကျွန်တော် ကောက်ချီလိုက်မိသည်။ ရင်ခွင်တွင် ထွေးပွေ့လိုက်မိသည်။ ချစ်စဖွယ်မျက်နှာ၊ အပြစ်ကင်းသန့်သော မျက်နှာလေးကို ယခုမှသာ နီးကပ်စွာ ကျွန်တော်ကြည့်မြင်နေရသည်။ ရင်တွင် ဆို့လာ၏။ မျက်ရည်မဝေ့အောင်၊ နှုတ်ခမ်းကိုက်ထားရသည်။

ဦးလေးဖြစ်သူ၏ အထွေးအပွေ့ အယုအယကို တစ်ကြိမ်မျှပင် မခံယူဘူးသော ကျွန်တော့်တူလေး၏ ပါးပြင်ငယ်ကို ကျွန်တော် မျက်နှာ အပ်လိုက်၏။

“ကိုကို ကိုကို။ သားလေးကို အခုမှ ချီ သလား ကိုကိုရယ်။ သားလေး မသေခင်က ကိုကို ချီလိုက်ပါလား။ အခုမှ ဘာလို့ ချီရတာလဲ ကိုကိုရယ်။ သားရေ၊ သားလေး။ သားကို သားရဲ့ ဦးလေးက ချစ်ပါတယ်သားရယ်။ သူက သူ့ကို မချစ်ချင်ယောင် ဆောင်နေတာပါသားရယ်။ နော် သား”

သည်းခြေပျက်သူတစ်ဦးကဲ့သို့ ညီမလေး ငိုကြွေးသည်။ တူလေးကို တစ်ဖက်၊ ညီမဖြစ်သူကို တစ်ဖက်၊ ကျွန်တော် ထွေးပွေ့





ထားလိုက်ရသည်။ ကျွန်တော့်မျက်ဝန်းတွင် မျက်ရည်တို့ ဝေ့တက်လာ၏။ အဖေ့မျက်နှာကို မြင်ယောင်သည်။

ထို့ကြောင့်

မျက်ရည်တို့ကို စီးမကျအောင် ကျွန်တော် ထိန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## [၂၉]

အိမ်သို့ နေဝင်ခါနီးမှ ကျွန်တော်ရောက်သည်။ အိမ်ရှေ့တွင် ကျော်ဇင်ထွန်း၏ကား ရပ်ထားသည်ကို တွေ့၏။ အိမ်တံခါးဝတွင် ထိုင်စောင့်နေသော ကျော်ဇင်ထွန်းနှင့် ဘိုဘိုအောင်ကို တွေ့သည်။ ကျော်ဇင်ထွန်း၏ လက်ထဲတွင် ကျွန်တော် မှန်ကို ပေးထားသည့် ကြည်ပြာရောင် မွေးပွလက်ကိုင်ပဝါလေး။

"ရော့ လှိုင်မျိုး၊ မင်းကို မြတ်မွန်မွန် ပေးလိုက်တာ"

ကျော်ဇင်ထွန်း၏မျက်နှာထား တင်းမာနေ၏။ ဘိုဘိုအောင်ကမူ မျက်နှာထားတင်းမာခြင်း မရှိဘဲ ကျွန်တော့်မျက်နှာကို သေသေချာချာ ကြည့်နေသည်။

ကျော်ဇင်ထွန်းပေးသည့် လက်ကိုင်ပဝါလေးကို ယူလျက်

"မှန်ရော"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်သွားပြီပေါ့ကွာ၊ ဒီလက်ကိုင်ပဝါလေးပြီး မင်းကို မှာလိုက်တယ်။ သူ ဘယ်တော့မှ မင်္ဂ တော့ဘူးတဲ့။ အချစ်ကို မယုံကြည်ဘူးဆိုတဲ့ သူ့ စကားကို သူ ပြန်ပြီး အတည်ပြုလိုက်ပြီတဲ့"

ကျော်ဇင်ထွဋ် စကားများအဆုံးတွင် ကျွန်တော်ရပ်နေသည့် မြေနေရာ လျှပ်ခါချိုင့်ဝင်သွားသကဲ့သို့ ခံစားလိုက်ရ၏။ ခန္ဓာကိုယ် ယိမ်းယိုင်မသွားအောင်ပင် ထိန်းမတ်လိုက်ရသည်။

"မဟုတ်သေးဘူးကွာ၊ မဟုတ်ဘူး။ မှန် အဲဒီလို မပြောသင့်ဘူး။ မပြောစေချင်ဘူး"

ဘိုဘိုအောင်က-

"မင်း အခု ဘယ်က လာတာလဲ။ တိုက်ပုံ အင်္ကျီရော"

"ငါ့ညီမလေးရဲ့ ကားထဲမှာ တိုက်ပုံအင်္ကျီ ကျန်ခဲ့ပြီ"

"မင်းက ဘယ်သွားလို့လဲ၊ မင်းညီမနဲ့ မင်းက ဘယ်သွားလို့လဲ၊ မင်း တစ်ခုခု ဖြစ်လာသလား"

ကျွန်တော် ခေါင်းညိတ်လိုက်ပြီး

"ငါ့ တူလေး ဒီနေ့ ဆုံးသွားတယ်"

"ဗျာ"

ဘိုဘိုအောင်၏ အာမေဋိတ်။

ကျော်ဇင်ထွဋ်မျက်နှာ တအံ့တဩ။



ယနေ့ တစ်နေ့တာ၏ ကျွန်တော့်နေရာ၊ ကျွန်တော့်နှလုံးသား။ ကျွန်တော်ကံတရားတို့၏အဖြစ်အပျက်၊ အမှန်အကြပ်များကိုကျွန်တော် ပြောပြလိုက်သည်။

"အခု ငါ့ညီမလေး၊ ငါ့ အဒေါ်အိမ်မှာ ကျန်ခဲ့ တယ်။ ဒေါ်ဒေါ်နဲ့ အစ်မတွေကို အခုမှ လာ အကြောင်းကြားတာ။

မှန်နဲ့ ငါတို့ ဒီနေ့ကိစ္စကို ညီမလေးကို မသိပါ စေနဲ့တော့ကွာ။ သူ စိတ်မကောင်းဖြစ်သွားလိမ့် မယ်။

ရက်လည်ပြီးတဲ့အထိ ညီမလေးအိမ်မှာ ငါ သွားနေရမယ်။ အေးအေးမှူတို့က တစ်ဆင့် မှန်ကို မင်းတို့ အကြောင်းကြားပေးပါကွာ။ ရက်လည်ပြီး နောက်တစ်ရက်ဆိုရင် မှန် ငါ့ဆီကို လာမယ်ထင်ပါ တယ်"

"မဖြစ်နိုင်တော့ဘူး လှိုင်မျိုး" ဟု ကျော်ဇင်ထွဋ် စိတ်မကောင်း စွာ ပြောသည်။

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ မှန်ကို မင်းတို့ ရှင်းပြရုံနဲ့ မလုံလောက်ဘူးလား"

ကျော်ဇင်ထွဋ်က

"ရှင်းပြရင် သူ ယုံမှာပါ။ ဒါပေမဲ့ နောက် တစ်ပတ်ကြာရင် မင်းဆီကို သူ လာတော့မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူစိတ်ဆိုးသွားလို့ပေါ့။ ရှင်းပြရင် စိတ်ဆိုးပြေမှာပါ"

ကျော်ဇင်ထွဋ်က ဘိုဘိုအောင်ကို လှမ်းကြည့်သည်။ ဘိုဘိုအောင်က

"တရားရုံးမှာ ငါတို့အားလုံး တစ်နာရီအထိ စောင့်တယ်။ တစ်နာရီ မထိုးခင်၊ မင်းအိမ်ရှေ့ကို ငါတို့ လာသေးတယ်။ သော့ခတ်ထားတာပဲ တွေ့တယ်။ နောက် တရားရုံးကို ပြန်သွားတော့၊

မြတ်မွန်မွန်က အဲဒီလက်ကိုင်ပဝါ မင်းကို ပြန်ပေးခိုင်းလိုက်တော့တာပဲ။

တရားရုံးနားက ထမင်းဆိုင်မှာ ထမင်းစားကြဖို့ စီစဉ်တုန်း မြတ်မွန်မွန်က အဲဒီထမင်းဆိုင်ထဲက ဖုန်းနဲ့ အောင်ဝင်းမြင့်ဆိုတဲ့ လူဆီကို ဖုန်းဆက်တယ်"

"အောင်ဝင်းမြင့်ဆိုတာ မွန်နဲ့ လက်ထပ်မယ်ဆိုတဲ့ လူရဲ့ နာမည်ပဲ"ဟု ကျွန်တော်ပြောသည်။

"ဟုတ်လိမ့်မယ်။ အဲဒီလူကို ဖုန်းထဲကနေ ဘာပြောသလဲဆိုတော့ ဒီရက်အတွင်း ကျွန်မကို အမြန်ဆုံး လက်ထပ်ဖို့ စီစဉ်ပါတဲ့။ လှိုင်မျိုးဆိုတဲ့လူတစ်ယောက် ကျွန်မကို အနှောင့်အယှက်ပေးနေလို့တဲ့။

ဖုန်းဆက်ပြီး ငါတို့နဲ့ အေးအေးဆေးဆေး



ထမင်းစားတယ်။ ထမင်းစားရင်းနဲ့ မှုံပြုံလေးပြုံးပြီး ပြောတယ်။ အခု ထမင်းစားနေတဲ့အချိန်မှာ လှိုင်မျိုး ရောက်လာရင်တောင် ဒီတစ်သက် ဘယ်တော့မှ လက်မထပ်တော့ဘူးတဲ့"

ဘိုဘိုအောင့်စကားအဆုံးတွင် ကျော်ဇင်ထွဋ်က

"အရေးတကြီးကိစ္စ တစ်ခုခုဖြစ်နေရင်ရော လို့ ငါမေးသေးတယ်။

သူ့ထက် အရေးကြီးတဲ့ ကိစ္စရှိနေသေးတဲ့ လူကို သူ လက်မထပ်သင့်ဘူးပေါ့တဲ့။

မြတ်မွန်မွန် အပြုံးမပျက်ဘူးကွ။ ဒါပေမဲ့ ပြတ်ပြတ်သားသား ရက်စက်ဝံ့တဲ့ အပြုံးမျိုး"

"မင်းကွာ၊ အိမ်တံခါးဝမှာ စာလေးတစ်စောင်တော့ ရေးခဲ့ရောပေါ့"ဟု ဘိုဘိုအောင် ပြောသည်။

"ငါ့ညီမလေးရဲ့ အပူတပြင်းမျက်နှာကို ငါ အနီးကပ်ဆုံး မြင်လိုက်ရတာပါကွာ။ ငါ မပြေရှင်းတတ်တော့ဘူး။ ငါ ရှုံးချင်တယ်။ ငါ ရှုံးသွားရင် ကောင်းမယ်"

"မင်း ဒီအဝတ်အစားတွေကို ကြည့်ပြီး မင်းညီမလေး မင်းကို မမေးဘူးလား"

"စောစောက အဒေါ်အိမ်မှာ မေးတယ်။ အလှူသွားမလို့..လို့ ငါ ပြောလိုက်တယ်။ အခု ငါ အဝတ်အစား ပြန်လဲတာ။ တိုက်ပုံကိုတောင်

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရဲ့ ကားထဲမှာ ကျန်ရစ်ခဲ့ပြီ''

အိမ်တံခါးကို သော့ဖွင့်လိုက်ရင်း

''မွန့်အိမ်ကို ငါသွားချင်တယ်ကွာ။ မင်းတို့ လိုက်ခဲ့မလား''

''သွားလေ့သွားထမှ မရှိတာ၊ ဖြစ်ပါ့မလား။ သူက ထွက်မတွေ့ရင် ဘယ်လိုလုပ်မလဲ။ ထွက်တွေ့တော့မှာ မဟုတ်ဘူး ထင်တယ် လိုင်မျိုး''

ကျွန်တော် အိမ်သော့ကို ပြန်ပိတ်လိုက်ပြီး

''ကြာတယ်ကွာ၊ နောက်ဖြစ် နောက်ရှင်းပဲ။ မွန့်အိမ်ကို အခုသွားမယ်၊ ညီမလေးကို နောက်ပြီးမှ သွားခေါ်တော့မယ်။ ငါ့ကို လိုက်ပို့ပါကွာ''

ပြောပြီး အိမ်တံခါးကို ကျောခိုင်းလိုက်စဉ်

''ကျွီ''

အိမ်ရှေ့သို့ ညီမလေး၏ကား ရောက်လာ၏။ ညီမလေးက ကားပေါ်မှ ဆင်းပြီး ကျွန်တော့်တိုက်ပုံအင်္ကျီကို လှမ်းပေးသည်။ ငိုထားသော မျက်လုံးမို့မို့လေးများဖြင့် ကျွန်တော့်ကို ကြည့်ကာ

''ကိုကို အခုထိ အင်္ကျီမလဲရသေးဘူးလား''

''အင်း ဟုတ်တယ်။ ဒီကောင်တွေနဲ့ စကားကောင်းနေလို့''

ကျော်ဇင်ထွန်းတို့ကို လှည့်ကြည့်ပြီး ညီမလေးက မျက်ရည်ဝဲဝဲဖြင့်…

''သားလေး ဆုံးသွားပြီ ကိုကျော်ဇင်ထွန်း''





ငိုမဲ့မဲ့ဖြစ်လာပြန်သည်။

''အေး အစ်ကိုတို့လည်း အခုမှသိတာ။ ကံပေါ့ ညီမရယ်''

အိမ်တံခါးဖွင့်သည့်သော့ ဘိုဘိုအောင့်ကို ကျွန်တော် ပေးလိုက်သည်။ ဘိုဘိုအောင် သော့ဖွင့်၏။ ကျွန်တော်တို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် မသိမသာကြည့်ဖြစ်ကြသည်။ မွန့်အိမ်သို့သွားမည့် ကျွန်တော့်အစီအစဉ် ပျက်ပြွင်းသွားခဲ့ပေပြီ။ ညီမလေးကို ကျွန်တော် ဖေးတွဲလိုက်၏။ ကြည့်ပြာရောင် လက်ကိုင်ပဝါလေးဖြင့် ညီမလေး၏ မျက်ရည်စများကို ဖယ်သုတ်ပေးလိုက်ရပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

[၃၀]

တခြင်း ပြည့်စုံစွာရေးပြီး မှန်ထဲသို့ ကျွန်တော်ရှင်းပြတောင်းပန်သည်။ မှန်ထဲမှ မည်သို့မျှ မတုံ့ပြန်။ အောင်ဝင်းမြင့်ဆိုသူနှင့် လက်ထပ်ပြီး အမှန်တကယ်ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း မင်္ဂလာအခမ်းအနားကို ဤရက်ပိုင်းအတွင်း ကျင်းပမည်မှာ အမှန်တကယ်ဖြစ်ကြောင်း သူငယ်ချင်းများမှတစ်ဆင့် သတင်းစကား ကြားသိရလေသည်။ ကိုယ်တိုင်သွားရောက်ဖို့ကိုမူ သူငယ်ချင်းအားလုံး တားဆီးကြ၏။

ကျွန်တော့် တူလေး၏ ရှာပန မြေချသည့်နေ့က၊ ရှာပနသို့ မှန် ရောက်လာသည်။ ညီမလေးနှင့် ခင်မင်ရင်းစွဲရှိခဲ့သည်မို့ ညီမလေးနှင့် စကားပြော၏။ ညီမလေး၏အနားတွင် မှန်နှင့်ကို တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



*တူလေးတော် ရုပ်ကလေးကို ကြွင်းသည်။ ရင်ထဲမှာ ငိုကြွေးနေ*သော ညီမလေးကို ကျွန်တော် ဖြေဆည်ရန်စကား ဆိုရသည်။ ကျွန်တော့်မှာ ဝမ်းနည်းဖို့ရန် အချိန်မရ။ မွန်နှင့်လည်း စကားပြောချင်နေမိ၏။

သတိလစ်မတတ်ဖြစ်သွားသော ညီမလေးကို သူ့အမျိုးသားနှင့်အတူ သယ်မပြီး ကားပေါ်သို့ တင်ပေးလိုက်သည်။ အိမ်သို့ပြန်နှင့်ကြရန် ညီမလေး၏ အမျိုးသားကို မှာကြားလိုက်သည်။ သူငယ်ချင်းတွေအားလုံး ကျွန်တော့် ခပ်လှမ်းလှမ်းတွင် ရှိနေကြ၏။ ဈာပနလိုက်ပို့သူများသည် ကားရပ်ထားရာနေရာများဆီသို့ အုတ်ဂူများကို ကျော်ဖြတ်လျက် တဖွဲဖွဲသွားနေကြ၏။ မွန် စီးနင်းလိုက်ပါခဲ့သော ကိုယ်ပိုင်ကား ဖြူဖြူလေးသည်လည်း ကားရပ်နားရာနေရာတွင် ရှိနေချေ၏။ ထိုကိုယ်ပိုင်ကားဖြူဖြူလေး၏ ကားမောင်းသူ နေရာတွင် ထိုင်နေသူမှာ မည်သူမည်ဝါဆိုသည်ကို ဝေးလွန်းနေသေးသဖြင့် သဲသဲကွဲကွဲ မမြင်ရ။

သို့သော်

လွန်ခဲ့သော မိနစ်ပိုင်းက အေးအေးမူ ပြောပြထားသဖြင့် မည်သူမည်ဝါ ဆိုသည်ကို ကျွန်တော် သိထားရသည်။

"မြတ်မွန်ကို လိုက်ပို့တာ ကိုအောင်ဝင်းမြင့်
ဆိုတဲ့ လူပဲ"



လေညှင်းနှင့်ရာသို့ သူ့ကေသာတို့ ဝဲနေ ပျံ့နေ က,နေသလိုရှိ၏။ အနက်ရောင် အဝတ်အစားကို အထက်အောက် ဝတ်ဆင်ထားသဖြင့် ဝမ်းနည်းခြင်းကို သွယ်ဝိုက်စွာ ဖော်ကျူးထားလေသည်ဟု ခန့်မှန်းတွေးတောဖြစ်သည်။

ဈာပနနှင့် သက်ဆိုင်သည့် ဝမ်းနည်းခြင်းလား။ သို့မဟုတ် ချစ်သူ၏ ချစ်သော အချစ်တို့ကို မြှုပ်နှံခုတ်ပိုင်းလိုက်သည့်အတွက် ဖော်ကျူးထားသော ဝမ်းနည်းခြင်းလားဆိုသည်ကိုမူ ကျွန်တော် ကွဲကွဲပြားပြား မသိချင်တော့။ တူလေးအတွက် ဝမ်းနည်းပေးခြင်းကိုလည်း ကျွန်တော် သာဓုခေါ်ပါမည်။ ချစ်ခြင်းအတွက် ဝမ်းနည်းပေးခြင်းဆိုလျှင်လည်း ကျွန်တော် ကျေးဇူးတင်ပါသည်။

သူ့အနောက်နားမှ ကျွန်တော် လိုက်ပါသည်ကို သိပုံမရ။ ခေါ်သင့်မခေါ်သင့် ကျွန်တော် အတန်တန်စဉ်းစားသည်။ အချိန်ကြာမြင့်ရှည်ဝေးစွာ ပြောဆိုဖြေရှင်း တောင်းပန်စကားပြောဖို့ မသင့်လျော်မအပ်စပ်သည့်အခါကာလ အခြေအနေမျိုးမို့ ခေါ်သံမပြုဖို့ စဉ်းစားသေး၏။

သို့သော် နောင်တွင် ဤကဲ့သို့ နီးကပ်စွာကြုံဆုံခွင့်မျိုး မရရှိတော့မှာစိုး၏။ ရရှိခဲ့လျှင်တောင် မခေါ်မပြောသင့်တော့သည့် အခြေအနေမျိုး ဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် လေအဟပ်တွင် လွင့်က,နေသော သူ့ကေသာ မြပိတုန်းဆီမှ အကြည့်ကို သူ့ခြေရာ နဖဝါးသို့ ရွှေ့လျားပစ်လိုက်ပြီး

"မွန်"

ခေါ်သံကြားကြားချင်း သူ ခြေလှမ်းရပ်ပါသည်။ [illegible]အတွက်

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းများကို ကျေးဇူးတင်ရသည်။ ပြီးနောက် မျက်နက်ဝန်းလေး ဖြင့် လဲက်ခနဲ လှည့်ကြည့်၏။ သည့်အတွက် ထိုမျက်ဝန်းများကို ကျေးဇူးတင်ပါသည်။

"မောင့်ကို နားလည်ပေးပါ။ စိတ်လည်း အရမ်းမဆိုးပါနဲ့"

အသံမပြုဘဲ ခေါင်းညိတ်ပြသည်။

"ဖြစ်နိုင်မယ်ဆိုရင် မွန် စီစဉ်ထားသမျှတွေ ပြန်ပြင်ပေးပါလား ဟင်"

ခေါင်းကို ဆတ်ခနဲ ခါလိုက်၏။

"ကျွန်မ။ အကြောင်းအရင်းကို သိပြီးတဲ့ အတွက် ကိုလှိုင်မျိုးကို စိတ်မဆိုးပါဘူး။ ဒါပေမဲ့ လက်ထပ်ဖို့ စီစဉ်တယ်ဆိုတာ ဘယ်လိုအကြောင်း ကြောင့်ပဲဖြစ်ဖြစ်၊ မပျက်သင့်ဘူး။ လက်ထပ် မင်္ဂလာပွဲဆိုတာ ရှုံ့ချည်နှပ်ချည်လုပ်လို့ရတဲ့ မဟုတ်ဘူး။

အဲဒါကြောင့် ကိုအောင်ဝင်းမြင့်ဆိုတဲ့ လူနဲ့ ကျွန်မနဲ့ စီစဉ်ထားတဲ့ လက်ထပ်ပွဲကိုလည်း ကျွန် ထပ်ပြီး မပျက်ပါရစေနဲ့"

"မောင့်အခက်အခဲကို မွန် သိအောင် ပြောပြပြီးပြီပဲ မွန်ရယ်"

"နောက်ကျသွားပြီ။ အဲဒီနေ့က ဆယ့်တ နာရီကျော်ပြီဆိုတာနဲ့ ကျွန်မဘာဝ မင်္ဂလာ

တော့ဘူး။

အဲဒါကြောင့် နာရီပိုင်းအတွင်း၊ ရက်ပိုင်း အတွင်းမှာ ကျွန်မကိုယ် ကျွန်မ မင်္ဂလာရှိအောင် ပြန်လုပ်လိုက်ရတာပါ။

နာရေးကိစ္စကို မစာနာတတ်လို့မဟုတ်ပါဘူး။ လက်ထပ်မင်္ဂလာဆိုတာ မိန်းကလေးတစ်ယောက် အတွက် အကြီးမြတ်ဆုံး မင်္ဂလာပွဲပါ။ အဲဒီ မင်္ဂလာပွဲ၊ လူသူနည်းနည်းလေးရှေ့မှောက်မှာ ပျက်စီးသွားရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ နစ်နာမှုကိုလည်း ကိုလှိုင်မျိုး ကိုယ်ချင်းစာပေးပါ။

ညီမလေး နွေးနွေးရဲ့ သောကကိုလည်း ကိုယ်ချင်းစာပါတယ်။ ဒါပေမဲ့ လူကြီးမိဘမသိ၊ အသိုင်းအဝိုင်းမသိဘဲ နှစ်ဦးသဘောတူ လက်ထပ် မင်္ဂလာဆောင်ယင်ဖို့ ကြံရွယ်ခဲ့တဲ့ ကျွန်မလို ခပ်ညံ့ညံ့ မိန်းမတစ်ယောက်ရဲ့ အရှက်သိက္ခာနစ်နာမှုကို ဘယ်သူက ဘယ်လောက် ကိုယ်ချင်းစာပေးမှာတဲ့ လဲ"

"မောင်...မောင့်ကို ခွင့်လွှတ်ပါ မွန်ရယ်။ မောင် တောင်းပန်ပါတယ်။ ဖြစ်ပျက်ခဲ့သမျှ တွေက တမင်လုပ်တာမှ မဟုတ်တာ။ မွန် အခု စီစဉ်နေတဲ့ကိစ္စက မွန် တမင်လုပ်နေတာလေ။ မောင် တမင်လုပ်ခဲ့တာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မဲ့ခနဲ ပါးပါးလေးပြုံးတယ်။

"ပြောရမှာတော့ အားနာပါတယ်။ ဒါပေမဲ့ စဉ်းစားစရာ ပြောကြည့်မယ်။ ကျွန်မနဲ့ ကိုလှိုင်မျိုးတို့ရဲ့ လက်ထပ်ပွဲက တရားရုံးနဲ့ တရားရုံးဘေးက ထမင်းဆိုင်လေးထဲမှာ မဟုတ်ဘဲ။

နှစ်ဘက်မိဘ အသိုင်းအဝိုင်းနဲ့ ကျင်းပတဲ့ ထည်ထည်ဝါဝါအခမ်းအနားကြီးတစ်ခုဆိုရင်၊ အဲ့ဒီ ထည်ဝါခန့်ညားတဲ့ မင်္ဂလာအခမ်းအနားကြီးကို နွေးနွေးရဲ့သားလေး နာရေးကိစ္စက ပျက်စီးအောင် ဖန်တီးနိုင်ပါ့မလား။ နာရေးကိစ္စကို မခံစား မစာနာ လို့ မေးတာမဟုတ်ဘူးနော်။

မိဘအုပ်ထိန်းသူ အသိုင်းအဝိုင်း မသိဘဲနဲ့ တိတ်တဆိတ်ဆင်ယင်စီစဉ်တဲ့၊ ဘယ်လက်ထပ် မင်္ဂလာပွဲမဆို လေးလေးနက်နက် တန်ဖိုးမထား တတ်ကြပါလားလို့ ကျွန်မ အလွတ်ကျက်မှတ် လိုက်ပြီ ကိုလှိုင်မျိုး။

ညီမလေးနွေးနွေးရဲ့ သောကအတွက် ပူခဲ့ တယ်။ သူလေးအတွက် ပူခဲ့တယ်ဆိုတဲ့၊ ကိုလှိုင် မျိုးက ကိုလှိုင်မျိုးချစ်တယ်ဆိုတဲ့ မြတ်မွန်မွန် ဆိုတဲ့ မိန်းကလေး ရက်စိတ်တွေ မှုန်မွှန်သွားရမှာ ကိုတော့ ဘာကြောင့် ထည့်မပူခဲ့ရတာလဲ။ ဘာ ကြောင့် ပိုပြီး မပူပင်နိုင်ခဲ့တာတဲ့လဲ"



စကားပါးပါး စားပါးပါးဖြင့် ရင်နှစ်ခြမ်းကို ဖြန့်ခင်းခဲ့ ထိုးခွဲ လိုက်သည်မှာ ခံစားလိုက်ရ[illegible]

"အဲဒီမေးခွန်းကို မောင် မဖြေတတ်ဘူး မှန်း။ ရက်တရက်ခံစားရတဲ့ စိတ်အကြောင်းကို မောင် ရှင်းမပြတတ်ဘူး။ မောင့်ကို နားလည်မှု ဖြန့်ပေးပါ လို့ မောင် မပြောပါရစေ"

"မဖြစ်နိုင်တော့ဘူး။ မိဘကိုမှ အားလုံး စီစဉ်ပြီးသွားပြီ။ အချစ်ကိုတွင်မဟုတ်ဘူး။ ကျွန်မ ဘာ့ကိုမှ မယုံတော့ဘူး ကိုလှိုင်မျိုး။

ကိုတောင်ခင်မြင့်ရဲ့ကျွန်မ အမြိုက်ဆုံးလက်ထပ် ဖို့ စီစဉ်လိုက်တာမှာ ကျွန်မ ကိုယ့်ကိုကိုယ် မကျက်ချစ်မယ့်အောင် စေခိုင်းလိုက်တာပါ။ ဒါမှမဟုတ် ငါ တစ်ခါတည်းပဲ လက်ထပ်မင်္ဂလာပြုမှုတယ် လို့ ကိုယ့်ကိုကိုယ် ယုံကြည်အောင် လှည့်စားမိ လိုက်တာပဲ"

"အမြောင်းအလဲ မြန်လွန်းလှတယ် မှန်ရယ်"

"သိပ်မေးခွန်းကိုကြောက်လို့ တူမတော်ဖြဲ ကလေးကိုအောင် မဆိုမိုဘူးလို့ ပြောတော့ဘူးတဲ့ ခုဟာ အဲဒီကလေး စနမကောင်းတော့ ကြောင်းလိုက် မှာရဲ့ လက်ထပ်မယ့်မိန်းမသားကိုတော့ မှ မလျှော့မစိုးနိုင်လောက်တဲ့အထဲ ဖြစ်ရောက်ခဲ့တယ် မဟုတ်လား။

www.burmeseclassic.com



ကျွန်မစိတ်က အဲဒီလောက်အထိတော့ မပြောင်းလဲသေးဘူး ထင်ပါတယ်။ နော် ကိုလှိုင်မျိုး"

ပြောပြီး ကျောခိုင်းဖို့ ခြေလှမ်းပြင်၏။ ပြီးမှ ကျွန်တော့်ဘက်သို့ ပြန်လှည့်သည်။

"ရက်လည်တဲ့နေ့ကျ ကျွန်မ လာနိုင်မှာ မဟုတ်ဘူးလို့ နွေးနွေးကို ပြောပေးပါ"

"ဘာဖြစ်လို့လဲ မွန်"

"အဲဒီနေ့ နှစ်ဖက်လူကြီးစုံရာ ရှေ့မှောက်မှာ ကျွန်မနဲ့ ကိုအောင်ဝင်းမြင့် မင်္ဂလာလက်ထပ်ပွဲ ရှိတယ်"

ပြောပြီး ကျောခိုင်းသွား၏။

လေထဲသို့ လွင့်ပျံသွားသည့် ဇာပဝါပါးပါးလေး တစ်ထည်ပမာ သူ ကျွန်တော့်ရှေ့မှ လှမ်းထွက်သွားသည်။ ရင်ထဲမှာ ထုံမှိုင်းနေလေပြီ။ ရှာသွန်းခွင့်မရသော မိုးကောင်းကင်ကြီးကဲ့သို့ ညိုညစ်မည်းမှောင်နေခဲ့၏။

[၃၁]

"ဆောရှင်း"

ရင်ခွင်ချင်း သိကျွမ်းဖို့
ကြိုးစားခဲ့ ရပါသေးလို့
ငါ
က မပြချင်ဘူး။
အလွမ်းတွေ ပေကျံနေပါလျက်
မင်း..., မြင်သာ သနားဖို့
မျက်ရည်တွေ ပြလိုက်ရမှာ...
ကိုယ့်ကိုယ်ကို သနားတယ်။

တကယ်မချစ်ခဲ့ဘူး...လို့
ငြင်းဆန်မယ်ဆိုရင်တောင်
ငါ့ ပခုံးစွန်းပေါ်က
နှုတ်ခမ်းရာတွေ
မင်း ကိုယ်တိုင် ပြန်ယူသွားပါ

www.burmeseclassic.com

www.burmeseclassic.com



အလွမ်းကိုယ်စီနဲ့
ခရီးထွက်ခဲ့ကြသူတွေရေလေ... ။

အလွမ်းနှစ်ခုပေါင်းပြီး
တစ်ခုတည်းသော အလွမ်းဖြစ်သွားရင်ပဲ
ကဲဒါကို၊

အချစ်...လို့
ငါ..
ရဲရဲရင့်ရင့် ခေါ်တွင်ပါတယ်။

အခုတော့...၊
တစ်ကိုယ်တော် အလွမ်းတစ်ခြမ်းနဲ့
ခရီးထွက်ဖို့ ကျောခိုင်းသွား...

နောက်ထပ်
အလွမ်းတစ်ခုက
မင်းရဲ့အလွမ်းပေါ်ကို

ခုန်ကူးပလိုက်ကွာ
ငါ စိုးတယ်။ ။





မြတ်မွန်မွန်အား မည်သို့မျှ ကျွန်တော် မဝေဖန်လိုတော့။ သူမှန်ရဲ့လားဆိုသည့် မေးခွန်းကိုပင် ကျွန်တော် မည်သူ့ကိုမျှ မမေးဝံ့တော့။ ကိုယ့်ကိုယ်ကိုယ်တိုင်လည်း မမေးဝံ့ပေ။

နှစ်ကိုယ့်တစ်စိတ်ပမာ ဆိုထားခဲ့ကြပါလျက် အတ္တကိုယ်စီ ပူးပေါင်းထားခဲ့ကြပါလျက် တစ်ဦးဦး၏ အတ္တက ကျန်တစ်ဦးထက် ပို၍ကြီးမားသွားသည်ဟု ကျွန်တော် ယူဆမိသည်။

မင်းကြောင့်ဟု တစ်စုံတစ်ယောက်က ကျွန်တော့်ကို အပြစ်ဖို့ မည်ဆိုလျှင်လည်း ထိုအပြစ်တင်ခြင်းအပေါ် ကျွန်တော် ငြင်းဆန်လိမ့်မည်မဟုတ်ပါ။ သူ့ကြောင့်ဟုလည်း ကျွန်တော် မယိုးစွပ်ရက်ပါ။

မည်သို့ဆိုစေ

ကျွန်တော်တို့နှစ်ယောက် ဝေးသွားကြပြီ ဖြစ်သည်။ သေချာတာတစ်ခုကတော့ သူနှင့်ကျွန်တော် ချစ်သူတွေ မဟုတ်ကြတော့ခြင်း ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော် ခံယူထားသည့် "ချစ်သူ" ဟူသည်ကား သာခြင်း၊ နာခြင်း၊ ရှုံးခြင်း၊ နိုင်ခြင်း၊ မှန်ခြင်း၊ မှားခြင်းတို့နှင့် နှိုင်းယှဉ်ခြင်းကင်းသော အချစ်(စိတ်)သက်သက်၊ တူညီသူများကိုသာ "ချစ်သူ"ဟု ခေါ်မြည်လိုရင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ

မြတ်မွန်မွန်နှင့် ကျွန်တော် ချစ်သူတွေ မဟုတ်ကြတော့သည့်တိုင် ချစ်ခဲ့ကြသူများဟုတော့ ခေါ်နိုင်ပေမည်။ စိတ်အာရုံ ကွဲပြားသွားခြင်းကြောင့် အချစ်အာရုံ ပျက်ပြားသွားခြင်းဖြစ်သည်။

ချစ်ခဲ့သူများ (သို့မဟုတ်) ချစ်သူများသည် အကြောင်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဝေးကွာ ခွဲခွာခဲ့ကြရသည်ဆိုလျှင် နှစ်ယောက်စလုံးမှာပဲ ဖြစ်ဖြစ်၊ တစ်ဦးတစ်ယောက်တည်းမှာပဲ ဖြစ်ဖြစ်၊ ချစ်ခြင်း၏ လက်ကျန် ဒဏ်ရာတစ်ခုခုတော့ ရရှိထားလေ့ ရှိပေသည်။

မုန်းတီးစိတ်ဖြင့် ခွဲခွာခဲ့ကြရပါက နာကြည်းခြင်းဒဏ်ရာ ခံစားရမည်ဖြစ်သကဲ့သို့၊ ချစ်လျက်ဖြင့် ခွဲခွာခဲ့ရပါက သတိရခြင်း ဒဏ်ရာ လွမ်းဆွတ်ခြင်းဒဏ်ရာ စသည်ဖြင့် ကျန်ရစ်ခံစားရပေမည်။

ကျွန်တော့်မှာလည်း

ထိုဒဏ်ရာများထဲမှ လွမ်းဆွတ်သတိရခြင်း၊ နမြောတသ ဝမ်းနည်းခြင်း၊ ကြေကွဲရင်နင့်ခြင်းတို့ ရင်နင့်မဆန့်စွာ ဒဏ်ရာဗရပွဖြင့် ခံစားကျန်ရစ်ခဲ့ရသူ ဖြစ်သည်။

အချစ်ဒဏ်ရာသည် အိပ်ရှုမပျော်သည်သာမက နိုးနေလျှင်လည်း မပျော်အောင် ခံစားရသည့် ဒဏ်ရာဖြစ်ပေသည်။ အသက်၊ အသိ ဘာမျှမရှိချင်တော့လောက်အောင် ပြင်းထန်လွန်းလှ၏။ ထို နောင်ကြီးမှ လွတ်မြောက်ခွင့်တစ်ခု ရလိုသည်။

◆◆◆

## နောင်ကြီးမဲ့ ပျံသန်းခြင်း



www.burmeseclassic.com

www.burmeseclassic.com

## [၃၂]

အသည်းကွဲသူတို့၏သဘာဝ အရက်ဆိုသောအရာကို စိတ်ကူးဖြင့် (မိုက်မဲစွာ) မျက်စောင်းထိုးကြည့်မိသေးသည်။

**"မင်းက အရက်သမားရဲ့သား ဖြစ်နေရလို့**
**သိပ်စိတ်ညစ်နေတယ်ဆိုရင်၊ မင်းကို ငါ**
**တစ်ခုပြောမယ်။ မင်း အဖေဖြစ်တဲ့အချိန်မှာ**
**မင်းရဲ့သားသမီးတွေကို အရက်သမားရဲ့**
**သားသမီးတွေ မဖြစ်စေနဲ့။**
**အဲဒါ မင်းကို ငါ ပေးတဲ့ စကားလက်ဆောင်ပဲ"**

ကွယ်လွန်သွားခဲ့ပြီဖြစ်သော အဖေ့စကားသံကြီး ကျွန်တော့်နားထဲသို့ ဟိန်းဟောက်မြည်ဟည်းစွာ ထိုးဝင်လာသဖြင့် အရက်ဆိုသည်ကို ကျွန်တော် မျက်စောင်း မထိုးဝံ့တော့ချေ။

ရင်ထဲတွင် ဆို့နင့်နေသည့်အရာ (ဝေဒနာ)တိုင်းသည် ဖြေသည်

www.burmeseclassic.com

www.burmeseclassic.com



နိုင်စရာ၊ ဖြေဖျောက်စရာမရှိဘဲ မျိုသိပ်ထားပါက အသက်ကိုပင် ထိပါးနိုင်လေ၏။ အရက်သည် ပြေရာပြေကြောင်း၊ ပျောက်ကင်းရာ ပျောက်ကင်းကြောင်းအတွက် ဆေးတစ်လက်မဟုတ်သည့်တိုင် သက်သာရာ သက်သာကြောင်းအတွက်များ လူတွေ အသုံးပြုခဲ့ကြလေသလား။

"စိတ်ညစ်လို့ အရက်ကိုသောက်တယ်" ဟု လူတို့ အော်ဟစ်ခဲ့ကြသည်။ ကျွန်တော့်မှာမူ စိတ်ညစ်ရုံမျှမက စိတ်ထောင်း၍ ကိုယ်ကြေမတတ် ခံစားနေရပါလျက် အရက်သောက်ခွင့်မရှိ၊ ငိုချင်သော်မှ မျက်ရည်ကျခွင့်မရှိ။

ပက်လက်ကုလားထိုင်တွင် ထိုင်နေရင်း၊ အဖေ့ဓါတ်ပုံကို ငေးကြည့်နေမိ၏။ ရင်ထဲမှာရှိတာတွေ အဖေ့ကို ပြောပြချင်သည်။ ဒါမှမဟုတ် အမေ့ကို ပြောပြချင်သည်။

ချစ်သူကို စွန့်လွှတ်လိုက်သူ သားတစ်ယောက်၏စိတ်သောကကို ကလေးငယ်တစ်ယောက်ပမာ အဖေနှင့်အမေရှေ့မှာ တိုင်ပြောရင်ဖွင့်နိုင်ချင်သည်။

"အဖေ၊ အဖေ့သား အသည်းကွဲနေပြီ ရင်နင့်နေပြီ အဖေရဲ့။ ဘာနဲ့ဖြေဆည်ရမလဲ။ ဘယ်လိုဖြေဆည်ရမှာလဲ"

မျက်ရည်ဝဲချင်၏။



ဓါတ်ပုံထဲက စိုက်ကြည့်နေသော အဖေ့ကြောင့် မျက်ရည်ဝဲတို့ကို သုတ်ထုတ်ပစ်လိုက်၏။ ဖြေဆည်နိုင်ခြင်းမရှိ၊ မျက်ရည်ကျခွင့်မရှိကြသူတို့၏ ရင်မွန်းခြင်းထုထည်ကို အမည်မဖော်တတ်၊ ပြည့်ကြပ်လွန်းလှသည်။

လက်ထဲမှာ သတင်းစာ၏စာမျက်နှာကို တစ်ခေါက်ပြန်ဖတ်လိုက်သည်။ အောင်ဝင်းမြင့်နှင့် မြတ်မွန်မွန်တို့၏ ထည်ဝါသည့် ခမ်းနားသည့် ကြီးကျယ်သည့် မင်္ဂလာလက်ထပ်ပွဲသတင်း။

သတင်းစာကို စုတ်ဖြဲပစ်လိုက်ရုံဖြင့် ထိုလက်ထပ်ခြင်းမင်္ဂလာအခမ်းအနားကြီး တကယ်စုတ်ပြဲသွားမည်ဆိုလျှင် ယနေ့ထုတ်သတင်းစာတွေ ဝယ်ယူပြီး ကျွန်တော် မနှစ်မြို့သည့်စာမျက်နှာကို ဆုတ်ဖြဲပစ်လိုက်ချင်ပါသည်။

"ကိုကို"

ကားသံမကြားရ၊ တံခါးသံမကြားရ၊ ခြေသံမကြားရဘဲ ကျွန်တော့်အနားသို့ ညီမလေး ရောက်နေ၏။

"ညီမလေး ဘယ်တုန်းက ရောက်နေတာလဲ"

"ညီမလေး ရောက်နေတာကြာပြီ ကိုကို။ ကိုကို ဘာဖြစ်နေတာလဲဟင်"

"ဘာမှမဖြစ်ပါဘူး ညီမလေးရယ်"

"မညာပါနဲ့ကိုကိုရယ်၊ ညီမလေး အားလုံးသိပြီးပြီ၊ မမြတ်မွန်ရဲ့ မင်္ဂလာဧည့်ခံပွဲ ကြော်ငြာင်လွှာ ဒီနေ့သတင်းစာထဲမှာ ပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ဇင်ထွဋ်ကို ဖုန်းဆက်ပြီး မေးလိုက်တယ်။ ကိုကိုနဲ့ မပြတ်မှုမှတ်တို့အကြောင်း၊ ကိုကျော်ဇင်ထွဋ်က အကုန်ပြောပြတယ်။

ညီမလေး အရမ်းအံ့ဩသွားရတယ် ကိုကိုရယ်၊ ညီမလေးကြောင့်"

ညီမလေး၏ပါးစပ်ကို ကျွန်တော် လက်ညှိုးတစ်ချောင်းတည်းဖြင့် ပိတ်လိုက်၏။

"ညီမလေးကြောင့် မဟုတ်ပါဘူး။ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး။ ကံတရားကြောင့်၊ ကံကြမ္မာကြောင့်"

"ကိုကို"

"... ... ..."

"ညီမလေးတို့ မောင်နှမနှစ်ယောက် ကံဆိုးတယ်နော်။ တပြိုင်တည်းမှာ နှမက သားကို စွန့်လိုက်ရတယ်။ အစ်ကိုက ချစ်သူကို စွန့်လိုက်ရတယ်။ တွေးကြည့်ရင် ရင်နာစရာကြီး"

ရင်နာစရာဟု ပြောသော ညီမလေး၏စကားသံ တည့်ကြည်လွှမ်းလှ၏။

"သားလေးတစ်ယောက်ကို ညီမလေး ဘယ်လိုဖြေသည့်ခဲ့ရသလဲ၊ သိလား ကိုကို"

ကျွန်တော် ခေါင်းမညိတ် ခေါင်းမခါဘဲ ညီမလေးကို တအံ့တဩငေးကြည့်နေမိ၏။





"အမေနဲ့ အဖေတို့ထောင် ဂျီရှေ့မှာ သေသွားကြပြီပဲ၊ သားလေးလည်း အမေနဲ့အဖေတို့လို သေသွားတာပါပဲလို့ တွေးပစ်လိုက်မယ်။ သေတာဟာ သေတာပဲ၊ သေမှာဟာ သေမှာပဲလေ။ စောစောသေတာနဲ့ နောက်မှသေတာ၊ ဒါလေးပဲ ကွာတာလို့ တွေးပြီး စိတ်ကို ဖြေပစ်လိုက်မယ်"

ကျွန်တော့်ညီမလေးမှ ဟုတ်ပါလေစ။

အစကမေးလိုက်သည့် အခါ၊ အသိက မေးလိုက်သည့် ဖြေသည့်ရာကို သူ့ဘာသာ တွေ့သွားတာပါလားဟု ကျွန်တော် တွေးမိသည်။ ချစ်သူအတွက်ရင်နင့်နေရသော ကျွန်တော် ကိုယ့်ကိုကိုယ် ရှက်လာ၏။

"ကိုကို"

"ပြောပါ ညီမလေး"

"ညီမလေးကို ညီမလေးရဲ့အမျိုးသားနဲ့ အိမ်ထောင်ချပေးဖို့ စီစဉ်ကြတုန်းက ကိုကို သူ့ကိုမေးခဲ့တဲ့မေးခွန်းလေးတစ်ခုကို ကိုကို မှတ်မိလားဟင်"

ကျွန်တော် ခေါင်းညိတ်လျက်

"အင်း မှတ်မိတယ်"

"မှတ်မိရင် ပြောပြ"

ခေါင်းလေးစောင်းကာ တောင်းဆို၏။ ကျွန်တော် ပြုံးမိသည်။ ရှိုးတော့မောနိမ့်ပြီး

"အရက်သေစာကို ဘာကြောင့်သောက်လဲလို့ မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ"

"ဒုတိယမေးခွန်းကရော"

"အင်း။

ငါ့ညီမကို တစ်သက်လုံး ရာသက်ပန်၊ ရိုးမြေကျ၊ သစ္စာရှိရှိ ပေါင်းဖက်မှာလား။ ပြီးတော့ ကိုယ်ရော...စိတ်ရော...ချမ်းချမ်းသာသာ ထားမှာလား...လို့ မေးလိုက်တယ်"

ငယ်ရုပ်လေးပေါ်လွင်လာသည်အထိ ညီမလေး အားပါးတရ ပြုံးလေသည်။

ပြီးနောက်...

"အရက်သောက်တတ်သလား မေးတော့ လုံးဝမသောက်တတ်ဘူးလို့ ဖြေတယ်နော် ကိုကို"

ကျွန်တော် ခေါင်းညိတ်သည်။

"တစ်သက်လုံး ချမ်းချမ်းသာသာ ထားမှာလားလို့ မေးတော့ ဘယ်လိုဖြေလဲဟင်"

"စိတ်ချ၊ ချမ်းချမ်းသာသာထားမှာပါဆိုပြီး နေဖို့ထိုင်ဖို့ ကားတွေတိုက်တွေအကြောင်း ပြောတော့တာပေါ့"

ကျွန်တော် ရယ်မောလျက် ပြောရ၏။ ညီမလေးက

"ဒါဆို ညီမလေး တစ်ခုမေးမယ်။ ကိုကို ပွင့်ပွင့်လင်းလင်း ဖြေရမယ်နော်"

"ဖြေမှာပေါ့"



"အဲဒီတုန်းက ညီမလေးရဲ့အမျိုးသားက ဆင်းရဲနေရင် ကိုကို ညီမလေးကို သူနဲ့ ပေးစားပါ့မလား"

"ဘယ်ပေးစားဖို့မလဲ ညီမလေးရဲ့။ ညီမလေးရဲ့နောင်ရေးအတွက် လူကြီးတွေ စိစဉ်ကြတာပဲ။ သူ ချမ်းသာဖို့ လိုတာပေါ့"

ညီမလေးက ကျွန်တော့်ကို သေသေချာချာငေးကြည့်ပြီး

"မမြတ်မွန် လက်ထပ်လိုက်တဲ့လူက ချမ်းသာတယ်ဆို။ ဟုတ်လားကိုကို"

ထိုမေးခွန်းက ရင်ခွင်ကို ပါးလုပ်သော ထိရှစရာတစ်ခုခုဖြင့် အဖျားခတ်လိုက်သကဲ့သို့ ကျွန်တော် ခံစားလိုက်ရ၏။

"ဟုတ်လား...လို့။ ဖြေလေ...ကိုကို"

"ဟုတ်တယ်။ ချမ်းသာတယ်"

"ဒါဆို မမြတ်မွန်ရဲ့နောင်ရေး စိတ်အေးရမှာပေါ့နော် ကိုကို"

ကျွန်တော် ခေါင်းလှုပ်ရှုံသာ ညိတ်လိုက်၏။

ဘာကြောင့် မေးမြန်းနေသည်ကို ကျွန်တော် သေသေချာချာ မသိသေး။

"ကိုကို မမြတ်မွန်ကို ချစ်သူတစ်ယောက်လို့ သဘောမထားဘဲ ညီမလေးတစ်ယောက်လို့ သဘောထားကြည့်လိုက်ပါလားဟင်"

ထိုစကားကြောင့် ကျွန်တော့်ရင်ထဲ အေးခနဲ စိမ့်ခနဲ ဖြစ်သွား

www.burmeseclassic.com



ရသည်။ မျက်ရည်များပင် ဝဲလာရ၏။

ကျွန်တော့်ထက် ငယ်ရွယ်သော ကျွန်တော့်အတွေးကိုသာ တစ်သက်လုံး လိုက်နာ နားထောင်ခဲ့သော ညီမလေးက ကျွန်တော့် စိတ်ကို ဖြေဆည်စရာပေးလိုက်ခြင်းဟု ကျွန်တော် နားလည် လိုက်ရ၏။

(“ချစ်သူလို့ သဘောထားနေသမျှ ငါ့ချစ်သူ ငါ့ချစ်သူဆိုတဲ့ စိတ်က လိုချင်စိတ်၊ မနာလိုစိတ်၊ ဝမ်းနည်းစိတ်တွေ ဖြစ်နေတတ်တယ်။

ညီမလေးလို့ သဘောထားလိုက်တဲ့အခါကျတော့ ငါ့ညီမလေး၊ ငါ့နှမလေးဆိုတဲ့စိတ်က နူးညံ့သွားတယ်။ ငါ့ညီမလေးလက်ထပ်တဲ့သူက တော်တော်ချမ်းသာတာပဲ၊ ငါ့ညီမလေးလည်း ချမ်းသာသွားတာပါပဲလားလို့ တွေးမိ။

ချစ်သူကို ချစ်သူလို့ မတွေးဘဲ၊ ကိုကိုနှမ အရင်းလေးလို့ သဘောထားလိုက်ရင် ကိုကိုစိတ်ထဲမှာ အေးချမ်းသွားမယ်ထင်တယ်)

“ကျေးဇူးတင်လိုက်တာ ညီမလေးရယ်။ သိမ်မွေ့လိုက်တာ”ဟု ပြောပြီး ညီမလေးကို မေးတွဲလိုက်၏။ မျက်ရည်များဝဲလာသည်။ ညီမလေးနှင့် ယှဉ်တွဲလျက် အဖေ့ဓါတ်ပုံရှေ့တွင် ရပ်လိုက်သည်။ အဖေ့ကို မော့ကြည့်လိုက်၏။

“အဖေ ယောက်ျားဆိုတာ မျက်ရည်မကျရဘူးလို့ ဆုံးမခဲ့တဲ့ အဖေ့စကားကို သား



အကြိမ်ကြိမ်လိုက်နာခဲ့ပါတယ် အဖေ။

ဒါပေမဲ့ အဖေရယ်၊ သားကို ဒီတစ်ခါတော့ ငိုခွင့်ပေးပါ။

ညီမဖြစ်သူရဲ့ အဆိုအဆုံးမကို ခံယူလိုက်ရတဲ့ အစ်ကိုတစ်ယောက်ရဲ့ ပီတိစိတ်နဲ့ ကျလာတဲ့ မျက်ရည်တွေကို လွတ်လွတ်လပ်လပ် ကျခွင့်ပေးပါ အဖေ၊ ငိုခွင့်ပေးပါ”

ကလေးငယ်တစ်ယောက်ကဲ့သို့ ကျွန်တော် လွတ်လပ်စွာ ငိုကြွေးပစ်လိုက်၏။

“ကိုကို ဘာဖြစ်လို့ငိုတာလဲ”

“ကိုကို ဝမ်းသာလို့ပါ ညီမလေးရယ်။ ညီမလေးဆီက ရင့်ကျက်တဲ့စကား၊ အေးချမ်းတည်ကြည်တဲ့စကားကို ကြားလိုက်ရလို့ ဝမ်းသာပြီး ငိုတာပါ။

ညီမလေးဆီက ဖြေဆည်စရာစကားကို ကြားလိုက်ရလို့ ကိုကို ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်း သာတယ်။ သိမ်မွေ့လိုက်တာ ညီမလေးရယ်”

မငိုဘူးသော ကျွန်တော့်မျက်ဝန်းတွင် မျက်ရည်တွေ ပြည့်လျှံခဲ့ကုန်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင့်ငါးရာ ကိလေသာစိတ်၏ နောက်ကွယ်၌ အလိုလောဘ၊ အငိုသောကတို့ ရှိနေတတ်ပြီး ငါးရာ့နှစ်ဆယ့်ရှစ် မေတ္တာစိတ်အတွင်း၌ဝယ် အလိုလောဘ၊ အငိုသောကတို့ ကင်းစင်လျက်

ကြည်လင်အေးမြသော ရေကြည်ရေပေါက်တို့ ကိန်းဝပ်နေတတ်ကြောင်းကို ကြား သိ တွေးတောမိသည့်အခါ မြတ်မွန်မွန်သည် ကျွန်တော့်ညီမလေးတစ်ယောက် ဖြစ်သွား၏။

ထိုအခါ

ချစ်သူဟူသော သောက၊ နှောင်ကြိုးတို့မှ ကျွန်တော် အလိုအလျောက် လွတ်မြောက်သွားလေသည်။ ။

လေးစားခင်မင်လျက်

မောင်လှမျိုး(ချင်းချောင်းခြံ)
1st Feb 2002
7:40 (P.M)

www.burmeseclassic.com